
# စာကညစ်ခြစ်လေရာ

ဝတ္ထု ၁၂ ပုဒ်

ထင်လင်း၊ သော်တာဆွေ၊ မြသန်းတင့်၊ နတ်နွယ်၊ မင်းကျော်၊
ဆောင်းဝင်းလတ်၊ မာန်မြင့်၊ သဲအိမ်မောင်နေဝါ၊
ခင်မြဇင်၊ ကိုဆွေ၊ သိုက်ထွန်းသက်၊ မခင်လေး၊



စိတ်ကူးချိုချိုစာအုပ်

# တက္ကသိုလ် ခြစ်လေ့ရာ

## ဝတ္ထု ၁၂ ပုဒ်

ကြည်လင်အေး–စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၂၁

စာကညစ် ခြစ်လေရာ ဝတ္ထု ၁၂ ပုဒ်၊ သော်တာဆွေ နှင့်အခြား . . .
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၅၂ မျက်နှာ၊ ၁၂·၇ စင်တီ× ၁၇·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# စာကညစ် ခြစ်လေရာ
## ဝတ္ထု ၁၂ ပုဒ်

စာရေးဆရာများ ဖြစ်ကြသည့်အတိုင်း တချို့သည် တစ်ခါ တစ်ရံတွင် မိမိကျင်လည်ရာ စာပေနယ်၏ အတွေ့အကြုံကို ရသမြောက်စွာ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များအဖြစ် ဖန်တီးကြပါ သည်။

လက်ရာမြောက်ဝတ္ထုတိုဟူ၍ ဖြစ်ပေါ်လာသည့်အခါ စာပေနယ်ဇာတ်လမ်းများအဖြစ်မှ ကျော်လွန်ကာ လူ့မနော လူ့စရိုက်ကို ထင်ဟပ်ရာ နက်နဲသော တွေးဆစရာအဆင့်သို့ ရောက်ရှိသည်ကိုလည်း တွေ့ရတတ်ပါသည်။

သို့ဖြင့် စာပေရပ်ဝန်း နောက်ခံပြု မြန်မာဝတ္ထုတိုများ သည်လည်း တစုတဝေးကြီး ပေါ်ထွက်လာပါသည်။

မြန်မာစာရေးဆရာ၏ ယေဘုယျစရိုက်သဘာဝကိုလည်း ကောင်း၊ မြန်မာစာပေ အဝန်းအဝိုင်း၏ သဘောသဘာဝကို လည်းကောင်း စိတ်ဝင်စားကြမည်ဆိုလျှင် ယခုစုစည်းမှု ဝတ္ထု တိုများသည် သူတို့အကြောင်းပင် ဖြစ်သည်ဟု ဆိုရပါမည်။ ။

(၁) သော်တာဆွေ

(၁၈) နတ်နွယ်

(၃၀) ထင်လင်း

(၃၉) မြသန်းတင့်

(၅၁) ကိုဆွေ

(၅၆) မာန်မြင့်

(၆၈) သဲအိမ်မောင်နေဝါ

(၈၉) ခင်မြဇင်

(၁၀၄) သိုက်ထွန်းသက်

(၁၁၄) မင်းကျော်

(၁၂၅) မခင်လေး

(၁၄၀) ဆောင်းဝင်းလတ်

ဒီစိတ်နှင့် ဒီအရွယ်

တစ်ချိန်တုန်းက စာရေးဆရာ

တစ်ကျပ်ခွဲ

အမြတ်အစွန်း

စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင်

စာတည်းကလေး

... ... ... နှင့် ကျွန်တော်နှင့် ... ... ...

နှလုံးသားထဲက ဗိုင်းရပ်စ်များ

လက်ပြ ဝေးဝေး

အစည်းအဝေးရှိသည်

ပန်းပြတ်ခိုက်ကြုံ

စကားမပြောဖူးသေးတဲ့ဝတ္ထု

# ဒီစိတ်နှင့် ဒီအရှယ်

- သော်တာဆွေ -

ကျွန်တော်သည် ဇာတိဌာနေ မွေးရပ်မြေသို့ ပြန်ရန် ကွမ်းခြံဘူတာကြီးသို့ ရောက်ခဲ့သည်။ ရန်ကုန်–ပြည်သွား အမြန်ရထားသည် နာရီပြန် တစ်ချက်တိတိမှာ ထွက်မည်ဖြစ်သော်လည်း ကိုယ်ပိုင်ကား ဘယ်တော့မှ စီးနိုင်မည်လဲဟု စိတ်ကူးမျှ ထည့်နိုင်သူမဟုတ်၍ ကြိုကြိုတင်တင် ၁၁ နာရီခွဲက အိမ်မှထွက်ခဲ့ရာ ငါးပိသိပ် ငါးချဉ်သိပ် ပြည်သူ့ဘတ်စ်ကားကို စောင့်နေစဉ် သုံးဘီးကား အဆင်သင့်သဖြင့် နှစ်ကျပ်ခွဲလောက်တော့ အပိုကုန်ချင်ကုန်ပါစေတော့ဟု စွန့်ခြင်းကြီးတစ်ပါးဖြင့် ဘူတာကြီးသို့ ၁၂ နာရီတွင် ရောက်ခဲ့တော့၏။ သွားမည့်ရထားက တွဲမျှမထိုးသေးပေ။

ကျွန်တော်သည် တစ်ယောက်တည်းသယ်ယူရန် လွယ်ကူသော လက်ဆွဲအိတ်ကလေးနှစ်လုံးဖြင့် ဘူတာကြီး စင်္ကြံအတွင်း ခုံတစ်ခုမှာ သွားထိုင်နေသည်။ "အင်း... လိုက်ပို့မယ့်လူမရှိ၊ ငါ့တစ်ယောက်တည်းပါလားဟ" ယင်း၍ ရှေးယခင်ခေတ်ဟောင်းကို ပြန်ပြောင်းစဉ်းစားမိသည်။

ကိုသန်းဆွေတို့၊ ကိုမိုးဝေတို့၊ သွားလေသူကြီးတို့ ရှိလေသေးသူ ကိုမင်းရှင်ကြီးတို့ ဤသုံးယောက်ကား ကျွန်တော်နှင့် အရင်းနှီးဆုံးသော

သောက်ဖော်ကြီးများဖြစ်၏။ နေ့စဉ်လိုလို ကျွန်တော်တို့သည် အတူတကွ တွေ့ဆုံကြ၏။ ပင်ရင်းဌာနကား တာဝှာဘားဖြစ်၏။ တစ်ယောက် ယောက်က အစပြုကာ တယ်လီဖုန်းဖြင့် ချိန်းလိုက်၏။ ကျွန်တော်နှင့် သန်းဆွေ ရှိတတ်သည်က ရှမဝ၊ မိုးဝေက စုံထောက်မဂ္ဂဇင်းတိုက်၊ သို့မဟုတ် ဘလူးစကိုင်းဘား၊ မင်းရှင်က (အဲသည်တုန်းက) အသံလွှင့် ရုံ၊ (သောတရှင်မဂ္ဂဇင်းကိုင်တုန်း...)

ထိုခေတ်၌ ကျွန်တော်တို့သည် ကိုယ့်အိတ်ထဲ ပိုက်ဆံရှိတာ မရှိ တာကို မစဉ်းစား၊ သည်အဖော်တစ်သိုက် တွေ့ဆုံကြဖို့သာ အရေးကြီး ၏။ တွေ့လျှင် တစ်နည်းတစ်ဖုံ ဖြစ်ကြသည်သာ။

ကျွန်တော်တို့အထဲ၌ အထူးချွန်ဆုံးမှာ မိုးဝေဖြစ်၏။ သူသည် ဘာသာပြန်မှီးရေးသမား ဖြစ်လေရာ အင်္ဂလိပ်စာအုပ်ကို ကိုင်ကာ အရက် သောက်နေရင်းလည်း စာရေးနိုင်သူဖြစ်၏။ စက္ကူနှင့် စာအုပ်သာပါခဲ့၊ ပိုက်ဆံတစ်ပြားမှမပါဘဲနှင့် အရက်ဆိုင်ထဲဝင်ထိုင်၊ ရေးရင်းသောက်၊ တစ်ဖောင်စာလောက်ပြီးလျှင် သူ့တပည့်ကြီး အောင်ကျော်ကို မိုးဝေ ရေးနေသည့် ဝတ္ထုတိုက် သွားပို့ခိုင်း၊ အပြန်မှာ ပိုက်ဆံပါလာခဲ့၏။

ဒုတိယထူးခြားသူမှာ မင်းရှင်ဖြစ်၏။ သူက လခလည်းကောင်း သည်၊ သောတရှင်မဂ္ဂဇင်းလည်း ကိုင်ရသည်ဖြစ်၍ သူ့အိတ်ထဲမှာ ငွေ မပြတ်ရှိ၏။ သို့သော် သူသည် မမူးခင်မှာ ပိုက်ဆံရှိသမျှ ထုတ်မပြသေး ဘဲ "ကျွန်တော့်တော့ ဒါပဲရှိတယ်ဗျ" ဟုပြောပြီး ငါးကျပ်တန်၊ ၁၀ တန်လောက်သာ ပထမထုတ်၏။ "အေးလည်း... ဒါလည်း ဖြစ်ပါ တယ်" ဟု ကျွန်တော်တို့က ပြောပြီး စသောက်ကြ၏။ တစ်လုံးလောက် ကုန်ပြီဆိုတော့ ကျွန်တော်တို့မှာလည်း ပိုက်ဆံမရှိတော့ဘူးဟု ညည်းညူ ကြ၏။ ဒီတော့ မင်းရှင်သည် သူ့အိတ်ထဲက ပိုက်ဆံတွေ အထပ်လိုက် ထုတ်လာ၏။ သို့သော် နှုတ်က "ဟောဒီမှာတော့ ရှိတယ်ဗျာ၊ ဒါပေမဲ့

သောတရှင်မဂ္ဂဇင်းက ပိုက်ဆံတွေဗျ၊ ကျွန်တော် သုံးလို့မဖြစ်ဘူး"

ဒီတော့ ကျွန်တော်က "ဒါဖြင့် သန်းဆွေကို ချေးလိုက်ကွာ၊ သန်းဆွေက ရှုမဝကရတော့ ပြန်ဆပ်ပေါ့၊ ဒါမှမဟုတ်ရင် သောတရှင်ကို ဝတ္ထုတိုရေးပေးလိုက်ကွာ၊ ဟုတ်တယ်မဟုတ်လား"

သန်းဆွေက ပြုံးစိစိနှင့်ခေါင်းညိတ်တော့ မင်းရှင်က "တကယ်နော်...၊ ဒါပေမဲ့ များများတော့ မပေးနိုင်ဘူး၊ ၁၀ ပဲ" ဟုဆိုခြင်းဖြင့် ကျွန်တော်တို့ အသေးတစ်လုံး မှာကြပြန်၏။ ဒါလေးကုန်ပြန်တော့လည်း ကျွန်တော်တို့ မဝကြသေး၊ ဒီအခါမှာ ကျွန်တော်က ချေးပြန်၏။ ထို့နောက် မိုးဝေကချေး၏။ ယင်းသို့ဖြင့် ကျွန်တော်တို့ လေးငါးဆယ်ဖိုး သောက်ပစ်လိုက်ကြသည်။ ယင်း၌ ကျွန်တော်တို့က မင်းရှင်ပိုက်ဆံကို ညာသောက်ကြသည်ဟု ထင်ဖွယ်ရှိနေသည်။ မဟုတ်ပါ၊ ကျွန်တော်တို့၌ ပိုက်ဆံရှိသောအခါ၌ မင်းရှင်ကို အကြောင်းကြားလိုက်၏။ တာဝှာဘားမှနေရင်း ညနေ ၃ နာရီကျော်ကျော် သူ ရုံးဆင်းခါနီးလောက် သူရှိရာ အသံလွှင့်ရုံသို့ ဖုန်းဆက်လိုက်၏။

"ဟေ့ မင်းရှင်၊ တို့တော့ ဝိုင်းစနေပြီ၊ အေး... သန်းဆွေရော မိုးဝေရောပေါ့... လာခဲ့ကွာမြန်မြန်"

သို့နှင့် သူ နာရီဝက်အတွင်း ရောက်လာသည်။ ကျွန်တော်တို့ ထောင်ထားနှင့်သော အကြီးတစ်လုံး ကုန်သောအခါ...

"ကဲ... မင်းရှင်က နောက်တစ်လုံးမှာကွာ"

သူ့အကျီအိတ်တွေ ပုတ်ခါပြ၍...

"ဟာ... ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးဗျ၊ ခင်ဗျားတို့က ခေါ်လို့လာတာပဲ၊ တကယ်ပါ... ကျွန်တော့်ရှိရင် ဘယ်တုန်းက ငြင်းဖူးလို့လဲ..."

"ဟုတ်ပါတယ်၊ မောင်ရင့်တော့ ယုံပါတယ်၊ ကဲ... သန်းဆွေက မှာကွာ"

"ဟာ... ကျွန်တော့်မှာလည်း မရှိဘူးဗျ"

သည်တော့ ကျွန်တော်က သန်းဆွေအိတ်ထဲမှ နှိုက်ထုတ်လိုက်၍ "ကဲ... ဒါက ပိုက်ဆံမဟုတ်လို့ ဘာလဲ"

"ဟာ... ဒီငွေလေး ၁၀ က အရင် မင်းရှင်ဆီက ချေးထားတာ ပြန်ဆပ်မလို့ပါဗျာ၊ ရော့ ရော့...၊ ကိုမင်းရှင် ခင်ဗျာ့ပိုက်ဆံ"

တစ်ဖန် ကျွန်တော်က မိုးဝေသို့ "ဒါဖြင့် မိုးဝေကမှာကွာ"

"ဟာ... ဟာ ကျွန်တော့်မလဲ ဟောဒီမှာ မင်းရှင်ကိုဆပ်ဖို့ ငွေ ၁၀ ပဲပါတယ်ဗျ၊ ရော့ ရော့...၊ ကိုမင်းရှင် ခင်ဗျာ့ပိုက်ဆံ"

ယင်း၌ မင်းရှင်ကလည်း လူပါးပဲ၊ ရိပ်မိပြီ...။

"*အဲ... အဲ... ခင်ဗျားတို့လုပ်ပုံ ကျွန်တော် သိပါပြီဗျာ*"

"အယ်... ဟုတ်ပါတယ်၊ တို့မင်းရှင်က ပိုက်ဆံရှိရင် ဘယ်တော့မှ မငြင်းဘူးကွ"

ယင်းသို့လျှင် ကျွန်တော်တို့သည် နေ့စဉ်လိုလို တွေ့နေကျ၊ သောက်နေကျဖြစ်လေတော့ တစ်ယောက်ယောက်က ရက်အတန်ကြာ ခရီးသွားမည်ဆိုလျှင် ဘူတာသို့ လိုက်ပို့နေကျဖြစ်၏။ ပို့သည့်အကြောင်းရင်းမှာလည်း ထိုစဉ်အခါမှာ ဘူတာကြီးတွင် မီးရထားဟိုတယ်ရှိလေရကား ခရီးသွားသူသည် အိတ်ထဲ ပိုက်ဆံပါမြဲဖြစ်သည်နှင့်အညီ တစ်စားပွဲတော့ သောက်ပွဲ ကျင်းပခဲ့ရသောကြောင့်ဖြစ်၏။

ဩော်... ယခုတော့ သန်းဆွေနဲ့ မိုးဝေလည်း မရှိတော့ပြီ၊ မီးရထားဟိုတယ်ကြီးလည်း မဖွင့်တော့ပြီ၊ မင်းရှင်ကြီးနဲ့ ကျွန်တော်လည်း သောက်ခေါင်းကွဲသွားလေပြီ။ ရန်ကုန်မြို့က အရက်ဆိုင်တွေ ပြည်သူပိုင်သိမ်း၍ ပိတ်ပြီးနောက် ပိုက်ဆံအရင်ပေး... ခွက်ထိုးခွက်ခံ စနစ်နှင့် ပြန်ဖွင့်လိုက်ကတည်းက ကျွန်တော်တို့ သောက်ခေါင်းကွဲသွားကြခြင်းဖြစ်သည်။ သန်းဆွေကား ၁၉၆၄ ခုနှစ်တွင်သေ၍ ယင်းခေတ်ကို ကြုံမသွားရပေ။

မိုးဝေကြီးကား ၁၉၆၆ ခုနှစ်မှ ကြွသဖြင့် ချက်အရက်ပင် တန်းစီသွားခဲ့ဖူးသေးပေသည်။

ကျွန်တော်သည် ဤအကြောင်းတွေ ပြန်ပြောင်းတွေးရင်း ခပ်ညောင်းညောင်းရှိလာသည်နှင့် ထိုင်ရာမှထခဲ့၍ ယခင်ဟိုတယ်ခန်းမဆီသို့ လျှောက်ခဲ့သည်။ BAR ENTRANCE အရက်ခန်းဝင်ပေါက်ဟူသော ယင်းအင်္ဂလိပ်စာကတော့ တံခါးပေါက်နားမှာ ရှိနေပါသေး၏ဗျား။

"နန်းတော်ကြီး ဆောက်ရဲ့သားနဲ့ တစ်ယောက်ကမှလည်း မတွေ့ရတယ်၊ ရွှေနန်းရှင်ရယ်" ဆိုဘိသို့ "ဟိုတယ်ကြီးအထင်းသားနဲ့ တစ်ပုလင်းမှလည်း မတွေ့ရတယ်၊ သေစမ်းချင်တယ်" ဟု အော်လိုက်ချင်မိပါ၏။ ဟိုတုန်းကဆိုလျှင် ရထားထွက်ဥသြ မပေးမချင်း ကျွန်တော်တို့လူသိုက် ဒီစားသောက်ခန်းထဲမှာပေါ့၊ နောက်ရထားပေါ်အထိ လိုက်ကြ၍ ရထားထွက်မှ ခုန်ဆင်းကြ၏။ ပြီးတော့ လက်ကလေးတွေ ဝှေ့ကာယမ်းကာပေါ့...။

ယခုတော့ အမြန်ရထားတို့တွင် လိုက်ပို့သူမှာ ရထားနားမသီရ၊ သံဆန်ခါအပြင်ဘက်ကသာ နေရ၏။ အချို့ 'ခွဲရမှာ သဲမြည့်ာ' တို့မှာ အကျဉ်းသားနှင့် စကားပြောရသည်နှယ်၊ ရထားတွဲထိုးသည်မှာလည်း ထွက်ရန် နာရီဝက်အလိုမှသာ။

ဟော ၁၂ နာရီခွဲခန့်၌ မောင်မင်းကြီးသား တွဲထိုးခေါင်းက နောက်ပြန် တွန်း၍ဝင်လာပါပြီ။ သံဆန်ခါအပေါက်ဝမှ လူများ စုပြုံတိုးကြိတ်ဝင်ကြသည်။ အချို့ပစ္စည်းတို့ကို စစ်ဆေးကြည့်သေးသည်။ သည်ရထားမှာ ကြိုတင်လက်မှတ်နှင့် တွဲနံပါတ်၊ ခုံနံပါတ်ပါပြီးဖြစ်၍ ကျွန်တော်က လူပါးသွားမှ ခပ်အေးအေးပဲ ဝင်ပါသည်။

အင်း ကျွန်တော့်တွဲနံပါတ် (၄) ခုံနံပါတ် (၅၂) ဖြစ်နေရာ ကျွန်တော့်ရှေ့တည့်တည့် ခုံနံပါတ်(၅၃)က ယခုခေတ်အပေါ် ဆယ်ကျော်

သက်ရွယ်မှ နှစ်နှစ်၊ သုံးနှစ်မျှ ကျော်ဦးမည့် ကောင်မကလေးတစ်ယောက် တစ်ဦးတည်း ထိုင်နေသည်ဖြစ်ရာ သူ့မှာ အဖော်မပါဟု တွက်ရပေသည်။ မကြာမီ၌ ကျွန်တော်တို့ ခုံနံပါတ် လေးယောက် မျက်နှာချင်းဆိုင် ဖြစ်သော (၅၁)၊ (၅၄) တို့ အခြားသူများ ရောက်လာသည်။

စင်စစ် မီးရထားနှင့် ခရီးသွားလျှင် ကျွန်တော်သည် ပြတင်းပေါက်နှင့်ကပ်လျက် ရထားရှေ့ဘက်ကို မျက်နှာပြုကာ ကိုယ်ကို လေတိုးခံရသော ယခု ကောင်မလေးထိုင်နေသည့် နေရာမျိုးကို ကြိုက်သည်။ သို့သော် ရထားလက်မှတ်ယူရာမှ အစီအစဉ်နံပါတ်အတိုင်း ကျတတ်သည်။ ဒါပေမဲ့ ဒီလို ပြည်နှင့် ရန်ကုန်အကြားမှာ သာယာဝတီ၊ လက်ပံတန်း၊ ကြို့ပင်ကောက်၊ ပေါင်းတည် လေးဘူတာသာရပ်သော အမြန်ရထားတွင် လူအင်မတန်နည်းတတ်သည်။ တိုးလျှိုပေါက်တွဲတွေမှ တစ်နေရာရာ၌ ခုံလွတ်တွေ ရှိနေတတ်သဖြင့် ရထားထွက်၍ နောက်ထပ်လူမလာတော့ဘူး သေချာတော့ ကြိုက်ရာနေရာ သွားထိုင်မည်ဟု ကျွန်တော် စိတ်ကူးထား၏။

သို့ဖြင့် ရထားထွက်၍ ငါးမိနစ်မျှအကြာ ကျွန်တော် နေရာရှာတော့မည်ဟုဟန်ပြင်စဉ် အကြောင်းကတိုက်ဆိုင်ချင်လာတော့ ကောင်မလေးက...

"ဦးလေး... ကျေးဇူးပြုပြီး ကျွန်မနဲ့ နေရာချင်း လဲထိုင်ပါလားရှင်၊ ကျွန်မက ရင်ဘတ် လေတိုးတာ မခံနိုင်ဘူး"

သည်တော့ ကျွန်တော်က ရွှင်လန်းစွာ...

"ဟာ အဆင်သင့်ပဲဟေ့၊ ငါက နှင့်နေရာမျိုး သဘောကျနေတာ"

ကျွန်တော်တို့ နေရာချင်းပြောင်းထိုင်ကြပြီးနောက် တစ်ယောက်တစ်ယောက် ဘယ်သွားမလဲ မေးကြသည်။ သူက... ကြို့ပင်ကောက်တဲ့။

ထို့နောက် ကျွန်တော်တို့ စကားမဆက်ကြတော့ပေ။ သူက ပထမခုံအောက်မှ သူ့ပစ္စည်းထုပ်ကို ယခုခုံအောက်သို့ ရွှေ့သည်။ ပြီးလျှင်

ခုံပေါ်တက် မတ်တတ်ရပ်၍ စင်ပေါ်ရှိ ကင်းဘတ်စ်အိတ်ထဲမှ စာအုပ် အချို့ကို ယူသည်။ ယင်းသို့ သူ့ကိုယ်လက်လှုပ်ရှားနေပုံကို ကြည့်နေ ရာမှာ ကျွန်တော့်စိတ်ထဲ ကဗျာညဏ် ဝင်လာသည်။

ဆယ့်သုံးနှစ်အရွယ်၊ ပျိုပျံသင်စပေမို့
နွဲ့လုံးကျစ်သွယ်၊ ကိုယ်ဟန်သွယ်က ပြပြီပေါ့
နဂိုရ်သဏ္ဌာန်ယဉ်အလှမှာတဲ့ မှုန်နံ့သာခြယ်
အို… စံတင်ပြရရင်ဖြင့် ဥမ္မာနှယ်..။

ဟဲ… ဟဲ နောက်ဆုံးတစ်ကြောင်းကတော့ လွန်သွားပြီဗျို့၊ ဘယ့် နှယ်ဗျာ မဖြစ်စလောက် အရွယ်မရောက်တရောက် အဖူးအညှောက် ရှိသေးတာလေးကို အလှထွင့်ချာ မယှဉ်သာသည့် ဥမ္မာဒန္တီစံမမီနဲ့ သွား နှိုင်းလို့ မသင့်လျော်ဘူးပေါ့ခင်ဗျာ။ သို့သော်လည်း… ကဗျာဆိုတာ ကာရန်ခေါ်ရာပါတတ်တယ်မဟုတ်လား၊ ကဗျာစပ်ဖူးသူတိုင်း သိကြပါ တယ်။ သည်နောက် သည်ကောင်မလေး မဂ္ဂဇင်းစာအုပ် ဖတ်နေတာ ကြည့်ပြီးတော့ လှိုင်ထိပ်ခေါင်တင်ရဲ့တေးထပ် ကျွန်တော့်ခေါင်းထဲ ဝင်လာပြန်တော့တယ်။

အပျိုဖော် ရွယ်မစေ့ခင်က
ငယ်ဓလေ့ဂေါ်ရီ
ဘယ်အလေ့လောကီကို
ဓောမသီခင်က
စံပယ်ခက် နှစ်စုံပင်မှာ
မငုံခင်တုန်းက အစ

ပန်းဒွါရ ဆင့်စီငယ်
မပွင့်မီကာလ
ကျင့်ဝသီဇာဂနဲ့
ခါပထမ အရွယ်
ငယ်သွားကြွေမလဲခင်က
မေအမြဲချစ်ဖို့ကြံရွယ်
ကလေးစိတ် ဓာတ်မပြယ်
ခပ်ငယ်ငယ် စာမတတ်ခင်က
ကညာနတ်တောင်းဆုပွေလီ
ကောင်းမှုစေတီ
စိတ်မှန်းနဲ့ မေကျောက်ချီသည်
သွေဖောက်ပြီ နိုင်ဘူးဖျာ့လေး။ ။

စေ့စေ့တွေးတော့ ရေးရေးမကဘူး၊ ထင်းထင်းကြီး ပေါ်လာသနော်။ ဒီကဗျာအဓိပ္ပာယ်ကတော့ တစ်တစ်ရစ်ရစ်ကြီးပဲ။ ကဲ... မရွှေလှိုင်ထိပ်ခေါင်တင်ဟာက 'ငယ်သွားတွေ ကြွေမလဲခင်က၊ မေအမြဲချစ်ဖို့ကြံရွယ်' ဆိုတာက မလွန်ဘူးလားခင်ဗျာ။ သူလည်း ကာရန်ရတိုင်းဖိကြိတ်လိုက်တာနဲ့ တူရဲ့။ ငယ်သွားဆိုတာ ငါးနှစ်၊ ခြောက်နှစ်အရွယ်မှာလဲတာဗျာ။ ဒီအရွယ်မရောက်ခင်ကပဲဆိုတော့... သူ့ချစ်လင် ညုရာမှာပိုသွားထင်ပါရဲ့။ သို့သော် တစ်ခုတော့ရှိရဲ့။ သူ့ဘဝအတွက်ကြည့်တော့သူဟာ နန်းတွင်းသူခင်ဗျာ၊ အချစ်ရေယဉ်ကြောမှာသာ မျောပြီး 'ချစ်သမျှကို' စသည့် ပတ်ပျိုးတွေ ရေးနေတဲ့ မိခင် နန်းမတော် မမြလေး ခန်းဆောင်မှာကြီးရတော့ သူဟာ လူမှန်းသိအမှတ်ရကတည်းက သည်အချစ်စိတ်မှာပဲ တည်နေတယ်လို့ ယူသော်ရတန်ကောင်းရဲ့။

တွေဟာ သူ့ဘဝကို ပြသွားတာပဲ။

သည်နေရာမှာ ငယ်သွားတွေ ကြွေမလဲခင်ကပဲ သည်စိတ်မျိုး ပေါ်နိုင် မပေါ်နိုင်ဆိုတာကို အမျိုးသမီး စာရေးဆရာမများဖြစ်တဲ့ ခင်နှင်းယုတို့၊ ယုဝတီမာလာသိန်းတို့၊ ခင်ဆွေဦးတို့က အမျိုးသမီးဆိုင်ရာကို ရှင်းဖို့ကောင်းတယ်ဗျ။ ကျွန်တော်တို့ ယောကျ်ားဘက်ဆိုင်ရာဆိုရင်ဖြင့် ကျွန်တော်ဟာ ငယ်သွားတွေ လဲပြီးပါပြီ။ ၁၀ နှစ်သားလောက်ရှိမှ လင်မယားလုပ်တမ်း ကစားတတ်ပါတယ်ခင်ဗျာ။ သည်လိုကစားတော့ရင် ကျွန်တော်နဲ့ ရွယ်တူကောင်မလေးတွေပဲ။ ဒါပေမဲ့ တစ်ယောက်တစ်ယောက် ချစ်တဲ့စိတ်၊ နောက် ကြီးတော့ယူမယ်ဆိုတဲ့စိတ် လုံးဝမပါပါဘူး။ ဘာကြောင့်လဲဆို ခုကစားပြီး တော်ကြာ ရန်ဖြစ်ချင်ဖြစ်ကြတာကိုးဗျ။

စင်စစ်တော့လည်း လင်မယားလုပ်တမ်း ကစားတဲ့စိတ် လွန်မြောက်တော့မှလည်း အချစ်စိတ် ပေါ်တယ်လို့ ထင်ပါတယ်။

သည်လိုအရွယ်နဲ့ စိတ်အကြောင်းတွေးရင်းနဲ့ ကျွန်တော် အခုနဖော်ပြခဲ့တဲ့ မီးရထားပေါ်မှာ ကျွန်တော့်ရှေ့ခုံထိုင်နေတဲ့ ကောင်မလေးကိုကြည့်မိပြန်တယ်။

သူ့အရွယ်ဟာ အပျိုဖော်ဝင်သေးဟန်မတူဘူး။ အသက် ၁၂ နှစ်၊ ၁၃ နှစ်လောက်ပဲ ခန့်မှန်းရပါတယ်။ အဝတ်အဆင်ကတော့ ခေတ်ဆန်ဆန် ကြော့ကြော့မော့မော့လေးပါပဲ။ သူ့ခေါင်းက ဆံပင်မှာ ဖွတ်မြီးလေးနှစ်ချောင်းထိုးပြီး နောက်တွဲချထားပါတယ်။ ခုခေတ်မိန်းကလေးတွေဟာ ဒီအရွယ်မှာ သည်လိုဆံပင်ရှည်ထားရင်ထား၊ မဟုတ်ရင် ဆံတိုလည်ရစ်ကလေးတွေပဲ များကြတယ်။

ဟိုယခင် ကျွန်တော်တို့ငယ်စဉ်ခေတ်ကဆိုရင် ဒီအရွယ်ဟာ ဆံရစ်ကလေး ရှိသေးတာပဲဗျ။ ဆံတောက်ချတောင် နားရွက်နောက်က

မကောက်ရသေးဘူး။ နားရွက်တစ်ဝက်လောက် ရှေ့နဖူးပြင်က ဆံယဉ်စထက် လက်နှစ်သစ်လောက်ပဲ။ ဒါဟာ အပျိုမဖြစ်သေးဘူးဆိုတဲ့ သင်္ကေတ။ အဲ... ဆံတောက်ကြီး ဖားဖားချရင်ဖြင့် အပျိုဖြစ်ပြီ။ အုပ်လုံးသွင်းပြီဆိုရင် "ကျွန်မ လင်ယူနိုင်ပါပြီ" လို့ ကြေညာတာပါပဲခင်ဗျာ။

သဟာနှင့် ကျွန်တော်က ကိုယ့်ရှေ့ခုံထိုင်နေတဲ့ ကောင်မလေးကို သူ့အရွယ်နဲ့လိုက်အောင် ရှေးယခင်ခေတ်က ဆံရစ်ဝိုင်းလေးနဲ့ ဆံတောက်ကလေး လက်နှစ်သစ်လောက် ချကြည့်လိုက်တယ်ဗျို့။ လား... လား... ကျွန်တော့်မျက်စိထဲမှာ ကျွန်တော် ၁၂ နှစ် သားအရွယ်က စိတ်ကူးယဉ်ခဲ့ဖူးတဲ့ 'ညွှန့်ညွှန့်' ဆိုတဲ့ကောင်မလေး ပေါ်လာတယ်ဗျ။

*

"ကျင်မောင်"

"ဘုရား..."

"ဝက်သားဟင်းနဲ့ ထမင်းစားရအောင် လိုက်မလား"

"တင်ပါ"

"သွား အဝတ်လဲချေ"

ကျွန်တော် ဦးသုံးကြိမ်ချပြီး အိမ်သို့ သုတ်ခြေတင်တော့သည်။

'ကျင်မောင်' မှာ ကျွန်တော်၏ ငယ်နာမည်ဖြစ်သည်။ 'ကျင်ဆွေ' မှာ ကျွန်တော် ရန်ကုန်ရောက်မှ 'တင်ဆွေ' မည်သော သူငယ်ချင်းတစ်ယောက်၏ နာမည်နှင့် နဘေထပ်ပြောင်းယူခြင်းဖြစ်သည်။ ဒါနဲ့ နောက်ကလောင်နာမည် 'သော်တာဆွေ' ဖြစ်လာသည်။

ကျွန်တော်ငယ်စဉ်က ရွာက ဘုန်းကြီးကျောင်းတွင် နေရပါသည်။ ဘုန်းကြီးကျောင်းဆိုသော်လည်း ကျွန်တော်တို့ခေတ်မှာ ဘုန်းကြီးစာမသင်ရတော့ပါ။ ခုနစ်တန်းအထိသင်၍ လောကဓာတ်ကျောင်းဟု ခေါ်

နေပါပြီ။ ဘုန်းကြီးကြီးက ကျောင်းအုပ်ကြီး ဖြစ်ပါသည်။ သူ့လက်အောက်က ကျောင်းဆရာသုံးယောက် ရှိပါသည်။ ဘုန်းကြီးကြီးကတော့ ဘာမျှမသင့်တော့ပါ။

ယင်း ခုနစ်တန်းကျောင်းကို ကျောင်းဆရာသုံးယောက်တည်းနှင့် နိုင်ပါသည်။ ထိုခေတ်က ကျောင်းနေသူ အလွန်နည်းပါသည်။ သူငယ်တန်းနှင့် ပထမတန်းလောက်တွင်သာ ဆယ့်လေးငါးယောက်မျှရှိ၍ ဒုတိယတန်းလောက်ကစပြီး နည်းလာသည်။ လေးတန်း၊ ငါးတန်းမှာ လေးငါးယောက်မျှရှိတော့သည်။ ဒါတောင် ကျွန်တော်တို့ရွာသားချည်း မဟုတ်ပါ။ နံဘေးပတ်လည်ဝန်းကျင်ရွာများက လာနေ၍ ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့ရွာမှ ကျွန်တော်နှင့်အတူ ခုနစ်တန်းအထိ ပညာလိုက်သင်နိုင်သူမှာ တစ်ယောက်တည်းရှိပါသည်။ သို့သော် သူ့ခမျာ ခုနစ်တန်းအောင်၍ ကျွန်တော် မြို့ကျောင်းကူးသောအခါ သူမလိုက်နိုင်တော့ပါ။

အကြောင်းမှာ ထိုခေတ်က ကျွန်တော်တို့ ရွာသူရွာသားများသည် အလွန်ဆင်းရဲကြ၏။ အိမ်ခြေ ၃၀၀ လောက်ရှိသော ရွာကြီး၌ အိမ် ၅၀ လျှင် တစ်အိမ်လောက်သာ လယ်ပိုင်ရှင်ရှိတော့၏။ သို့သော် များများစားစား ပိုင်ရှင်များမဟုတ်ကြ။ ချစ်တီးဒဏ်ခံပြီးဖြစ်ကြ၍ တစ်ရှဉ်းလုပ် နှစ်ရှဉ်းလုပ် ပိုင်ရှင်မျှဖြစ်တော့၏။ ကျန်လူများကား အားလုံးလယ်ကူလီများတည်း။ ယခု တော်လှန်ရေးအစိုးရခေတ်လို စိုက်ခပျိုးခ လက်ငင်းမရကြဘဲ စပါးပေါ်ပေးမျှဖြစ်၍ စပါးပေး တင်းတိုးတို့အောင်တွင် 'ဆင်းရဲလှတစ်သက် လူမသေ ကြွေးချည်းပဲ' ဆောင်ပုဒ်နှင့် နေရသူများဖြစ်၏။

ယင်း၌ ကျွန်တော်က အနူတော လူချောတည်း။ လယ်ဧကလေးအနည်းငယ်မျှရှိသော လယ်ပိုင်ရှင်၏ သား ရုပ်ရည်လေးလည်း သနားကမားရှိ၍ ဘုန်းကြီးကြီး၏ အချစ်တော်ဟု ယူသော်ရ၏။ ဘုန်းကြီးကြီး

က ဘယ်သွားသွား ကျွန်တော့်ကို ခေါ်လေ့ရှိ၏။

'ကျင်မောင်'၊ 'ဘုရား'၊ 'ဝက်သားဟင်းနဲ့ ထမင်းစားလိုက်မလား' ဆိုကတည်းက ဘုန်းကြီးကြီး ဘယ်သွားတော့မည်ကို ကျွန်တော် သိပြီ ဖြစ်ပါသည်။ ပေါင်းတည်မြို့နှင့် ကျွန်တော်တို့ရွာသည် သုံးမိုင်ဝေးပါ သည်။ ဤအကြား တစ်မိုင်ခွဲမျှတွင် 'လက်ပံပင်စု' ခေါ်သောအရပ်ရှိ၏။ ယင်းလက်ပံပင်စုက ကျွန်တော့်မိဘများလိုပဲ လယ်ပိုင်ရှင်များဖြစ်ကြသော ဦးဘိုးဆင့်၊ ဒေါ်မယ်မြင့်ကို အိမ်သို့ ဘုန်းကြီးကြီးသည် တစ်လလျှင် တစ်ခေါက်နှစ်ခေါက်လောက် သွားလည်လေ့ရှိပါသည်။ ဤအိမ်က လည်း ပြောလည်း ပြောလောက်ပါပေရဲ့။ ကျွန်တော်နှင့် ဘုန်းကြီးကြီး သွားတိုင်းသွားတိုင်းပဲ ဝက်သားဟင်းနှင့် ဝက်ရိုးဟင်းချိုနှင့် ဆွမ်းကပ် လေ့ရှိပါ၏။

ထိုခေတ်က ကျွန်တော်တို့ မြန်မာပြည်တွင် ဝက်သားဟင်းသည် ဟင်းတကာ ဟင်းထဲတွင် နာမည်အရဆုံးဖြစ်ပါ၏။ ဝက်သားဟင်းနှင့် ထမင်းကျွေးသောအလှူသည် ထိပ်တန်းထဲကဖြစ်၏။ ထို့ကြောင့် 'ဝက်သားတုံးကြီး ဒူးခေါင်းလောက် သူများစားတာ မြင်ဖူးပါရဲ့' ဟူသော ဘာကာရန်မှ မမိသည့် သံချပ်ပင် ခေတ်စားခဲ့ပေသည်။ ယခုခေတ်မှာ တော့ 'ဆီရှားဝက်သားဖိုကြိုတ်' ဟု ဝက်သားနာမ်နိမ့်ရပါ၏။ ဩော်... သင်္ခါရတွေကိုးခင်ဗျာ့။ ထို့ကြောင့် ဝက်သားဟင်းနှင့် ထမင်းကြိတ်ရမယ် ဆို နိပ်ပလေပေါ့။ ဝက်ဆီလေးများ ဆမ်းစားရ အဟမ်း.... အဟမ်း...။

ဘုန်းကြီးကြီးနှင့် ကျွန်တော်သည် ဤအိမ်သို့ နံနက် ၉ နာရီခန့် တွင် သွားလေ့ရှိပါ၏။ ကျွန်တော်က နောက်မှ ဘုန်းကြီးကြီး၏ သားရေ လွယ်အိတ်ကိုလွယ်၍ ထီးကြီးထမ်းလိုက်ရ၏။ ဘုန်းကြီးကြီးသည် သင်္ကန်းကိုရုံ၍ မိမိရှေ့လေးတောင်မျှထက် မပိုသော စက္ခုဣန္ဒြေဖြင့် ကြွတော်မူ၏။ တောဘုန်းကြီးသည် အလွန်တန်ခိုးကြီး၏။ တောသား

တို့သည် ဘုန်းကြီးကို အလွန်ရိုသေကြ၏။ လမ်းမှာတွေ့ကြလျှင် ဘုန်းကြီးကြီးကို အရိပ်လွတ်အောင်ရှောင်ပြီး ပုဆစ်တုပ်ထိုင်၍ ဝတ်ချကြ၏။ ဘုန်းကြီးလွန်သွားမှ ထိုင်ရာက ထကြရ၏။ ဘုန်းကြီးကြီးသည် မည်သူမည်ဝါလဲဟုတော့ မျက်စိစောင်း၍ ကြည့်တတ်၏။ သို့သော် ဘာတစ်ခွန်းမျှ မပြောချေ။ ကျွန်တော်တို့ ဘုန်းကြီးကြီးသည် လမ်း၌ရပ်ပြီး လူတို့နှင့် စကားပြောလေ့မရှိပေ။

သို့ဖြင့် ကျွန်တော်တို့သည် ကိုးနာရီခွဲသာသာလောက်မှာ ဦးဘိုးဆင့်တို့အိမ်သို့ ရောက်ကြ၏။

ဟာ... တစ်အိမ်သားလုံး ပျာယာခေတ်ကရော။ ဦးဘိုးဆင့်ကိုယ်တိုင်က ဗီရိုထဲက ပုဆိုးခေါက်ကိုထုတ်၍ ဘုန်းကြီးကြီး ခြေတော်သုတ်ပေး၏။ ဒေါ်မယ်မြင့်က သင်ဖြူးခင်း၊ ကော်ဇောခင်း၊ ခေါင်းအုံးချ၊ ကွမ်းအစ်၊ ထွေးခံပြင်၏။ သူတို့၏သမီးလေး ညွန့်ညွန့်က မိခင်ကို ကူညီပေး၏။ တစ်ဦးတည်းသော သမီးလေး၊ ရုပ်ကလေးက ချောပါဘိ...။

အဲသည်တုန်းက ဒီကောင်မကလေးဟာ ကျွန်တော်နဲ့ ရွယ်တူလောက်ပါပဲ။ အဲသည်ခေတ်အလျောက်၊ အဲသည်အရွယ်မှာ ဆံရစ်ဆံတောက်ဝိုင်းလေးနဲ့။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အခု ရထားပေါ်မှာတွေ့နေတဲ့ ကောင်မလေးနဲ့ တူပါဘိ။ နောက်မကြာမီ အပျိုချောဖြစ်တော့မည်ဆိုတဲ့ ပုံသဏ္ဌာန်၊ သို့မဟုတ် အခုလို...။

"ဆယ့်သုံးနှစ်အရွယ် ပျိုပျံ့သင်စပေမို့၊ နွဲ့လုံးကျစ်သွယ် ကိုယ်ဟန်သွယ်က ပြပြီပေါ့။ နဂိုရ်သဏ္ဌာန်ယဉ်အလှမှာတဲ့ မှုန်နံ့သာခြယ်" ဆိုတဲ့ ကာရန်မျိုးတော့ ကိုယ်တိုင် မဖတ်တတ်သေးဘူး။ သို့သော်...

"ဆံရစ်ဆံတောက်ကလေးဟာမို့၊ အချစ်အညှောက်သွေးတွေ ဝင်ကာ စွက်ပါလို့၊ ခင်ကညာကိုလေ... ကြင်နာချက်ကယ်ကြောင့်၊ ခုတင်မှာ ထင်ရာဖက်တယ်၊ နှမ်းလျက်ခွေ" ဟူသည့် ဒဂုန်မဂ္ဂဇင်းကြီးမှာ

ပါသော ကဗျာမျိုးတော့ အလွတ်ကျက်တတ်နေပါပြီ။

ဟုတ်ပါသည်။ ကျွန်တော် ၁၂ နှစ်သားက ဒီလိုရွယ်တူ ကောင်မလေးကို စိတ်ကူးယဉ်တတ်နေပါပြီ။ မှန်တာပြောရရင် ကိုးနှစ်၊ ၁၀ နှစ်သားလောက် လင်မယားလုပ်တမ်း ကစားတတ်သည့်အရွယ်က လွန်လျှင် ကျွန်တော့်တစ်သက်တာမှာ ပထမဦးဆုံး သမီးရည်းစား အချစ်စိတ်နဲ့ စိတ်ကူးယဉ်မိတာဟာ အဲသည်ညွှန့်ညွှန့်ပါပဲခင်ဗျာ။ သူ့ဘက်က ဘယ်လိုရှိမယ်တော့ ကျွန်တော် မသိခဲ့ပါဘူး။ သူနဲ့ ကျွန်တော်ဟာ စကားတစ်ခွန်းမျှလည်း မပြောခဲ့ပါဘူး။ အဲ... တစ်ခါတော့ မှတ်မှတ်ရရ ခင်ဗျား... အရိုက်ခံလိုက်ရပါတယ်။ ညနေစောင်း ကျွန်တော်နဲ့ ဘုန်းကြီးကြီးက သူတို့အိမ်ကအပြန်၊ သူက ဝင်းခြံအပေါက်ဝနား ပန်းချုံလေးဘေးထိုင်ပြီး အလီပေါင်းကျက်နေတယ်...။

၁၇ တစ်လီ ၁၇

၁၇ နှစ်လီ ၂၄

၁၇ သုံးလီ × × × ဆိုရုံရှိသေး၊ ကျွန်တော်က ဖြတ်ပြီး ၅၁ လို့ဆိုလိုက်မိတော့ ကျွန်တော့်ခြေသလုံး ပေတံနဲ့ ခုတ်လိုက်တာဗျာ လူ့ကို ပူထူသွားတာပဲ။ ဘုန်းကြီးကြီးကလည်း ရှိနေတော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ဘာမျှပြန်မပြောဝံ့ဘဲ လစ်ခဲ့ရတယ်။

*

ယင်းသို့ သူကလေးကိုကြည့်ရင်းဖြင့် ကိုယ်၏ ရှေးဟောင်း နှောင်းဖြစ်ကလေးတွေ တွေးရင်း မီးရထားကြီးသည် လှိုင်ထိပ်ခေါင်တင်၏ မိခင် နန်းမတော် မမြလေးတို့ရဲ့ ဇာတိနယ်မြေ ဥက္ကံသုံးဆယ် အပျိုတွေပေါတဲ့ လှိုင်ဘောလယ်ဆိုတာ ကျော်ဖြတ်ခဲ့ပြီး သာယာဝတီမင်းသားစံခဲ့ရာ သာယာဝတီမြို့ဘူတာဆိုက်... နောက်ပြီးတော့ လက်ပံတန်း၊

ထို့နောက် ကြို့ပင်ကောက်လည်းရောက်ကရော ကောင်မလေးဟာ ပြတင်းပေါက်က ခေါင်းပြူတဲ့ပြီး...

"သမီးဒီမှာမေမေ.. သမီးဒီမှာ"

မျက်မှန်နဲ့ ဝဝဖိုင့်ဖိုင့် အဒေါ်တစ်ယောက် ကျွန်တော်တို့တွဲနား ရောက်လာတယ်။ ကျွန်တော့်မြင်တော့...

"ဟင် ကိုကျင်မောင်" တဲ့။

ကျွန်တော်က သူ့မသိသလိုဖြစ်နေတော့ သူကပဲ စကားဆက်ပြီး "ကျွန်မကိုတော့ ဘယ်မှတ်မိတော့မလဲလေ... အဖေ အမေ နာမည်ပြောမှ သိတော့မှာပဲ။ လက်ပံပင်စုက ဦးဘိုးဆင့်၊ ဒေါ်မယ်မြင့်..."

သည်တော့မှ ကျွန်တော်က "အား... မညွန့်ညွန့် ဟုတ်ပြီ၊ ဒါက သမီးနော်... ဒါကြောင့် ကျွန်တော်က ဒီကလေးမ မြင်တော့ ငယ်ငယ်က ဆံရစ်ကလေးနဲ့ မညွန့်ညွန့်ကို သတိရနေတာဗျ"

"ဟင်... ဟုတ်ရဲ့လား၊ အခုကြီးတဲ့ရုပ်တော့ နည်းနည်းမှ မမှတ်မိ တော့ဘူးပေါ့"

"ဟင့်အင်း... ဘယ်လိုမှ ဆက်လို့မရပါဘူး။ မညွန့်ညွန့်ကတော့ ကျွန်တော့် မှတ်မိတယ်နော်"

"ယောကျ်ားရုပ်က မိန်းမတွေလောက် မပြောင်းဘူး။ နို့ပြီး ကိုကျင် မောင် လူပျိုပေါက်ကလည်း ပေါင်းတည်ကျောင်းသွားတော့ ကျွန်မတို့ အိမ်ရှေ့က ဖြတ်ဖြတ်သွားနေတာပဲ။ အင်း... ခုတော့လည်း ဆံပင်တွေ တောင် ဖြူစပြုပြီပဲ။ ကိုကျင်မောင် အသက်ဘယ်လောက်ရှိပြီလဲ"

"အဲ... ခုနပဲ သတိရလို့ တိုက်တိုက်ဆိုင်ဆိုင် အလီပေါင်းနဲ့ ပြောပြ ရမှာပဲ။ ၁၇ တစ်လီ ၁၇...၊ ၁၇ နှစ်လီ ၁၄...၊ ၁၇ သုံးလီ × × × ပေတံနဲ့တော့ မခုတ်လိုက်ပါနဲ့ဗျာ..."

"ကြည့်စမ်း ကြည့်စမ်း... ကိုကျင်မောင် ဒါကို သတိရသေးတယ်

ဟုတ်လား"

"ဟုတ်ကဲ့"

အမြန်ရထားတို့မည်သည် တစ်ဘူတာမှာ ကြာကြာမရပ်ပါ။

ဘဝသံသရာ... တဲ့ ရှည်လျားထွေပြား မနေမနား တစ်သွားတည်း သွားကြတာ။

လူ့ဘုံခန်းဝါ ဘဝသရုပ်ဖော်ဝတ္ထုတိုများ၊ ၂၀၁၆

❑

# တစ်ချိန်တုန်းက စာရေးဆရာ

- နတ်နွယ် -

ကိုဘုမ္မာ စာရေးစားပွဲတွင် ထိုင်နေသည်။ စာရေးနေသည်တော့ မဟုတ်ပါ။ သည်အတိုင်း ထိုင်နေခြင်း ဖြစ်သည်။ တွေးနေခြင်း ဖြစ်သည်။ ငေးနေခြင်း ဖြစ်သည်။

"အစ်ကို စာရေးနေသလား"

ဇနီး ဈေးက ပြန်လာပြီ။

"စဉ်းစားနေတာပါ။ ဘာတွေ ဝယ်လာသလဲ"

"ဈေးထဲမှာလည်း ဘာမှ မရှိပါဘူး"

"လူတွေတော့ ရှိမှာပေါ့"

"လူတွေတော့ ရှိတာပေါ့ အစ်ကိုရယ်"

"အဲဒါ အရေးကြီးဆုံးပေါ့"

"ကနေ့ မနက်တော့ ပဲပင်ပေါက် ပဲပြားပဲ ကြော်စားကြရအောင်"

"ကောင်းတာပေါ့ကွာ။ မစားရတာလည်း ကြာပြီပဲ"

"ပြောရေ့မယ်"

"ဟုတ်တယ်လေ၊ အခုတလော ဂေါ်ဖီထုပ်နဲ့ ကန်စွန်းရွက်ပဲ အစား များတယ် မဟုတ်လား"

"အောင်မယ် ကန်စွန်းရွက်တစ်စည်း ဘယ်လောက်မှတ်သလဲ၊ ပုစွန်ခြောက်ကလည်း..."

"သူ့ဈေးနဲ့ သူပေါ့ကွယ်"

"အစ်ကို ကနေ့ မြို့ထဲသွားဦးမှာလား"

"စိတ်ကူးတာပဲ"

"သတင်းစာတွေ ရောင်းလိုက်ရမလား"

"ကောင်းတာပေါ့ကွာ"

"သား ကျောင်းလခ ပေးရမယ်"

"မနက်ဖြန်ခါပေါ့ကွယ်"

"အစ်ကို ကနေ့ ဘယ်သွားမှာလဲ"

"ပန်းပဒေသာ သွားမလား အောက်မေ့တယ်"

"ဝတ္ထုရှည် ပေးထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ မုတ်သုံမိုးဦး လာချေပြီ"

"မိုးတောင် ကုန်သွားပြီပဲ"

"နောင်နှစ် ရှိသေးတာပဲကွယ်"

"ကိုသစ္စာဆီ မဝင်ဘူးလား"

"သူ လာမယ် ပြောတာပဲ"

"မနက်က လာသွားတယ် ဖေဖေ"

သားငယ် စာကျက်နေရာမှ လှမ်းပြောသည်။

"ဘာတဲ့လဲ"

"စာမူ ပြီးပလားတဲ့"

"ရေးနေတယ်လို့"

"အေး..."

"မြန်မြန်ပြီးအောင် ရေးပါတဲ့။ ဒီလ မီအောင် တင်ရမယ်တဲ့"

"ပိုက်ဆံကော ပေးမသွားဘူးလား"

"မနေ့က စက္ကူထုတ်ရလို့တဲ့။ စနေနေ့မှ ပေးမယ်တဲ့"

"အေး... အေး... ပြီးရောပေါ့"

"အစ်ကို မြို့ထဲ ဘယ်အချိန် သွားမလဲ"

"အခုပဲ သွားတာ ကောင်းပါတယ်။ ရုံးလည်း ဝင်ရဦးမယ်"

"ထမင်း မစားတော့ဘူးလား"

"ပဲပင်ပေါက်က တော်တော်နဲ့ နူးမှာ မဟုတ်ပါဘူးကွယ်"

"ကားကို တွယ်မလိုက်နဲ့နော်"

"ကိုယ်က ကျွမ်းဘားသမားမှ မဟုတ်ဘဲ"

"အထဲကိုရောက်အောင်သာ တိုး"

"စိတ်ချပါကွယ်၊ ကိုယ်လည်း တိုးတတ်နေပါပြီ"

"ဖေဖေ ခါးပိုက်နှိုက်လည်း သတိထားဦး"

"သူတို့က လူ မမှားတတ်ပါဘူး"

"ကိုသစ္စာ ဝတ္ထုကို မြန်မြန် ရေးပေးလိုက်ရင် ကောင်းမယ် အစ်ကို"

"ရေးရမှာပေါ့ကွယ်"

"မနက်ဖြန် ဆန်ထုတ်ရမယ်"

"ကနေ့ညတော့ ဆောင်းပါးကလေး ရေးလိုက်ဦးမယ်"

"ဆောင်းပါးက ဘယ်ပေးရမှာလဲ"

"ကညင်ပင် မဂ္ဂဇင်းကပါ"

"စာမူခ ပေးမှာလား"

"ပေးပါလိမ့်မယ် ထင်တယ်"

"ဘယ်လောက် ပေးမှာလဲ"

"သူတို့ တတ်နိုင်သလောက်ပေါ့ကွယ်"

"လှိုင်းပုံ မဂ္ဂဇင်းလို ပုဆိုးတစ်ထည်နဲ့ ပျားရည်ပေးရင် ကောင်းမှာ

နော်"

သားငယ်က ဝင်ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ မြို့နယ်မဂ္ဂဇင်းတွေ ထွက်နေတော့ ဖေဖေတို့ ရေးချင်တာကလေးတွေ ရေးရတာပေါ့"

ကိုဘုမ္မာ ပန်းပဒေသာ မဂ္ဂဇင်းတိုက်သို့ ရောက်ရှိသောအခါ အယ်ဒီတာ ဦးပညာ၏ စားပွဲတွင် ထုတ်ဝေသူ ဦးဘောဂနှင့် ယနေ့ နာမည်ကြီး လူကြိုက်များနေသော စာရေးဆရာ နိဗ္ဗိန္ဒတို့ကို တွေ့ရှိရသည်။

နိဗ္ဗိန္ဒက...

"ဩော်... ဆရာဘုမ္မာပါလား။ ဆရာ့ဝတ္ထုတွေလည်း မထွက်တာ ကြာပါပလား"

"ဟုတ်တယ်"

"ဘာမှ မရေးဘူးလား"

"တစ်ပုဒ်တော့ ရေးထားတယ်။ ရုံးမှာ တင်ထားတယ်"

"ဆရာ ရေးတဲ့ ဧရာဝတီအလယ်ပိုင်းကို ကျွန်တော် သိပ်ကြိုက်တာပဲ။ ဒီဝတ္ထုမျိုး တစ်ပုဒ်လောက် ထပ်ရေးပေးပါဦး"

"ကြိုးစားရမှာပေါ့"

ဦးဘောဂက ဦးနိဗ္ဗိန္ဒကို...

"ဆရာ ဘယ်လောက်ယူသွားမလဲ"

"နှစ်ထောင် ပေးလိုက်ဗျာ၊ ကျုပ်ဝတ္ထုက အနည်းဆုံး လေးလတော့ ထပ်ရေးရဦးမှာပဲ"

"ရေးပါ ဆရာ၊ လေးလနဲ့ မပြီးရင် ငါးလပေါ့"

နိဗ္ဗိန္ဒ ပြန်သွားသောအခါ ဦးပညာက...

"ကိုဘုမ္မာ ဘာကိစ္စ"

"ကျွန်တော့် ဝတ္ထုရှည် ဘယ်လ သုံးဖြစ်မလဲ"

"အခန်းဆက်တွေက ဆက်တိုက်ဖြစ်နေတယ်။ နိဗ္ဗိန္ဒ ပြီးရင် ယုဝတီ ခင်သီဂီဝင်မယ်"

"ကျွန်တော့်မှာလည်း အခန်းဆက်တစ်ခု ရှိတယ်"

"ခင်သီဂီပြီးရင် ရတနာ ဝိဇ္ဇာသိပ္ပံ၊ ရတနာ ပြီးရင်..."

"ကြာဦးမှာ ဆိုရင် ကျွန်တော့် ဝတ္ထု ပြန်ပေးလိုက်လေ"

ကိုဘုမ္မာ ၃၃ လမ်းသို့ သွားသည်။ ဂန္ဓလောက စာအုပ်ဆိုင်တွင် စာရေးဆရာ ငမိုးရိပ် ငူငူကြီးထိုင်နေသည်။

"ဟေ့လူကြီး ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ။ မောတာနဲ့ ထိုင်နေတာ။ တစ်နေ့လုံး သွားလိုက်ရတာ၊ ဒါတောင် မကုန်သေးဘူး။ မြေနီကုန်းက ဆိုင်ကို သွားရဦးမယ်"

ကိုဘုမ္မာ ပြုံးနေသည်။

ဆရာ ငမိုးရိပ်၊ ဥဿာပဲခူးသား။ သူ့အဖေကလည်း ဆေးလိပ်ခုံပိုင်ရှင်။ သူ့ယောက္ခမကလည်း ဆေးလိပ်ခုံပိုင်ရှင်။ သို့သော် ဆေးလိပ်လုပ်ငန်း ဝါသနာမပါ။ ရန်ကုန်မှာ စာရေးဆရာလုပ်သည်။ အယ်ဒီတာလုပ်သည်။ လုံးချင်းဝတ္ထုပေါင်း ၅၀ ကျော်ရေးခဲ့ပြီး အမျိုးသားစာပေဆု ရရှိသည်။ သူ့ဝတ္ထုများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုသည်။ သူ့ဝတ္ထုများ ကျောင်းသုံး ပြဋ္ဌာန်းသည်။ စာဆိုတော်ရာသီတွင် မြို့နယ်ပေါင်းများစွာသို့ လှည့်လည်ပြီး စာပေရေးရာများ ဟောပြောရသည်။

ယခု သူ ဘာလုပ်နေသနည်း။ ဆေးလိပ်ကိုယ်စားလှယ်။ သူ့ဦးလေး၏ဆေးလိပ်များကို ရန်ကုန်မြို့အနှံ့လိုက်လံဖြန့်ချိနေသည်။ သူ့အမည်ကို လမ်းဘေးကွမ်းယာဆိုင်တိုင်း သိသည်။ သူက ရံခါတွင် ဆေးလိပ်စည်းများကို ဖြန့်ချိရုံမျှမက ကွမ်းယာထုတ်ရန် စာရွက်၊ စာအုပ်

ဟောင်းများကိုလည်း ရောင်းချတတ်သည်။

ငမိုးရိပ်၏ဆေးလိပ်ထည့်သော ဆာလာအိတ်ကြီးကို တစ်ဖက်သို့ တိုးပြီး ကိုဘုမ္မာခုံပေါ်တွင် ဝင်ထိုင်သည်။

“မကုန်သေးဘူးလား”

“သုံးရာကျန်သေးတယ်”

“သုံးရာတော့ များပါတယ်။ ကျွန်တော်က တစ်လိပ်ပဲ သောက်မှာပါ”

“သောက်ဗျာ သောက်ဗျာ”

ကိုဘုမ္မာက ဆာလာအိတ်ထဲမှ ဆေးလိပ်တစ်လိပ်နှိုက်ယူသည်။

“မီးခြစ်”

“ရော့ဗျာ၊ လက်ဖက်ရည်ကော တိုက်ရဦးမလား”

“ကောင်းတာပေါ့ဗျာ”

“ကောင်းမနေနဲ့ လက်ဖက်ရည်တော့ မတိုက်နိုင်ဘူး။ ကနေ့ည အိမ်လခမပေးရင် အိမ်ပေါ်က ဒိုင်ဗင်ထိုးပြီး ဆင်းရလိမ့်မယ်”

“ဒိုင်ဗင်တော့ မထိုးပါနဲ့ဗျာ။ ကြီးကောင်ကြီးမားနဲ့ ဇက်ကျိုးနေပါဦးမယ်”

“ခင်ဗျားအိတ်ထဲက စာမူလား၊ ဘယ်တိုက်ပေးမလို့လဲ”

“ပန်းပဒေသာက ပြန်ယူလာတာ”

“ကျုပ်ကိုပေးလိုက်ပါလားဗျ။ အစီခံလုံးရအောင်”

“အဲဒါပဲ ကောင်းမယ်ထင်ပါတယ်။ ခင်ဗျား စာအုပ်ကော မထွက်သေးဘူးလား”

“မထွက်သေးပါဘူးဗျာ။ ကျုပ်စက္ကူတွေကို နိဗ္ဗိန္ဒရဲ့စာအုပ်ထဲမှာ ထည့်ရိုက်ထားတယ်”

“မှတ်ပုံတင်ကလေး ပြုတ်သွားဦးမယ်”

"ဟုတ်တယ် ကျုပ်လည်း တိုင်မလို့ပဲ"

"ဘယ်တိုင်မှာလဲ ကုလသမဂ္ဂလား"

"ဟုတ်တယ် လုံခြုံရေးကောင်စီ တိုင်မှဖြစ်မယ်ထင်တယ်"

"အေးဗျာ လက်ဖက်ရည်တစ်ခွက်လောက် သောက်ရရင်တော့ကောင်းမှာပဲ။ မနက်စာတောင် မစားရသေးဘူး"

"ဟိုကောင်ကြီးနှစ်ကောင် လာလိမ့်မယ်"

"ဟုတ်လား"

"ဟိုမှာတစ်ကောင်လာနေပြီ"

ကိုဘုမ္ဘာကြည့်လိုက်သည်။

ဟိုကောင်ကြီးတစ်ကောင်ဆိုသည်မှာ စာရေးဆရာ မင်းဆဒ္ဒန်။

သူ့မျက်နှာက မုန်ယိုနေသောဆင်ကြီးတစ်ကောင်လို။

"ဟေ့ လူကြီး ဘာဖြစ်လာတာလဲ"

ကိုဘုမ္ဘာက မေးလိုက်သည်။

"အလကားလူဗျာ"

"ဘယ်သူလဲ ကျွန်တော်လား၊ ငမိုးရိပ်လား"

"မဟုတ်ပါဘူး ဟိုကောင် ရွှေကြက်ဖ"

ရွှေကြက်ဖဆိုသည်မှာ ရွှေကြက်ဖစာအုပ်တိုက်ပိုင်ရှင်။

"ဘာဖြစ်လို့လဲ"

"ကနေ့ ပိုက်ဆံပေးမယ်ဆိုပြီး သွားတော့မရဘူး။ ဘလောက်ခတွေ ရှင်းလိုက်ရလို့တဲ့"

"စာမူခလား ခင်ဗျား ဘာစာအုပ်ရိုက်မှာလဲ။ ကျွန်တော်တို့တောင် မပြောဘူး"

"မဟုတ်ဘူး လုံချည်ဖိုးပါ"

သြော် ...။

မင်းဆဒ္ဒန်က အိမ်မှာ ရက်ကန်းစင်ရှိသည်။

"ခင်ဗျားက ကျွန်တော်တို့တော့ အကြွေးမရောင်းဘူး။ ထုတ်ဝေသူကျတော့ အကြွေးရောင်းတာကိုး"

"အေးဗျာ ကျုပ်ကလည်း ကျုပ်ပါပဲ။ တစ်နေ့က စာမူခလက်ကျန် ရစရာတောင်းတာ မရခဲ့ဘဲနဲ့ လုံချည်တစ်ထည်ထားခဲ့ရတယ်။ ကနေ့မှ ပေါင်းယူပါတဲ့"

"အခုတော့ စာမူခလည်း မရ၊ လုံချည်ဖိုးလည်း ဆုံးပေါ့ဟုတ်လား"

"ကျုပ် လုံချည်ဖိုးသာ မရလို့ကတော့ စာပေအဖွဲ့ကြီးတိုင်မှာပဲ"

"ဘာဆိုင်လဲ"

"ဆာလိုက်တာဗျာ"

"ကျွန်တော်တို့လည်း ဆာတာပဲ"

"ပါတဲ့ ပိုက်ဆံကလေး ဆိုးဆေးတစ်ဘူးဝယ်တာ မလောက်လို့ ငွေတစ်ဆယ်ချေးခဲ့ရသေးတယ်။ မြန်မာအဘိဓာန်ဝယ်မယ့်ဟာလည်း မဝယ်နိုင်ဘူး"

"ဒါနဲ့ ခင်ဗျားရက်ကန်းက ဟန်တယ်ဆို"

"ဘယ်သူပြောသလဲ"

"အဏ္ဏဝါကြီးပြောတာပဲ"

"အလကား လူကြီး"

"ဟော ... ဟိုမှာ လာနေပြီ"

အဏ္ဏဝါက ရေလုပ်ငန်းနှင့်ရေလုပ်သားများအကြောင်း အများဆုံး ရေးဖွဲ့သော စာရေးဆရာဖြစ်သည်။ မင်းဆဒ္ဒန်က အညာကျေးလက် အကြောင်း ခြယ်မှုန်းသည်။ သူတို့နှစ်ယောက်ကို ထူးချွန်သော သရုပ်ဖော် စာရေးဆရာများဟု ဝေဖန်ရေးဆရာများက ချီးကျူးခဲ့ကြသည်။

အဏ္ဏဝါသည်  သူတို့ကိုစကားမပြောနိုင်သေးဘဲ  ဆိုင်ထဲသို့

ဝင်သွားသည်။ ဆိုင်ရှင်မိန်းကလေးထံတွင် နှစ်ဆယ်တန်တစ်ရွက်ပေးပြီး ကာတွန်းစာအုပ်နှစ်အုပ်ဝယ်သည်။

အဏ္ဏဝါ၏ခေါင်းတစ်ခုလုံးဖြူနေပြီဖြစ်သည်။ လေတိုက်သော အခါ ပင်လယ်ထဲက လှိုင်းခေါင်းဖြူကြီးများပမာ ဖြစ်သည်။

"ခင်ဗျားက အသက်ကြီးမှ ကာတွန်းဖတ်တုန်းလား"

"ဟ ... ငါက အိမ်မှာ စာအုပ်အငှားဆိုင်ဖွင့်ထားတယ်"

"ဈေးဆိုင်ကကော"

"ဈေးဆိုင်ကလည်း တစ်ဖက်ပေါ့"

"တယ်ဟုတ်ပါလား။ စာရေးတာနဲ့ဆိုရင် လုပ်ငန်းသုံးခုပေါ့။ စာရေးနည်းတွေတောင် မေ့ကုန်ပြီ"

မင်းဆဒ္ဒန်က ဝင်ပြောသည်။

"အဲဒါ ကောင်းတာပေါ့"

"စောစောကတည်းက စာမရေးတတ်ရင် ပိုမကောင်းဘူးလား"

ငမိုးရိပ်ကမေးသည်။

"နေပါဦး ခင်ဗျားစာအုပ် စာပေဗိမာန်ကထုတ်မယ် မဟုတ်လား"

"ဒီနှစ်ထဲတော့ ထွက်ပါလိမ့်မယ်"

"ဩော် ... နေပါဦးဗျ။ ခင်ဗျားကို အောင်သိပ္ပံတိုက်က အဘိုးကြီး လိုက်ရှာနေတယ်"

"တွေ့ခဲ့ပါပြီ"

"ဘာတဲ့လဲ ခင်ဗျားဝတ္ထု ထုတ်မတဲ့လား"

"ဝတ္ထုမဟုတ်ပါဘူး"

"ကျမ်းလား၊ ဘာကျမ်းလဲ စာပေလောက သမိုင်းလား"

"မဟုတ်ပါဘူး၊ မိကျောင်းမွေးမြူနည်း ရေးပေးစမ်းပါတဲ့"

"ဖွတ်မွေးမြူနည်းမဟုတ်ရင် တော်သေးတာပေါ့"

"ဒီအချိန်မှာတော့ ကင်းလိပ်ချောမွေးမြူနည်းဆိုရင်လည်း ရေးရမှာပဲ။ စောစောက ငွေနှစ်ဆယ်က သူ့ဆီက စရန်ရလာတာပေါ့"

"အဲဒါကို ခင်ဗျားက ကာတွန်းဝယ်ပစ်လိုက်တော့ ကျွန်တော်တို့ကို ဘာနဲ့လက်ဖက်ရည်တိုက်တော့မှာလဲ"

"ဘာမှမပူနဲ့ လက်ဖက်ရည်တိုက်မယ့် ဒကာလာနေပြီ"

သူတို့အားလုံး ကြည့်လိုက်ကြသည်။

အမှန်ပင်။

သူတို့မျက်နှာများ ဝင်းထိန်သွားကြသည်။

ကဗျာဆရာ မောင်ဖူးသစ်လာနေသည်။

ကောင်ကလေးက လူချောကလေး။ ရုံးစာရေး။ မိန်းမရပြီဖြစ်သော်လည်း ကလေးမရသေး။ သူတို့လူစုကို တွေ့တိုင်း လက်ဖက်ရည်တိုက်သွားလေ့ရှိသည်။

"လာဟေ့ ကောင်ကလေး၊ မင်းကို တို့စောင့်နေကြတာ"

မင်းဆဒ္ဒန်က ခရီးဦးကြိုဆိုလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ"

ကောင်ကလေးက သွားဖြဲသည်။

"ဒီလ သော်တာမဂ္ဂဇင်းမှာ ပါတဲ့မင့်ကဗျာ တယ်ကောင်းတာပဲ"

"ကြာပြီ ဦးလေးရ။ ကျွန်တော်ပေးထားတာ တစ်နှစ်ကျော်ပြီ"

"တစ်နှစ် တစ်ပုဒ်ပါတယ်ဆိုလည်း ဘယ်ဆိုးမလဲ။ နောက်အနှစ်နှစ်ဆယ်ဆိုရင် မင်း ကဗျာစာအုပ်ထုတ်လို့ရပြီ"

"ကျွန်တော့်ဝတ္ထုတစ်ပုဒ်လည်း ရွေးထားတာ သုံးနှစ်ရှိပြီ။ မပါသေးဘူး"

"နတ်ရှင်နောင်မှာ မရေးဘူးလား"

"ရေးတာပေါ့ ပယ်တာ ဆယ်ပုဒ်ရှိသွားပြီ။ ညကတော့ ကျွန်တော်

ဦးလေးတို့ရဲ့ စာတွေကို ပြန်ဖတ်ရတယ်။ ဒီတော့မှ အားရှိလာတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကြိုးစားမှာပဲ။ တစ်နေ့ကျရင် ဦးလေးတို့လို စာရေးဆရာဖြစ်ရမှာပေါ့"

"ကြိုးစားပါ၊ ကြိုးစားပါ"

"ဦးလေးတို့ ဘာလုပ်နေကြတာလဲ၊ လက်ဖက်ရည်ဆိုင်ကို သွားကြမယ်လေ"

"ကောင်းတာပေါ့ကွာ"

ရွှေပြည်အေး လက်ဖက်ရည်ဆိုင်တွင် သူတို့ထိုင်ကြသည်။

အဏ္ဏဝါက ပေါက်စီတစ်လုံးကို ပလုတ်ပလောင်းစားရင်း ...

"ဆဒ္ဒန်ကြီး နင့်ရက်ကန်းလုပ်ငန်း ဘယ့်နှယ်လဲ"

"မဟာန်ပါဘူး မွေးမြူရေးလုပ်မလားလို့ စိတ်ကူးနေတယ်။ ကျုပ်အိမ်နောက်ဘက်မှာ ငါးကန်တူးလို့ရတယ်"

"ဟုတ်တယ် ကျုပ်လည်း ငုံးမွေးရမလားလို့၊ ငုံးက နေရာလည်း သိပ်မလိုဘူး"

ငမိုးရိပ်က ဝင်ပြောသည်။

"ကျုပ်လည်း ရွာပြန်ပြီး ငါးပိ၊ ငံပြာရည်လုပ်ရမလားလို့ စိတ်ကူးနေတယ်"

အဏ္ဏဝါက ဆိုသည်။

ထို့နောက် ... သူတို့ ... သူတို့ ပလတ်စတစ်ကောက်သည့်အကြောင်း၊ နွားမွေးမြူသည့်အကြောင်း၊ မဆလာကြိတ်သည့်အကြောင်း အကြိတ်အနယ်ပြောဆိုကြသည်။

ကဗျာဆရာလေး မောင်ဖူးသစ် သည်းမခံနိုင်သည့်အဆုံးတွင်

"ဦးလေးတို့ဟာကလည်း မဟုတ်သေးပါဘူး။ တွေ့တုန်းဆုံတုန်း စာအကြောင်း ပေအကြောင်းပြောကြမယ် မဟုတ်ဘူး။ တစ်ယောက်က

အိမ်မြှောင်မွေးမယ်၊ တစ်ယောက်က ပဒိုင်းပင်စိုက်မယ်နဲ့ ဘယ်လိုဟာလဲ”

ထိုအခါ မင်းဆဒ္ဒန်က နဖူးကြောကြီးများကို တင်းလိုက်ပြီး ...

“ဒီကောင်ကလေး တယ်ခက်ပါလား။ တို့က စာရေးဆရာဆိုပေမဲ့ ဟုတ်တိပတ်တိ မရေးရတာလည်း ကြာပြီ။ တို့စာအုပ်တွေ မထွက်တာ လည်း လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းလောက်ရှိနေပြီ။ တို့အထဲမှာ လော လောဆယ် လုံးချင်းဝတ္ထုမှန်မှန်ရေးနေနိုင်တာဆို ဘုမ္မာတစ်ယောက်ပဲ ရှိတယ်”

မောင်ဖူးသစ် အံ့ဩသောအကြည့်ဖြင့် ...

“ဟုတ်လား ကျွန်တော်လည်း မသိပါလား။ ဦးဘုမ္မာရဲ့ဝတ္ထု မထွက်တာ သုံး၊ လေးနှစ်လောက်ရှိနေပြီ မဟုတ်လား။ မလိခ အားမာန် ဟာ နောက်ဆုံးထွက်တာပဲ မဟုတ်လား”

“ဟာ ... ဒီကောင်လေး လည်ပုံပန်းပုံနဲ့ တယ်အူပါလား။ တစ်အုပ် ကို စောင်ရေငါးထောင်ရိုက်ရပြီး လတိုင်းထွက်နေတဲ့ ခိုင်စံပယ်ရဲ့ဝတ္ထုဟာ သူရေးနေတာတွေပဲပေါ့”

စာပေလုပ်သားမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၀

❑

## တစ်ကျပ်ခွဲ

**- ထင်လင်း -**

စာရေးဆရာ ကိုဘာဂျာသည် အလွန်တိုးတက်သော အစိတ်အပိုင်းသို့ ရောက်လာသောအခါ သူ၏စာမူများကို မဂ္ဂဇင်းအယ်ဒီတာများပင် နား မလည်ကြတော့သဖြင့် သူ၏ စားဝတ်နေရေးမှာ ရေးကထက် နိမ့်ကျ၍ လာခဲ့လေသည်။ လူကြိုက်များသော စာများကို ရေးနိုင်စဉ် အခါကမူ ကိုဘာဂျာမှာ အယ်ဒီတာတို့၏ အားထားရာ စာရေးဆရာ တစ်ယောက် ဖြစ်ခဲ့၏။ သူ့မှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် နေရာတကာတွင် မျက်နှာပွင့်ခဲ့၏။ အိတ်ထဲမှာ ပတ်ကားဖောင်တိန်နှင့်၊ လက်မှာလည်း ရိုးလက် လက်ပတ်နာရီနှင့် တင့်တယ်ခဲ့၏။ ယခု သူ့မှာ ကိုယ်ရောင် ကိုယ်ဝါလည်း မှေးမှိန်လာသည်။ ပတ်ကားဖောင်တိန်နှင့် ရိုးလက်နာရီ တို့လည်း သူ ခဏခဏပြောလေ့ရှိသလို အမျိုးသားပြတိုက်သို့ မရောက် ဘဲ အသေးစား ငွေချေးဌာနသို့ ရောက်ကြလေ၏။

ထိုမှတစ်ပါးလည်း ယခင်အခါက သူမို့ မဂ္ဂဇင်းတိုက်သို့ ဝင်သွား လျှင် အယ်ဒီတာက ပျူပျူငှာငှာ ခရီးဦးကြိုပြုပြီး မျက်နှာရိပ် မျက်နှာကဲ ကိုကြည့်ကာ "ဆရာ၊ စာမူပါသလား" ဟု မဝံ့မရဲ မေးမြဲဖြစ်သည်။ ယခုမူ အယ်ဒီတာနှင့် မတွေ့ရမီ လက်အောက်ငယ်သားများက သူ့အား

အရှုးတစ်ယောက်လို ကြည့်ကြသည်။ တစ်ယောက် တစ်ယောက် မျက်စိမှိတ်ပြီး ပြုံးကြသည်။ သူတို့ တတ်နိုင်လျှင် ကိုဘာဂျာအား အယ်ဒီတာများနှင့် တွေ့ခွင့်မပေးဘဲ အေးရာအေးကြောင်း ချော့မော့ပြော၍ တစ်ခါတစ်ခါ လက်ဖက်ရည်ဖိုး နှစ်ကျပ်၊ သုံးကျပ် ပေး၍ ပြန်လွှတ်ကြသည်။ အယ်ဒီတာများက ဆရာဘာဂျာ လာလျှင် ဤသို့ပြုစုရန် သူ့တိုက်သားများကို မှာထားဟန်တူ၏။ မလွှဲမရှောင်သာ အယ်ဒီတာကို အခန်းထဲသို့မဟုတ် စက်ထဲတွင် ပိတ်မိလျက်သား တွေ့နေပါက ယခင်ကလို 'စာမူပါလား ဆရာ' ဟု မရှုံ့မရဲမေးခွန်းမျိုးကို ယောင်လို့မှ မဟာ။ "ဆရာ၊ နေလို့ကောင်းရဲ့လား" ဟုသာ မေးတော့သည်။ ကိုဘာဂျာက စာမူပေးလျှင်လည်း သိပ်လက်မခံချင်။ အင်တင်တင်နှင့်ပင် ရေးက ရှိခဲ့ဖူးသော ကျေးဇူးတရားလေးများကို ထောက်၍ လက်ခံထားလိုက်ရသည်။ များမကြာမီပင် ထိုစာမူသည် ကိုဘာဂျာထံသို့ ပြန်ရောက်လာလေသည်။

တိုက်ထဲမှ ကိုဘာဂျာ ပြန်ထွက်သွားသောအခါတွင်လည်း အယ်ဒီတာနှင့် သူ့အဖွဲ့သားများ တဟားဟားနှင့် ရယ်သံများကို ကြားရတတ်သည်။

"ဟိုတုန်းကတော့ သူ့ဝတ္ထုတွေ အတော်ကလေး လူကြိုက်များခဲ့သား။ နောက် အရက်အလွန်သောက်လွန်းလို့ ဦးနှောက်ပျက်သွားရှာတယ်ကွ။ နည်းနည်း အောင်မြင်လာတယ်ဆိုရင် အောက်ခြေလွတ်ပြီး ရမ်းကားလိုက်တာ တစ်ခါတည်း အဖတ်ဆယ်လို့ မရတော့ဘူး။ သနားပါတယ်။ ဒါပေမဲ့ တိုက်ကိုလာရင်တော့ ကြည့်ရှုသာ ပြောလွှတ်လိုက်"

အယ်ဒီတာက ကိုဘာဂျာ ကောင်းစားသည့်ခေတ်ကို မမီလိုက်သော လူသစ်များကို မှာထား၏။ ဒါတွေကို ကိုဘာဂျာက သိပါသည်။

သူ့အဆိုအရတော့ 'အယ်ဒီတာ' ဆိုသော လူမျိုးမှာ ဉာဏ်ပညာရှိကြသူများ မဟုတ်။ ဘာစာမျိုးမျှလည်း ဟုတ်တိပတ်တိ ဖတ်ဖူးကြသူ

များ မဟုတ်။ ဘာမျှလည်း ဟုတ်ဟုတ်ညားညား ဖန်တီးနိုင်စွမ်း မရှိကြ၍သာ စားပေါက်ချောင်သော အယ်ဒီတာအလုပ်၌ ပျော်မွေ့နေကြခြင်းဖြစ်သည်။ အကယ်၍သာ ဖန်တီးနိုင်စွမ်းရှိပါမူ သူတို့သည် ဖန်တီးမှုဖြင့်သာ ပျော်မွေ့ကြမည် မုချဖြစ်သည်။

ထိုမှတစ်ပါးလည်း ကိုဘာဂျာပေးသော ဥပမာအတိုင်းဆိုလျှင် အယ်ဒီတာဆိုသူမှာ 'မာလီကုလား' ပင် ဖြစ်သည်။

မာလီကုလားသည် ပန်းစိုက်ခြင်းအတတ်၌ ကျွမ်းကျင်သည်ကား မှန်ပါ၏။ သို့သော် သူစိုက်တတ်သော ပန်းပင်များမှာ သဘာဝအလှနှင့် ကင်းဝေး၏။ ဗုဒ္ဓ သရဏံပင်လောက်သာ ကောင်းကောင်းစိုက်တတ်ကြသည်။ သူသည် ကတ်ကြေးတစ်လက်နှင့် ဟိုဟာလိုက်ညှပ်၊ ဒီဟာလိုက်ဖြတ်လုပ်ပြီး သဘာဝအလှ မှန်သမျှ အကုန်လိုက်ဖျက်ဆီးနေသူဖြစ်သည်ဟု ကိုဘာဂျာက ဆိုသည်။ ကြည့်ပါ။ ဝင်းခြံခတ်ထားသော သစ်ပင်ဝါးပင်က အစ၊ မြက်က အစ မာလီကုလား ဖြတ်ထားက သဘာဝပုံ ပျက်နေသည်ဟုလည်း ဆိုသည်။

"ဂျာနယ်၊ မဂ္ဂဇင်းများကို ကြည့်ပါ" ဟု ကိုဘာဂျာက ညွှန်းပြန်သည်။ "မာလီကုလားစိုက်ထားသော ပန်းခြံကြီးလိုပဲ" ဟုလည်း ယှဉ်ပြသည်။ ဝေဝေဆာဆာတော့ ရှိပါ၏။ သို့သော် ကြည့်လေရာတွင် တော်ဝင်ပန်း မရှိ၊ ဗုဒ္ဓသရဏံနှင့် သဘာဝ ပုံပျက်ချည်း ဖြစ်သည်ဟု ဆိုသည်။ "ပရိသတ်ကလည်း လူလုပ်ထားသော အလှကိုပင် သဘာဝထင်ကာ ချီးမွမ်းထောမနာ ပြုနေကြပြီး တကယ့်သဘာဝ၊ တကယ့်အလှကိုလည်း မမြင်ဖူးကြတော့၊ တွေ့လို့မြင်လို့မှ မသိကြတော့" ဟု ဆိုသည်။

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာရယ်။ ကျွန်တော်တို့ဟာ မာလီလိုပါပဲ။ စာဖတ်ပရိသတ်ဆိုတဲ့ ခြံရှင်သူဌေးက အလိုရှိသလို စိုက်ပျိုးပေးရတဲ့ မာလီပဲ ဆိုပါတော့။ ခြံရှင်မကြိုက်တဲ့ ပန်းပင်တစ်ပင်ကို မာလီ

စိုက်ခွင့်မရှိသလို၊ ကျွန်တော်တို့လည်း စာဖတ်ပရိသတ် မကြိုက်တဲ့ စာမျိုး ကျွန်တော်တို့လည်း စာဖတ်ပရိသတ်မကြိုက်တဲ့ စာမျိုး ကျွန်တော်တို့ စာစောင်မှာ မထည့်ဝံ့ပါဘူး" ဟု အယ်ဒီတာဘက်က အေးရာအေး ကြောင်းပြောတော့ ကိုဘာဂျာက မကျေနပ်ပြန်။

"အဲဒါ ခင်ဗျားတို့ ညံ့တာပဲ" ဟု ဆိုပြန်သည်။ အတော်ခက်သည့်လူ။ ကြာတော့ အယ်ဒီတာများက သူ့ကို 'ဟုတ်မှ ဟုတ်သေးရဲ့လား' ဟု သံသယ ဖြစ်လာကြသည်။

ယခင်အခါများကတော့ ကိုဘာဂျာဆိုလျှင် ပရိသတ်က သိပြီးဖြစ်၍ တစ်ခါတစ်ခါ အလုပ်များလျှင် အယ်ဒီတာကပင် မဖတ်တော့ဘဲ စာစီရန် ပို့လိုက်နိုင်သည်။ ယခုမူ ထိုသို့မဟုတ်တော့။ "ကိုဘာဂျာက လူက ဝက်အူချောင်လာသလို၊ သူ့စာမူ များက ကြောင်လာတတ်သည်" ဆိုကာ အယ်ဒီတာများလည်း သူ့ စာမူလာလျှင် "ရော့… စီဟော့။ ပန်းချီ နောက်မှ အပ်မယ်" ဟု မလုပ်ဝံ့ကြတော့။ လူစုံအောင်ဖတ်ပြီးမှ တိုင်တိုင်ပင်ပင် ထည့်ပေးသင့်လျှင် ထည့်ပြီး၊ ပယ်သင့်လျှင် ပယ်ကြရတော့သည်။

ကိုဘာဂျာလို နာမည်ရ စာရေးဆရာတစ်ယောက်၏ စာမူကို ပယ်ရသည့် အယ်ဒီတာခများလည်း တယ်ပြီး မသက်သာလှပေ။ ကမ္ဘာပေါ်တွင် အကျွမ်းကျင်ဆုံး သံတမန်တမျှ ဖြေရဖျန်ရ ရှင်းလင်းရတတ်သည်။

"ဆရာ အရင်ရေးနေကျစာမျိုးကလေးတွေ ရေးပေးပါ ဆရာ။ ဆရာ အခုရေးတဲ့စာတွေကို လူတွေက သိပ်နားမလည်ကြဘူး ဆရာရဲ့" ဟု ဆရာချင်း မိုးမွှန်အောင် ယဉ်ကျေးသိမ်မွေ့စွာ အယ်ဒီတာက သူ့စာမူ ပယ်လိုက်တော့၊ ကိုဘာဂျာက…

"ဟား… အရင်ရေးနေကျစာမျိုးက မိန်းမတွေ အားအားရှိ စုစုပြီး သောက်တင်းပြောကြတဲ့ ဟာမျိုးတွေပဲ။ ကျပ်စာတွေ ကျပ်ပြန်ပြီးဖတ်

ရင် ရှက်တောင် ရှက်သေးတယ်။ မရေးဘူးဗျာ။ မရေးဘူး”ဟု ခါးခါး သီးသီး ငြင်းလေသည်။ ဤသို့လျှင် စာရေးဆရာ ကိုဘာဂျာမှာ ရိုးလက် နာရီနှင့် ပတ်ကားဖောင်တိန်တို့ကို ပေါင်ရသည့်အဖြစ်သို့ ရောက်လေ ၏။

ကိုဘာဂျာက မဂ္ဂဇင်းတိုက်မှ အယ်ဒီတာနှင့် ပြောပေါက်ဆိုပေါက် မကိုက်ဖြစ်ပြီး ပြန်လာတိုင်း အိမ်က မိန်းမမှာလည်း မသက်သာလှ။ ကိုဘာဂျာ၏ 'စာဆိုတာ ဘာလဲ' ဆိုသည့် ဟောပြောချက်များကို တသမ်းသမ်း တဝေဝေနှင့် ထိုင်နားထောင် နေရတတ်လေသည်။ တစ်ခါ တစ်ခါလည်း

"အလကားကောင်တွေ။ ဒီ 'အယ်ဒီတာ' ဆိုတဲ့ကောင်တွေဟာ ဘာနားမလည် ညာနားမလည်နဲ့ သူတို့ကိုယ်သူတို့ တကယ့်စာပေ သမားကြီးတွေ ထင်နေကြတာကွ။ ဘာစာမျှလည်း စုံအောင် ဖတ်ဖူး တာ မဟုတ်ဘူး။ ဟိုက ဒီကပို့ကြတဲ့ စာတွေကို ဖတ်ပြီး ဒါတွေကို တကယ့် စာဖတ်သမားကြီးတွေလို အထင်ရောက်ပြီး လူတွင်ကျယ် လုပ်နေတာ။ တကယ့် စာကောင်းပေကောင်းကျတော့ သူတို့ နားမလည် ကြတော့ဘူး။ အလကား ကျွဲပါးစောင်းတီး” ဟု မကျေမချမ်း ရေရွတ် တတ်သေးသည်။

ဤအခါမျိုးတွင် သူ့မိန်းမက "ကျွဲပါးစောင်းတီးက အရေးမကြီး ဘူးရှင့်။ အိမ်မှာ ဆန်မရှိတာက အရေးကြီးတယ်။ ရှင့် စာတွေ အယ်ဒီ တာက နားမလည်လို့ မဝယ်တော့ ဘယ်သူ အရင် ထမင်းငတ်မလဲ ကြည့်”ဟု စိတ်တိုတိုနှင့် ပြန်ပြောတတ်သည်။ ကိုဘာဂျာ ဘာမျှ ပြန် မပြောနိုင်။ "တယ်...ဒီမိန်းမ” ဟု ဆိုရုံမှတစ်ပါး ဘာမျှမတတ်နိုင်။

ကိုဘာဂျာက အယ်ဒီတာတွေကို စိတ်ဆိုးလေလေ သူ့စာတွေက အိမ်ပြန်ရောက်လေလေ ဖြစ်၏။ နောက်တောက်တောက် အယ်ဒီတာ

တစ်ယောက်ကမူ "ဆရာ့ဝတ္ထုမှာ အဆင့်အတန်း မြင့်လွန်းနေ၍ ကျွန်တော်တို့စာစောင်တွင် ထည့်သွင်းရန် စိတ်မကူးဝံ့ပါဘူးခင်ဗျာ" ဟု စာတိုကလေးပင် ညှပ်ပို့လိုက်သေးသည်။ ကိုဘာဂျာကမူ "အေး... ဟုတ်တယ်။ ဒါကြောင့် နင်တို့မဂ္ဂဇင်းတွေ မတိုးတက်တာပဲ" ဟု အပြစ်တင်ကာ သူ့စာမူကို သူ သိမ်းသည်။ စာမူထုပ်ကြီးကို သူ ကြည့်ပြီး "ဘာလုပ်ရပါ့မလဲ" ဟု တွေး၏။ ကိုယ့်စာ ကိုယ်ထုတ်ဖို့ဆိုတာလည်း သူ့မှာ ပိုက်ဆံမရှိ။ ပိုက်ဆံရှိသည် ထား။ ပုံနှိပ်ဖို့တို့၊ ဖြန့်ချိဖို့တို့ကျတော့ သူ ဘာမျှ မလုပ်တတ်။

တစ်ခါက နာမည်ကျော် စာရေးဆရာတစ်ယောက် ရေးသားသော ဆောင်းပါးတစ်စောင်ကို သူ ဖတ်ရသည်။ နာမည်မကျော်မီက ရေး၍ မဂ္ဂဇင်းတိုက်များက ပယ်လိုက်သော စာမူများကို သိမ်းထားပြီး၊ နာမည်ကျော်လာတော့ တစ်ခါက ထိုစာမူများကို မဂ္ဂဇင်းတိုက်များသို့ တစ်ခုချင်း ပြန်ပို့ကြည့်သောအခါ အယ်ဒီတာများက ဘာမျှ ကြေးဂျွတ်များမနေကြတော့ဘဲ ကျေးဇူးတင်စွာပင် လက်ခံကြလျက် စာမူခကိုလည်း ၁၀၀၊ ၂၀၀ ပက်ခနဲ ပစ်ပေးကြသည်ဟု ထုတ်ဖော်ရေးသားထားသည်။ သူ အလွန်သဘောကျ၏။ "ဟုတ်လိုက်လေကွယ်" ဟုလည်း ဩဘာပေး၏။ ပြီးတော့ တစ်ခါ 'အယ်ဒီတာ' ဆိုသော လူများကို ဆဲပြန်လေသည်။

တစ်နေ့သ၌ ကိုဘာဂျာ၏ သူငယ်ချင်းတစ်ယောက်သည် ကိုဘာဂျာထံသို့ အလည်ရောက်လာလေသည်။ ထိုလူက "ယခုတစ်လော မဂ္ဂဇင်းများကို ဖတ်ရသည်မှာ ဘာမျှ မည်မည်ရရ မရှိကြောင်း၊ ဝတ္ထုတွေ ဖတ်ရသည်မှာလည်း ဒါမျိုးချည်း အထပ်ထပ်ဖြစ်နေ၍ ငြီးငွေ့လာပြီဖြစ်ကြောင်း" ညည်းညည်းညူညူ ပြောသဖြင့် ကိုဘာဂျာနှင့် အတော်လေပေးဖြောင့်သွား၏။

"အယ်ဒီတာလုပ်တဲ့လူတွေက အသုံးမကျတော့ကွာ ဘယ်မှာ

သူတို့ မဂ္ဂဇင်းတွေ ကောင်းနိုင်ပါ့မလဲ”ဟု ကိုဘာဂျာက ထုံးစံအတိုင်း ဘယ်ကလာလာ ဒီဘူတာ ဆိုက်၏။

“အယ်ဒီတာချည်း မဟုတ်သေးဘူးကွ။ ရေးကြတဲ့လူတွေက လည်း ရှိသေးတယ်”

သူငယ်ချင်းက မှုမှုတတ အပြစ်တင်သည်။

“ရေးတဲ့လူက ရှိပါတယ်ကွ။ ‘အယ်ဒီတာ’ ဆိုတဲ့ ငနဲတွေက တကယ့် စာကောင်းပေကောင်းဆိုတာမှ မသိကြတော့တာ။ ရေးတဲ့လူက ရေးလည်း သူတို့ နားမလည်တာနှင့် ပယ်ပစ်လိုက်ကြတာပဲ။ မင်း မယုံ မရှိပါနှင့်။ ငါ့စာမူတစ်ခုကို ပယ်တာများ အယ်ဒီတာကိုယ်တိုင်က ‘ဆရာ ခင်ဗျား။ ဆရာ့ဝတ္ထုမှာ အဆင့်အတန်း မြင့်လွန်းနေ၍ ကျွန်တော်တို့ စာစောင်တွင် ထည့်ရန် စိတ်မကူးဝံ့ပါဘူးခင်ဗျား’ ဆိုတဲ့ စာနဲ့ ငါ့ဆီ ပြန်ပို့တယ်လေ။ ကဲ…အဲဒါသာ ကြည့်တော့။ ငါ့မှာ အဲသလို အယ်ဒီတာ တွေ သောက်သုံးမကျတာကို အလူးအလဲ ခံနေရတယ် သူငယ်ချင်းရ။ အပယ်ခံရတဲ့စာမူကို မနည်းတော့ဘူး”

“အဲဒီစာမူတွေ မင်းဆီမှာ ရှိလား”

“အေး… ရှိတယ်ကွ။ ဖတ်မလား”

“ဖတ်ချင်တယ်ကွာ။ လုပ်စမ်းပါ”

ကိုဘာဂျာလည်း မဂ္ဂဇင်းတိုက်များမှ ပြန်လာတိုင်း တရိုတသေ သိမ်းဆည်းထားခဲ့သော သူ၏ အပယ်ခံစာမူများကို သူငယ်ချင်း၏ လက်ထဲသို့ အထုပ်လိုက် အပ်လိုက်လေ၏။ သူ့သူငယ်ချင်းက စာမူ ထုပ်ကြီးကို ကြည့်ပြီး “မနည်းပါလား။ ဒါတွေကို စာအုပ်ထုတ်ပါလား ကွ”ဟု ဆိုသည်။ သူကတော့ စာပုံနှိပ် ထုတ်ဝေသူများနှင့် နီးစပ်သူ ဖြစ်၍ ကိုဘာဂျာတစ်ယောက် အတော် အားတက်သွား၏။

“မင်း တတ်နိုင်ရင် လုပ်ပေးပေါ့ကွာ။ ငါကတော့ ဒီပုံနှိပ်ထုတ်ဝေ

ဘဲ့လုပ်ငန်း ဘာမျှ နားမလည်ဘူး”

“အေး...ငါ ဖတ်ကြည့်ဦးမယ်။ အမယ်လေး မင်းနှယ်။ ခုနေ စာပုံနှိပ်သမားတွေက စာမူကို လိုချင်လွန်းလို့ပါကွာ။ စာမူဆို အသေရရ အရှင်ရရပါ။ ဒါထက် မင်းဝတ္ထုတွေက ကောင်းရဲ့လားကွ”

“ငါ့ကို မမေးနဲ့လေကွာ။ မင်း ဖတ်ကြည့်ဦးမှပေါ့။ ငါ့မှာကွာ အခု ပိုက်ဆံကလည်း ပြတ်နေတယ်ကွ။ မင်းမို့ ပြောရဦးမယ်။ နာရီတို့၊ ဖောင်တိန်တို့တောင် ပေါင်စားရတဲ့ ဘဝ ရောက်နေတယ်။ အဲဒီတော့ မင်း အဲဒီအထုပ်ကို ယူသွားပြီး သင့်သလို ကြည့်ရောင်းပေးကွာ”

“ရမှာပေါ့ကွာ၊ ရရမှာပေါ့။ အလကားတော့ ဘယ်ဟုတ်မလဲ။ လေး ငါးရက်ကြာရင် စကားပြန်မယ်” ဟု ဆိုကာ ကိုဘာဂျာ့သူငယ်ချင်း လည်း ကိုဘာဂျာ၏ စာမူထုပ်ကြီးကို ထမ်း၍ ပြန်လေသည်။

သူ ပြောသွားသည့်စကားအတိုင်း လေးငါးရက် အကြာကစ၍ ကိုဘာဂျာသည် သူ့သူငယ်ချင်းကို လည်တဆံ့ဆံ့နှင့် မျှော်လေသည်။ သို့သော် သူငယ်ချင်းသည် လေးငါးရက်လည်း မဟုတ်၊ တစ်လကျော် သည်အထိ အရိပ်အယောင်မျှ လာမပြသဖြင့် ကိုဘာဂျာမှာ ဂနာမငြိမ် ဖြစ်လာသည်။ သူရှိရာကို မေးမြန်းစုံစမ်း၍ လိုက်သွားသော်လည်း သူ့လူ မှာ ခရီးပဲ ထွက်သွားသလိုလိုနှင့် မရေမရာသာ သိခဲ့ရ၏။

“လိမ်သွားတာတော့ မဟုတ်ဘူး။ ဒီလူ ဒီလို မလုပ်တတ်ဘူး” ဟု ကိုဘာဂျာက သူ့သူငယ်ချင်းကို သူ သိသည်။ သို့ဖြစ်လျှင် ဘာကြောင့် ပေါ်မလာပါလိမ့်။ စာအုပ်ထွက်မှများ သူ့ဆီ စာအုပ်နှင့် တစ်ခါတည်း လာ၍ ငွေပါ ချေမည်လား။

ကိုဘာဂျာ သူ့သူငယ်ချင်း၏ ရိုးဖြောင့်မှုကို သံသယ မဖြစ်မိ သည်မှာ မှန်ပါသည်။ နှစ်လလောက်ကြာတော့ တစ်ခါ သူ့သူငယ်ချင်း သည် ကိုဘာဂျာအိမ်သို့ ဘွားခနဲ ရောက်လာပြန်ပါသည်။

ရောက်လာပြန်တော့လည်း ယခင်ကလိုပင် ခပ်အေးအေးထိုင်ပြီး စာအကြောင်း၊ ပေအကြောင်းကအစ နိုင်ငံရေးအဆုံး အာလာပ သလ္လာပ ပြောနေပြန်သည်။ ကိုဘာဂျာထံမှ သူ ယူသွားသော စာမူများအကြောင်းတော့ သတိပင် ရပုံမပေါ်။ သို့နှင့် မစောင့်နိုင်သော ကိုဘာဂျာကပင် မေးရတော့သည်။

"ဩော်... အေး ဟုတ်သားပဲ။ ငါလည်း အဲဒါတောင် မင်းကို လာပြောမလို့ပဲကွ။ မင်းဆိုတဲ့ အကောင်ဟာလေ။ ဘယ်တော့များမှ ငယ်ငယ်က သောက်ကျင့်တွေ ပျောက်မလဲ မသိဘူး"

"ဘာဖြစ်လို့လဲကွ"

"မင်း ငါ့ကိုပြောတော့ မင်းရေးတဲ့ ဝတ္ထုစာမူတွေ ပေးလိုက်မယ် ဆိုကွ"

"အေးလေ... မင်း ယူသွားတာ ဘာတွေလဲ"

"အိမ်ရောက်ရောက်ချင်း ငါ မင်းအထုပ်ကြီးဖြေပြီး တစ်ခုချင်း လှျောက်ဖတ်ကြည့်တယ်။ ကုန်သာကုန်ရော။ မင်းဟာတွေက ဘာဝတ္ထုမှ မပါဘူး။ ငါထင်တော့ ဝတ္ထုရေးရင်း ပျက်သွားတဲ့ စာရွက်တွေကို မင်းမိန်းမက စုထုပ်ပြီး ကုလားလာတော့ ရောင်းဖို့လုပ်ထားတာတွေပဲ။ နောက် မင်းက "သင့်သလို ကြည့်ရောင်းပေးကွာ" လို့ မှာလိုက်တာကို သတိရပြီး ကုလားလာတာနှင့် ချိန်ပြီး ရောင်းလိုက်တာပေါ့။ တစ်ကျပ်ခွဲကို မနည်းတောင်းယူရတယ်။ ငါ့လခွီးတဲ့မှ။ ငါ့ အဟုတ်များ မှတ်တယ်။ ဒါနှင့် မင်း နေလို့ကော ကောင်းရဲ့လား"

ကိုဘာဂျာ့သူငယ်ချင်းက ကိုဘာဂျာကို စိုးရိမ်သော မျက်နှာဖြင့် အကဲခတ်သလိုကြည့်ရင်း မေးလေ၏။

မိုးဝေမဂ္ဂဇင်း၊ အမှတ် ၃၀၊ ဩဂုတ်၊ ၁၉၇၀

❑

## အမြတ်အစွန်း
- မြသန်းတင့် -

ဆိုင်တွေ ဖျက်ထားသဖြင့် ပန်းဆိုးတန်း ပလက်ဖောင်းတို့သည် ဟာလာ ဟင်းလင်းနှင့် ဖြစ်လျက်ရှိလေသည်။

လာဘူသည် အုတ်နံရံကိုမှီရင်း ဆေးလိပ်ကို အားရပါးရ ဖွာလိုက်သည်။ အနောက်မှ ညနေခင်း၏ ပူပြင်းသော နေရောင်သည် သူ့မျက်နှာပေါ်သို့ တည့်တည့်ထိုးထားလေသည်။

သူ့ရှေ့တွင် စာအုပ်များ ပြန့်ကျဲနေသည်။ ခဏခဏ လာ၍ မွှေနှောက်သွားကြသော စာအုပ်ဝယ်သူတို့ကြောင့် စာအုပ်များမှာ လမ်းဘေး ပလက်ဖောင်းပေါ်တွင် ဖရိုဖရဲ ဖြစ်ချင်တိုင်း ဖြစ်နေသည်။ သည်လို ပြန့်ကျဲနေသော စာအုပ်တို့ကို နေ့စဉ် တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ် ပြန်၍စီရသည်မှာလည်း ကြာသော် စိတ်မရှည်နိုင်တော့ချေ။

ယခုမူ သူ့အသက်မှာ ၅၀ ကျော်လေပြီ၊ သူ့အသက် ၁၅ နှစ်အရွယ်တွင် သူ့အမေ ဆုံးခဲ့လေသည်။ သူ့အမေမှာ ဘင်္ဂလားတွင် ဆုံးခဲ့၍ သူ့အဖေသည် သား လူမမည်နှင့် ဗမာပြည်သို့ ရောက်လာခဲ့၏။

တစ်ညလုံး တိတ်ဆိတ်လျက်ရှိစဉ် ကြိုးခုတင်ပေါ်တွင် တမာကူ အိုးကို ရှူကာ ည ည ထ၍ သံချောင်းခေါက်ရသည့် အရသာ၊

ကောင်းကင်မှ မှိတ်တုတ် မှိတ်တုတ် လက်နေကြသော ကြယ်တို့ကို ကြည့်ရင်း သူ့အမေနှင့် ငယ်စဉ်က နေခဲ့ရသည့် ဘင်္ဂလားပြည်ကို အောက်မေ့လွမ်းဆွတ်ရသည့် အရသာကို သူ နှစ်ခြိုက်ခဲ့မိသည်။

လာဘူသည် ဗယာကြော်ဒယ်အိုးကို ပခုံးတွင် ထမ်းပိုးနှင့် ထမ်းကာ ရန်ကုန်မြို့၏ လမ်းတကာကို လျှောက်ရောင်းခဲ့သည်။ ထိုစဉ်တုန်းကလည်း သူ့အဖို့မူ ဒယ်အိုးထဲသို့ ဆင်းကျသွားသော ဗယာကြော်လုံးလေးတွေကိုသာ ကမ္ဘာကြီးဟု ထင်ခဲ့သည်။ ရောက်စကမူ ဗမာပြည်တွင် သူ အတော် အနေရခက်သည်ဟု အောက်မေ့မိသည်။ 'ဗမာတွေ့တိုင်း အစ်ကို' ဟု ခေါ်ရအောင် စကားသင်ရသည်မှာ သူ့အဖို့ တော်တော်ခက်သည်။ နောက်ပြီး 'ဗယာကြော်' ကို ဗမာလို နားလည်အောင် အော်ရသည်မှာ တော်တော်ပင် စိတ်ပျက်စရာ ကောင်းသည်၊ သူ နားလည်သည်မှာ သူတို့ဘာသာစကားမှလွဲ၍ ဘာမျှ နားမလည်။

အစတော့ 'ဆပ်' လို့ ခေါ်ရသည်။ နောက် လန်ချားကုလားတွေ 'ဘေးကို ဘေးကို' ဟု အော်သည်ကို အားကျလာသောအခါ သူ့အဖေ ထံတွင် ဗမာစကားကို ပြောကြည့်သည်။ ဗမာကလေးတွေ တွေ့တိုင်း ဗမာလို မပြောတတ် ပြောတတ်နှင့် ပြောသည်။ သည်အခါတုန်းက ဗမာကလေးတွေက သူ့ကို လှောင်ကြ၊ ပြောင်ကြသည်ကိုလည်း အမှတ်ရလေသည်။

နောက် ကြာတော့ ဗမာပြည်မှာ သူ ပျော်လာလေသည်။ ဗမာထမင်းကိုစား၍ ဗမာပြည်တွင် ခေါင်းချလိုသည်။

ကမ္ဘာစစ်ဖြစ်သောအခါ သူ့အဖေ ဒရဝမ်စောင့်သော အလုပ်ရုံမှ မန်နေဂျာနှင့် အလုပ်ရှင်တို့ အိန္ဒိယသို့ လေယာဉ်ပျံနှင့် ပြေးကြသည်။ ထိုအချိန်တွင် လာဘူသည် အသက် ၄၀ ကျော်လေပြီ။ သူ့အဖေသည် အသက် ၇၀ ရှိလေပြီ။ သူတို့သားအဖနှင့် သူသည် ကိုယ်ပိုင်ယာဉ်ဖြင့်

ပန်းတောင်း၊ တောင်ကုတ်ကိုဖြုတ်၍ ပြေးကြလေသည်။ သို့သော် သူ့အဖေမှာ တောင်ကုတ်မရောက်ခင် တောင်တက်တစ်ခုတွင် အမောဆို့ကာ ဆုံးရှာလေသည်။

လာဘူသည် စိတ်ပျက်ပျက်နှင့် ဗမာပြည်ထဲသို့ ပြန်လာလေသည်။ အရင်ကမှ ဘင်္ဂလားတွင် မနေလိုသည့်အထဲတွင် ယခုလို သူတစ်ယောက်တည်း သွားရမည်ဆိုတော့ သူ မသွားချင်၊ မသွားလိုတော့။

ဘင်္ဂလားမှာဆိုလျှင် အစာငတ်တာတို့၊ အဓိကရုဏ်းတို့နှင့် တွေ့ကာ အတိဒုက္ခ ရောက်ချင်ရောက်နိုင်သေးသည်။ ဗမာပြည်မှာဆိုလျှင် ထမင်းတော့ စားရသေးသည်ဟု တွက်မိသည်။

အမှန်အားဖြင့် ချောင်ချောင်လည်လည် စားရ၍ စီးပွားဖြစ်နိုင်မည့် စားကျက်တွေ အများကြီးရှိသည့် ဗမာပြည်ကို လာဘူ ခင်တွယ်သည်။ ဗမာပြည်တွင် နေလိုသည်။

(၂)

လာဘူသည် အုတ်နံရံကို စောင်း၍ မှီလိုက်သည်။ နေမှာ ကျဲကျဲတောက် ပူတုန်းပင် ရှိသေးသည်။ မလှမ်းမကမ်းတွင်စီ၍ ဆိုက်ထားသော ကားများကိုလည်းကောင်း၊ အရောင်တွေ တဖိတ်ဖိတ်လက်ကာ သေလှုပ်တိုင်း ကစားနေသည့် ခန်းဆီး အစိမ်းနုကလေးများဖြင့် ခုံညားနေသည့် ဟိုတယ်ကြီးကိုလည်းကောင်း ကြည့်မိသည်။

လူကုံထံ ကုလားနှစ်ယောက် ကားပေါ်မှ ဆင်းလာကြသည်။ လာဘူသည် သူ့ဖြစ်စဉ်တွေကို စဉ်းစားမိနေ၍ အနားရောက်လာသည်ကို မသိလိုက်။

'ဟေး…' ဟု ခေါ်လိုက်မှ သူတို့အနားသို့ ထပြေးမိသည်။ အနားသို့ သွားရပ်သော်လည်း ဘာမျှမပြော၍ အမိန့်ကို နာခံရန် ရပ်နေသည်။

ကုလားနှစ်ယောက်သည် ကားနားတွင် ရပ်ကာ စကားကောင်းလျက်ရှိသဖြင့် သူတို့ခေါ်သည့် လာဘူကိုပင် မေ့နေကြသည်။

"အိုင်ဆေး၊ ဒါတ်(စ)က ချန်ဒရာရဲ့သမီးနဲ့ တောင်းတော့မလို့ဆို"

ကုလားတစ်ယောက်က သူ့အဖော်ကို မေးသည်။

"အလကားပါဗျာ၊ သူတို့ဟာက သိပ်မသေချာပါဘူး၊ တော်တော်ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်"

"ဘယ်လိုလဲဗျ"

"ဒါတ်(စ) နဲ့ အရင်က စေ့စပ်ထားတာဗျ။ နောက် ဒါတ်(စ)က သူ့အလုပ်အကိုင်တွေ ပျက်သွားတော့ ဟိုက ခပ်အင်အင်လုပ်နေတာပေါ့။ အစတုန်းက ဒါတ်(စ) က တော်တော် ချမ်းသာတာကိုဗျ။ အို... အဲဒီတုန်းကများ စတူဒီဘေကာကြီးစီးပြီး တစ်အိမ်နဲ့ တစ်အိမ် ရွှေလမ်းငွေလမ်း ဖောက်သလိုပဲ။ နောက်တော့ ဒါတ်(စ) ဓားပြတိုက်ခံရရော၊ ပစ္စည်းတွေလည်း အကုန်ပြုတ်၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သာ ကျန်တော့ ဟိုက ငြင်းပြီး ဒီပြင်ကောင်တစ်ယောက်နဲ့ တွဲနေတာပေါ့"

"စေ့စပ်တာက စေ့စပ်တာပဲ ရှိတာပဲဗျ။ ဒါတ်(စ) မှာ ပစ္စည်းတွေပြန်ပြီးတော့ တရားစွဲလည်း ဘယ်သူနိုင်မှာလဲ။ ကောင်မ အဖေဘက်က နိုင်မှာပေါ့။ လာဘ်ထိုးလိုက်ရင် ခင်ဗျား တရားသူကြီး ဘာခံနိုင်ဦးမှာလဲ။ ပြီးတော့..."

"ဆပ်"

လာဘူက ကြောက်ကြောက်ရွံ့ရွံ့ ခေါ်လိုက်၍ သူတို့နှစ်ဦး လှည့်ကြည့်ကြသည်။

"အေး၊ ဒီကားကို ကြည့်ထားစမ်း" ဟု လှည့်ပြောလိုက်ကာ ဟိုတယ်ပေါ်သို့ စကားတပြောပြောနှင့် တက်သွားကြသည်။ လာဘူသည် သူတို့နှစ်ဦး၏ အင်္ကျီလိပ်ကုတ်အင်္ကျီများနှင့် လည်စည်းအစင်းလေးတွေကို

မျက်စိထဲတွင် မြင်နေလေသည်။

(၃)

လာဘူသည် စာအုပ်ပုံရှေ့တွင် ပြန်၍ထိုင်ရင်း ကားလေးကို ကြည့်ကာ သွားရည်ယိုမိလေသည်။

"ဗမာ့ခေတ်၊ ဟံသာဝတီ၊ နေ့စဉ်သတင်းစာ"

"အရေးပေါ် ညနေသတင်းစာ"

ဗမာသတင်းစာ ရောင်းသူတို့ အော်သံကြားမှ သူ့ရှေ့ စာအုပ်ပုံတွင် တင်ထားသော ယနေ့ထုတ် အင်္ဂလိပ်သတင်းစာများကို အမှတ်ရတော့သည်။

"အင်း... သတင်းစာ ရောင်းရဦးမှာပါလား"

သူသည် သတင်းစာကို ခေါက်၍ လက်မောင်းပေါ်တွင် တင်ရင်း သက်တစ်ဖက်က သတင်းစာကို မြှောက်ကာ လာသမျှ လူတိုင်းအား အော်၍ ရောင်းသည်။

"နယူးတိုင်း အစ်ကို၊ ဘားမင်း အစ်ကို..."

လာဘူသည် ဗမာစကားကို ရည်ရည်လည်လည် တတ်လေပြီ၊ ဘင်္ဂလားမှာဆိုရင် သူ့လို အောက်တန်းစားမှာ သတင်းစာ ရောင်းဖို့ဆိုထားနှင့်၊ သည့်ထက် အောက်တန်းကျသော အလုပ်မျိုးကိုတောင် ချောင်မှ ရပေမည်။ နဝါခါလီနယ် အငတ်ဘေးတုန်းက ပါသွား၍ လမ်းဘေး မြောင်းထဲတွင်သော်လည်း အသက်ဆုံးရှုံးခဲ့ကောင်း ဆုံးရှုံးပေလိမ့်မည်။

ခုတော့ သူ့အဖို့ ချာပါတီကိုစားကာ လမ်းဘေး ပလက်ဖောင်းကောက်ရိုးမွေ့ရာထက်တွင် ကောင်းကောင်းကြီး အိပ်နိုင်ပေပြီ။ ပြီးတော့ မြောက်မြားစွာသော အင်္ဂလိပ်စာအုပ်တို့ကိုလည်း ပိုင်ဆိုင်သူ ဖြစ်လေ

သည်။ သူ့စာအုပ်များမှာ အချို့ ဟောင်းနွမ်းလှပေပြီ၊ ထိုစာအုပ်များမှာ သူ့အဖေ ဒရဝမ်လုပ်သည့် တိုက်မှ ကြေးရတတ်တို့ ဖတ်ကြသော အင်္ဂလိပ်ဝတ္ထုစာအုပ်များ၊ အင်္ဂလိပ်ပြန်၍ ဝင်အလာတွင် အိမ်တစ်အိမ်မှ ရလိုက်သော အင်္ဂလိပ်လို ရေးထားသည့် နိုင်ငံရေး စာအုပ်များ ဖြစ်ပေသည်။

သည်စာအုပ်တွေကို သူ ဘာစာအုပ်မှန်းလဲ မသိ၊ ဘာတွေရေးထားမှန်းလဲ မသိ၊ သို့ရာတွင် သည်စာအုပ်တွေမှာ သူ့အဖို့ ငွေထုပ်ကြီးဟုပင် ထင်မိပါသည်။ အနည်းဆုံး ညဆိုလျှင် ထိုစာအုပ်များကို ခေါင်းပေါင်းဖြင့်ထုပ်၍ ခေါင်းအုံး လုပ်ရသေးသည်။ ထို့ကြောင့် သည်စာအုပ်တွေသာလျှင် သူ၏ ဝမ်းရေးကို ထိန်းပေးသည့် ရတနာများဖြစ်သည်။ အနည်းဆုံး ပိုက်ဆံမရှိလျှင် သည်စာအုပ်တွေကို ကုလားသို့မဟုတ် ကြေးရတတ်တွေ အိမ်သွားပြီး ရောင်းလျှင် ဖတ်ဖို့မဟုတ်တောင် အလှထားဖို့ ဈေးပေါပေါနှင့် ဝယ်ယူပေလိမ့်မည်။

"အစ်ကို... သတင်းစာ အစ်ကို့၊ စာအုပ်တွေလည်း ရှိတယ်"

သူသည် သူ့စာအုပ်ပုံရှေ့တွင် ရပ်လာသော လူရွယ်နှစ်ယောက်အား ဖိတ်ခေါ်သည်။

"ဒီဟာတွေက ဘယ်လောက်လဲ"

"အဲဒီစာအုပ်တွေက ငါးမူးပါ ဆပ်၊ ဒါက တစ်ကျပ်၊ ဒါတွေက တစ်ကျပ်ခွဲ"

သူသည် စာအုပ်တွေကို ပြနေသည်။ စာအုပ် ကောင်းသည်၊ မကောင်းသည်ကို သူ မသိ၊ သူ့အဖို့တွင် စာအုပ်အထူကြီးတွေကို ဈေးအများဆုံးထား၍ စာအုပ် အပါးဆုံးကို ဈေးပေါပေါနှင့် ရောင်းသည်။

"ဒီစာအုပ် ငါးအုပ်ယူမယ် အဘိုးကြီး၊ လေးကျပ်လုပ်ပါ"

"မလျှော့ဘူး အစ်ကို၊ ဒါက တစ်ခွန်းတည်းပဲ ပြောတာပါ"

"လေးကျပ်ခွဲ လုပ်ဗျာ"

ပြောပြောဆိုဆို ကျပ်တန်လေးရွက်နှင့် မတ်စေ့ နှစ်စေ့ကို ထုတ်ပေးပြီးနောက် ထွက်သွားကြသည်။ လာဘူသည် မကျေမနပ်နှင့်ပင် ပိုက်ဆံကို ကောက်ယူလိုက်သည်။ သို့ရာတွင် သူ့အဖို့တော့ သည်လေးကျပ်ခွဲသည် စာအုပ်ထက်ပင် အရာရောက်လေသည်။ သည် လေးကျပ်ခွဲနှင့် သူ့အိတ်ထဲ၌ ပိုက်ဆံသုံးမတ်ပါ ပေါင်း ငါးကျပ်တစ်မတ်သည် သူ့အဖို့ များလှစွာသော အသပြာထုပ် ဖြစ်လေသည်။

သူသည် ပိုက်ဆံကို အဝတ်တစ်ခုနှင့် လိမ်ကာ ခါးကြားထဲတွင် ထိုးထားလိုက်သည်။ ဤမျှသော အသပြာသည် တောင်ကုတ်ကိုဖြတ်ကာ အိန္ဒိယသို့ ပြေးစဉ်အခါမှလွဲ၍ တစ်ခါမျှ မကိုင်ဖူးခဲ့ဟု ဆိုနိုင်လေသည်။

ညအဖို့ဆိုလျှင် သူ့ခေါင်းအုံးထုပ်သည် လေးအုပ်စာအတွက် နိမ့်ကျသွားသော်လည်း သူ့တွင် လေးကျပ်ခွဲမျှသော အသပြာသည် တိုး၍ ချမ်းသာလာပေပြီ။ သို့ရာတွင် ဘာပဲဖြစ်ဖြစ်၊ သူသည် ငါးကျပ်လေးပဲ မျှသော အသပြာကို ပိုင်ဆိုင်သူ ဖြစ်လေသည်။ နောက်တွင် ဤအရင်းပေါ်မှာ အမြတ်အစွန်းတို့ ထွက်လာမည် မဟုတ်ပါလော။

(၄)

ယနေ့ညအဖို့ လာဘူသည် သူ့စက်ရာကို ရှာလေသည်။ ခါတိုင်း ပန်းဆိုးတန်းတိုက်ဘေး ချောင်ကျကျတွင် အိပ်သည်။

သည်နေ့ညတော့ သည်လိုနေရာတွင် သူ အိပ်၍မဖြစ်တော့၊ သူသည် အသပြာ ငါးကျပ်လေးပဲ ပိုင်သူဖြစ်လာ၍ သည်လို ချောင်ကျသောနေရာတွင် အိပ်မဖြစ်တော့။ တကယ်လို့များ လာလုရင် ခက်ရချည့်..

သူသည် အသပြာ ငါးကျပ်လေးပဲကြောင့် လူစည်သော ပလက်ဖောင်းပေါ်တွင် လျှောက်ရင်း ဆူးလေဘုရားလမ်း ဘိုင်စကုတ်ရုံများဘက်သို့ ရောက်လာခဲ့သည်။ ရေခဲရောင်းသူတို့ အော်သံ၊ ကားသံ၊ လူသံတွေဖြင့် ညံနေသည်။

သို့ရာတွင် သူ့အဖို့ သည်လို ဆူသံညံသံများကြားမှ ကြားရသော မလှမ်းမကမ်း ကုလားဘိုင်စကုတ်ရုံမှ ချိုအေးသော ကုလားသီချင်းသံသည် သူ နာပျော်ဖွယ် ရှိလှသည်။

"ဒီနေရာ အိပ်မှပဲလေ"

သူသည် မီးရထား ရုံးကြီးရှေ့ ပလက်ဖောင်းဘေး၊ သံဝင်း ထရံနားတွင် သူ့စာအုပ်ထုပ်ကို ချလိုက်သည်။ အိပ်တော့မည်ဟု အထုပ်ကို မှီလိုက်၏။

"ဟေ့...ခွေးကုလား သူများခေါင်းရင်းက...သွား"

ငှက်ဆိုးထိုးသံကြောင့် လန့်ဖျပ်သွားသည်။

"အစ်ကိုနဲ့... အဝေးကြီး အစ်ကို"

"အောင်မာ... ကုလားက လူများနေရာလည်း ယူသေးရဲ့"

လာဘူသည် တော်တော် စိတ်ပျက်သွားသည်။ ပလက်ဖောင်းပေါ်တွင် နေရာ အကျယ်ကြီးရှိပါလျက် ပလက်ဖောင်းကိုပင် နယ်ချဲ့လိုက်ကြသေးသည်။

"သွား သွား...မလာနဲ့"

ငေါက်လွှတ်လိုက်သည်။ လာဘူသည် အထုပ်ကို ရွှေ့ကာ ကွန်တီနင်တယ်ဘေးတွင် နေရာယူလိုက်သည်။ သူသည် ပက်လက်လှန်ကာ စာအုပ်ထုပ်ကို ခေါင်းအုံးလိုက်သည်။

ယနေ့... ငွေလေးကျပ်ရှစ်ပဲကို ရလိုက်ပြီ။ မနက်ဖြန် ပလက်ဖောင်းပေါ်တွင် ချရောင်းက စာအုပ်တွေ ကုန်မည်။ ရောင်းရငွေနှင့်ဆိုလျှင်

အရင်းတော်တော် ရှိလာပြီ။ စာအုပ်တွေကုန်လျှင် အနည်းဆုံး ငွေနှစ်ဆယ် အစိတ်လောက်တော့ ပိုက်မိပြီ။ နောက်... ငွေရင်းအနည်းငယ်ရှိလျှင် ကွမ်းယာဆိုင် ထောင်မည်။ သူ့အဖို့ ဗမာပြည်မှာ နေရသည်မှာ အမြတ်ချည်းဖြစ်သည်။ ဆုံးရှုံးစရာဟူ၍ ဘာမျှ မရှိ။

သူသည် ရှေ့ရေးကို တွေးရင်း အိပ်ပျော်သွားလေသည်။

(၅)

နောက်တစ်နေ့ နေခြည်ပြူသည်နှင့် လာဘူသည် စာအုပ်ထုပ်ကို ပိုက်၍ ထွက်ခဲ့သည်။ ပထမဆုံး ချာပါတီစားကာ လူအစည်ကားဆုံး၊ ဒါလဟိုဇီ လမ်းထောင့်တွင် သူ့စာအုပ်ထုပ်ကို ဖြေပြီးနောက် ပလက်ဖောင်းပေါ်တွင် အခုံသား ချထားလိုက်သည်။

စာအုပ်များကို တစ်အုပ်ချင်း ဖုန်သုတ်ကာ ကျကျနနကြီး ခင်းထားသည်။ သည်လိုဆိုတော့ သူ့ကိုယ်သူ အသပြာ ငါးကျပ်ခွဲနှင့် စာအုပ်ဆိုင်ကို ပိုင်သူပါတကားဟု သွေးမြောက်မိသည်။

"ဒီနေ့ စာအုပ်တွေထဲက ဆယ်အုပ်လောက်ရောင်း၊ သုံးရက်လောက်ရှိရင် စာအုပ်တွေကုန် အရင်းတွေ စုမိ၊ အမြတ်တွေ ရ"

သူ့တွက်ကိန်းနှင့် သူ ကြည်နူးနေသည်။ သို့ရာတွင် မနက် ၁၀ နာရီလောက်အထိ စာအုပ်ဝယ်သူဆို၍ တစ်ယောက်မျှ မပေါ်လာသေး။ လမ်းသွားလမ်းလာ လူတွေက သူ့ကိုတောင် မျက်စောင်းထိုးသွားကြသေးသည်ဟုပင် ထင်မိသည်။

ထင်ရုံသာမဟုတ်၊ တကယ်ပဲ သူ့ကို မျက်စောင်းထိုးသွားကြသည်။ အဘယ်ကြောင့်ဆိုသော် သူ့ရှေ့ရှိ စာအုပ်တို့မှာ တစ်အုပ်စီဖြန့်ခင်းထား၍ ပလက်ဖောင်းတွင် ရှုပ်ယှက်ခတ်နေသောကြောင့် ဖြစ်သည်။

လာဘူသည် သူ့စာအုပ်ဆိုင်ကိုသာ ကြည့်၍ ကြည်နူးနေမိသည်။

"ဟေး... ကုလား အပ္ပနား"

လာဘူသည် သူ့စိတ်ကူးနှင့်သူ ရူးနေစဉ် ခေါ်သံကို မကြားလိုက်။

ကြားသလိုလိုရှိသော်လည်း သူ့အမည် အပ္ပနား မဟုတ်၍ မထူးလိုက်။

"ဟေး... ကုလားကြီး၊ ခေါ်တာ မကြားဘူးလား... အူကြောင်ကြောင်နဲ့"

လှည့်ကြည့်လိုက်ရာ ယူနီဖောင်းဝတ်ထားသော မြူနီစီပယ် ပုလိပ်နှစ်ယောက် သူ့ဘေးတွင်ရပ်ကာ စာအုပ်တွေကို ကြည့်နေသည်။

"ခေါ်တာ မကြားဘူးလား၊ နားပင်းသလား"

"ဆပ်... ဘာလိုချင်သလဲ ဆပ်"

"ဘာမျှမလိုချင်ဘူး၊ ခင်ဗျား လမ်းဘေး ပလက်ဖောင်းမှာ ဆိုင်တွေ မခင်းရဘူးဆိုတာ နားမလည်ဘူးလား"

"မခင်းပါဘူး ဆပ်"

"မခင်းလို့လား၊ ဒီမှာ လမ်းသွားလမ်းလာတွေ အနှောင့်အယှက်ဖြစ်တယ်၊ ခင်ဗျား ဒဏ်ငွေဆောင်ပါ၊ ပြီးတော့ နောက်လည်း ဒီလို မရောင်းနဲ့"

ဒဏ်ငွေ... ဒဏ်ငွေ ဆိုသည်မှာ သူတို့ကို ငွေစ ပေးရတော့မည်။ ဥပဒေအရ ဒဏ်ဆောင်ရမည် မဆောင်ရသည်ကို လာဘူ မသိ။ သို့ရာတွင် သူတို့လက်ထဲမို့၊ သူ့ပဝါထဲမှ ငွေစကို ပေးလိုက်ရမည်မှာ သေချာပေပြီ။

"အစ်ကို... ပိုက်ဆံမရှိပါဘူး ဆပ်" လာဘူသည် မုသား သုံးလိုက်သည်။

"နားမလည်ဘူးလေ... မရှိရင် ဂါတ်လိုက်ခဲ့"

ခက်ပြီ။ ဥပဒေက ပိုက်ဆံမပေးနိုင်ရင် ထောင်ထဲမှာ နေရသည့် အကြောင်းကို သူ ခုမှ နားလည်ပြီ။ ထောင်ဆိုသည်မှာ အင်မတန် ကျဉ်းကျပ်၍ မစင်နံ့၊ ကျင်ငယ်နံ့တို့ဖြင့် နံစော်လှသည်ဟု ကြားဖူးသည်။ မတတ်နိုင်၊ ငွေကိုပင် ပေးရတော့မည်။

"အစ်ကို... ငါးမူးယူပါ ဆပ်"

"အောင်မာ... အစိုးရကိုများ အဖေ အောက်မေ့နေသလား"

တစ်ယောက်က သူ့ကို ငေါက်သည်။ တစ်ယောက်ကမူ သူ့ စာအုပ်တွေကို လျှောက်ကြည့်ရာ...

"ဟေး... ဟိုမှာ" ဟု သူ့ စာအုပ်တွေကို လက်ညှိုးထိုးပြသည်။ သူ့မှာ အကြီးအကဲနှင့်တူသည်၊ ခါးတွင်လည်း ခြောက်လုံးပြူးကြီး ထိုးထားသည်။

"အဘိုးကြီး ဒီစာအုပ်တွေ ဘယ်ကရသလဲ"

"ဆပ်... သခင် အိမ်ကပါ ဆပ်"

"ဘယ်... သခင်လဲ"

"ခု ဘင်္ဂလားပြန်သွားပြီ ဆပ်... မရှိတော့ဘူး ဆပ်"

"ဒါ... ကွန်မြူနစ်စာအုပ် အစိုးရက သိမ်းတယ်" ဟု ရဲပုလိပ်မင်း က ဆိုသည်။

ကွန်မြူနစ်စာအုပ် ဆိုပါကလား၊ ကွန်မြူနစ်စာအုပ် ဆိုသည်မှာ ဘာကို ခေါ်ပါသနည်း။ လာဘူအဖို့ ကွန်မြူနစ်ဆိုသည်မှာ ဘာကို ခေါ်သည်မသိ၊ စာအုပ်မှာ အတူတူချည်းဖြစ်သည်။ တစ်ခုတော့ ရှိသည်။ အရုပ်ပါသည့်စာအုပ်နှင့် မပါသည့် စာအုပ်ကိုတော့ လာဘူ ကောင်း ကောင်းသိသည်။

"အဘိုးကြီး အူကြောင်ကြောင်နဲ့၊ လာ... ဒီစာအုပ်တွေကိုယူပြီး ဂါတ် လာပို့လှည့်..."

ဂါတ်ဆိုသည့် စကားကို တစ်ခါပြောပြန်ပြီ။ ဂါတ်ဆိုသည့် စကားကို ကြားတိုင်း သူ့ပဝါထဲမှ ငွေစတွေ ထွက်ထွက်သွားရသည်။

"ကဲ... ကဲ အဘိုးကြီး စာအုပ်တွေ ထုပ်ပြီးလိုက်ခဲ့။ ပြီးတော့ ပလက်ဖောင်းပေါ်မှာ စာအုပ်ချရောင်းတဲ့အတွက်က ဒဏ်ငွေ ငါးကျပ် ဆောင်၊ ခု စာအုပ်တွေ့တာက ဂါတ် လိုက်ခဲ့ပေတော့"

လာဘူသည် မျက်ရည်တွေပင် ကျလာသည်။ တစ်သက်လုံး တစ်ဦးတည်းပိုင်ခဲ့သော ငွေ ငါးကျပ်မျှသော အသပြာ သူ၏ နောင်ရေးအတွက် အားကိုးရသည့် ရတနာ၊ ထိုအရာများ အကုန်ဆုံးရှုံးရလေပြီ။

သူသည် စာအုပ်ထုပ်ကို ခေါင်းတွင်ရွက်ကာ ပိုက်ဆံထုပ်သော ပဝါ ကလေးကို ဖြန့်လျက်။ မျက်ရည်ကိုသုတ်ရင်း ပုလိပ်နှစ်ယောက်၏ နောက်သို့ လိုက်လာခဲ့လေသတည်း။

၁၉၄၅

ဝတ္ထုတိုပေါင်းချုပ်(၁)၊ ၁၉၇၂၊ သစ္စာစာပေ

❑

# စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင်

- ကိုဆွေ -

အချိန်က မိုးနဲ့မိုးငွေ့ရနေတဲ့ အချိန်။ တိတ်ဆိတ်နေတဲ့ တိမ်တစ်အုပ်က ကျွန်တော်နဲ့ ကောင်မလေး ခေါင်းပေါ်မှာ၊ မိုးသားကြားထဲက ဖြာထွက်နေတဲ့ နေမို့လား မသိဘူး။ ပူလိုက်တာ။

နေကို မျက်နှာမူလိုက်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံး အရိပ်က အနောက်ဘက် ရောက်သွားတယ်။ မဆီမဆိုင် လက်ပံသား ဓားနဲ့ ချိုင် ဆိုတဲ့ စကားလိုပဲ။ 'ရန်သူ့အရိပ်က အေးမြတယ်' လို့ ကျွန်တော်က တွေးလိုက်မိ၊ တကယ်တော့ အဲဒီလို ဟုတ်ရဲ့လား။

လမ်းပေါ်မှာ ကျွန်တော့်ထက် အသက် ၂၀ ငယ်တဲ့ ကောင်မလေးက 'လူ ဘယ်လိုဖြစ်လာတာလဲဟင်' လို့ အင်တာဗျူးလုပ်တော့ ကျွန်တော့်မှာ ဖတ်မှတ် လေ့လာထားသမျှ စိတ်ရှည်ရှည်နဲ့ ပြောပြရတော့တာပေါ့။

ဘ၀ အာမခံချက် မရှိလို့၊ အရွယ်လွန် ရွှေ့လျား စာရေးဆရာမို့ သူကလေး အိမ်ကို ကျွန်တော့်မှာ သွားခွင့်မရှိ။ 'စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင်' သူ့အမေက တားမြစ်ထားလေရဲ့။ ဟုတ်တယ်ဗျာ။ လောဘတီ မမြရင် သီချင်းလိုပဲ။

'စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင်' အခုတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး လမ်းပေါ်မှာ။ စာရေးဆရာဘဝဆိုတာ အပို ဒုလ္လဘတရား ဖြစ်တယ်ဆိုရင် လူဖြစ်ရတာလည်း တကယ့် နဂို ဒုလ္လဘတရား စစ်စစ် ဖြစ်ကြောင်း နှိုက်နှိုက်ချွတ်ချွတ် သိချင်တဲ့ ကောင်မလေးကို စိတ်ရှည်လက်ရှည် ပြောပြရတော့မယ်။

"ပဋိသန္ဓေ စိတ်ကလေးနဲ့ မိဘနှစ်ပါး သွေးသားပေါင်းစပ်မိတဲ့ အခါ အမိဝမ်းထဲက ရှေးဦး ကလလ ရေကြည်ကလေး (အလွန်မတန် အန္တရာယ်များပါတယ်။ လူဖြစ်ဖို့ တယ်ခက်ပါလား) အဲဒီ ရေကြည်လေးကို ပိုးတွေ စားသွားရင် သေမယ်။ မစဉ်းစားရဲစရာပဲ။ ဒီရေကြည်ကလေး တဖြည်းဖြည်း ခုနစ်ရက် စေ့တော့ ရေကြည်ကလေးကနေ အမြှုပ်ကလေး အဖြစ် ပြောင်းသွားတယ်။ ဒီအမြှုပ်ကလေးဟာ ငါကိုယ်တိုင်ပါပဲ။ ခုန ပြောတဲ့ ပဋိသန္ဓေ စိတ်ကလေးပေါ့။ အဲဒီ 'ငါ' ကို ပိုးစားသွားရင် ဒါမှ မဟုတ် 'ငါ' ဆိုတဲ့ စိတ်ကလေး အမေက အပူစာ၊ အအေးစာတွေ စား၊ တားဆေးတွေ သောက်လိုက်ရင် အဲဒီ 'ငါ' ကလေး ပျောက်သွားမယ်။ အသက်အန္တရာယ် များလိုက်တာ။ လူ့ဘဝ မရောက်ခင် သေသွားတဲ့ 'ငါ' ကလေးတွေ မရေမတွက်နိုင်ဘူး"

ကောင်မလေးက တရားပွဲမှာ ဓမ္မကထိကကို တရားထောက်က စကားထောက်ပေးသလို တစ်ခါတစ်ခါ လိုက်ပြောနေလေရဲ့။

"တချို့က သွေးရိုးသားရိုး သေပြီး၊ တချို့ကျ ဖျက်ချခံရလို့ သေတာနော်"

"အေး... ဟုတ်တယ်။ အဲဒီ အမြှုပ်ကလေး ခုနစ်ရက်ပြည့်တော့ တဖြည်းဖြည်း အသားတုံးကလေး ဖြစ်သွား၊ တဖြည်းဖြည်း ကြီးထွားလာ၊ ခုနစ်ပတ် ၂၈ ရက်သား ရပြီးနောက် အသားတုံးလေ။ ခုနစ်ရက်ပြည့်တော့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်းလေး၊ ခက်မ ငါးဖြာ

ပေါ်လာ။ တဖြည်းဖြည်း ရက်အနေနဲ့ တွက်ကြည့်တော့ ၂၉၄ ရက်မှာ ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်းလေးတွေ ပေါက်လာပြီ။ လူနဲ့ တူလာပြီ။ လူပုံသဏ္ဌာန်နဲ့တူဖို့ အချိန်တွေ အများကြီး ဖြတ်သန်းခဲ့ရ။ အမေ့ ဗိုက်ထဲမှာ သေဖို့အကြောင်းတွေကလည်း များလိုက်တာ။ အမိဝမ်းခေါင်းထဲမှာ နေရတော့ 'ငါ' ကလေးရဲ့ ခေါင်းပေါ်မှာ ခွေးအန်ဖတ်နဲ့ တူတဲ့ အစာသစ်အိမ်ကြီး၊ 'ငါ' ရဲ့ အောက်ကလည်း မစင်ဘင်ပုပ် အစာဟောင်းကြီး နံလိုက်တာ။ ချက်ချင်း ထပြေးချင်လည်း ပြေးလို့မရ။ အမိဝမ်းခေါင်းကလည်း ကျဉ်းကျဉ်းလေး။ အလင်းရောင် မရှိ။ မည်းမည်းမှောင်၊ မစင်ထဲရောက်၊ လောက်လိုပဲ။ ဘာလေသန့်မျှ မရ။ ညောင်းလို့ လမ်းလျှောက်မဖြစ်။ ကိုယ်လက် မဆန့်နိုင်။ ဇာတိဒုက္ခတွေ ဆက်လာပြန်ပြီ"

"ဗွီဒီယိုရိုက်ထားရင် သိပ်ကြည့်ကောင်းမှာပဲနော်"

"အေး... သေချာ နားထောင်"

"အမေ့ ကျောကုန်းဘက် မျက်နှာမူ၊ မေးဖျားလေးကို လက်ကလေး သဲ ဆုပ်၊ ဒူးနှစ်ခုကြားထဲ ခေါင်းလေးထား။ ဘာနဲ့ တူသလဲဆိုတော့ သစ်ပင်ငုတ်တိုပေါ် မျောက်အိုကလေး ကုပ်ထိုင်နေသလို။ မလွတ်လပ် ...ိုက်တဲ့ ဘဝ။ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မလဲ။ အမိဝမ်းထဲမှာ လွတ် ...တ်လပ်လပ် မနေရ။ သိပ်ပြီး စိတ်ဆင်းရဲရတဲ့အထဲ ကိုယ်ဝန်ကို မစောင့် ...ောက်တတ်တဲ့၊ ဗဟုသုတ မရှိတဲ့ အမေမျိုးနဲ့ တိုးမိရင် အင်မတန် ...တဲ့ဆေး၊ အစားအသောက် စားရင် သေလောက်အောင် ခံစားရတယ်။ အမေက ရေခဲမုန့်စားလိုက်ရင် ဆတ်ဆတ်တုန် အေးတော့တာပဲ။ ဒီလို ...မိ၊ အအေးမိ သေခဲ့တဲ့သူတွေ မနည်းတော့ဘူး။ အမေ့ဝမ်းထဲ ကိုးလ ...ာ် ဆယ်လ အောင်းခဲ့ရတာ၊ ထောင်ကျတာထက် ဆိုး၊ ဒုက္ခရောက်ပုံ ...မကုန်။ ပြောမယုံ ကြုံမှသိ ဆိုပေမဲ့ ကြုံတုန်း သိခဲ့ကြ၊ နောက်

မေ့သွားလို့ မမှတ်မိတော့ဘူး”

“ဖွားခါနီး ဘယ်လိုဖြစ်လဲဆိုတော့ ကမ္ဘဇလေ လှုပ်တဲ့အခါ ငုတ်တုတ်ထိုင်နေရာက ဗြုန်းဆို ကျွမ်းထိုးပြီး ခေါင်းက အောက်စိုက်ကျသွား။ လန့်လိုက်ပုံ၊ ဒုက္ခရောက်ပုံ။ အဲဒီဒုက္ခကြောင့် ဘဝဟောင်းက အကြောင်းတွေ မေ့ကုန်။ ဘာဆို ဘာမှ မမှတ်မိတော့ဘူးလို့ ရှေးလူကြီးတွေက ပြောကြတာပဲ”

*“သံတိုင်ကြားထဲက ဆင်ပြောင်ကြီး တိုးထွက်လာသလို နာလိုက်ပုံများမပြောပါနဲ့တော့။ ငရဲကျသလို ခံစားရ၊ ဒုက္ခကြီးလှပါလား။ ဒီလိုနဲ့ အပြင်ရောက်လာ၊ အသားက နုနုလေး၊ နီနီတွေးတွေးလေး ဆိုတော့ လေကတိုက်၊ လူကြီးတွေက အဝတ်ကြမ်းကြီးတွေနဲ့ ကိုင်၊ အပ်နဲ့ ဝိုင်းဆွနေသလား အောက်မေ့ရ။ နာလိုက်တဲ့ ဖြစ်ခြင်း။ မနေနိုင်တော့ အူဝဲ... အူဝဲနဲ့ အသံကုန် ဟစ်ငို။ မိဘဆွေမျိုးတွေက ကလေးက တေးဆိုတယ် မှတ်။ သူတို့ ဝမ်းသာလေ ဒုက္ခရောက်ရလေ။ ပါးစပ်က မပြောတတ်ခင် အလိုမကျတိုင်း ငိုပြ၊ မှက်၊ ခြင်၊ ကြမ်းပိုးကိုက် ငို၊ နို့ဆာငို၊ မစင်ကျင်ကြီးပေ ငို၊ လက်ခြေတွေက နုတော့ ဘာမှ မလုပ်နိုင်။ နာလို့ နာတယ်၊ ကိုက်လို့ ကိုက်တယ်၊ ညောင်းလို့ ညောင်းတယ် မပြောတတ်။ ဒါကြောင့် ဇာတိပိ ဒုက္ခာလို့ လူတွေ ပါဠိစကားနဲ့ အလွယ်ပြောနေတာ။ တကယ်က မလွယ်တဲ့ အဖြစ်ကြီး။ လူဖြစ်ဖို့ လွယ်တယ် မထင်နဲ့”

တကယ်တော့ ကျွန်တော့် အသက်အပိုင်းအခြားအရ **ရွှေဘိုဘုန်းဝေဆိုတဲ့ စာရေးဆရာရဲ့ ဘဝနိဒါန်း သွယ်တန်းကြည့်သောအခါ သံဝေဂ ဆောင်းပါး** ဖတ်ပြီး ကောင်မလေး မေးတာကို ဒီလို တစ်ဆင့်ခံ ပြန်ပြောပြနိုင်တာပေါ့။ ကျွန်တော် သိလွန်းတတ်လွန်းလှလို့တော့ မဟုတ်ပါဘူး။

---

* သံကောက်ပေါက် = သော့ပေါက် (မူရင်းအဘိဓမ္မာစကား)

လမ်းချိုးကွေ့တစ်ခု ရောက်တော့ ကောင်မလေးလည်း သူ့အိမ်သူ ပြန်တော့မယ်။ ကျွန်တော်လည်း စာအုပ်ဆိုင်ဘက်သွားဖို့ လမ်းအခွဲ၊ ဈေးတောင်း ခေါင်းရွက် မိန်းမကြီးတွေ တောပိုင်းကိုပြန်ဖို့ စကားတွေ ဖောင်ဖွဲ့လို့ လမ်းလျှောက်သွားနေကြလေရဲ့။ သူတို့ကိုမြင်တော့ 'ရှင်မ ရွာအပြန်' ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာရနံ့သင်းတဲ့ စကားပြေတစ်ခု စမ်းသပ် ပြုစုဖို့ စဉ်းစားရင်း လူဖြစ်ရတာဟာ ဒုလ္လဘတရားတစ်ခုဆိုရင် စာရေး ဆရာဖြစ်ရတာ အပို ဒုလ္လဘတစ်ခုပါလားဆိုတာ ခြွင်းချက်မရှိ လက်ခံ ပြီး စာအုပ်ဆိုင်ဘက်ကို ကျွန်တော် ပျော်ပျော်ကြီး ချီတက်သွားမိတယ်။

ကောင်မလေး အမေက စာရေးဆရာမို့ သဘောမတူဘူးဆိုလည်း ရှိပါစေတော့။ ကျွန်တော် မမှုတော့ဘူး။ လူဖြစ်ရတဲ့ ဘဝနဲ့ စာရေးဆရာ ဖြစ်ရတဲ့ ဘဝ နှစ်ခုကြားမှာ 'ဟန်ချက်ညီ ယှိမ်းနွဲ့မယ်'။

ကျွန်တော့်ရဲ့ မြင်ဆရာ စာရေးဆရာကြီး ဦးသိန်းဖေမြင့်က 'When I become a man, I will be a novelist if I can' လို့ ရေးခဲ့သလို။

ကောင်မလေး အမေက 'စာရေးတဲ့ဆရာတောင် အိမ်မလာရ အောင်' လို့ အထပ်ထပ် အခါခါ တားမြစ်ပါစေ။ နောင်ဘဝမှာ လူဖြစ် ခွင့်ရရင်လည်း ကျွန်တော်ဟာ စာရေးဆရာပဲ ဖြစ်ချင်ပါတယ်။

Icon မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၁၀

❑

## စာတည်းကလေး

- မာန်မြင့် -

ဗျာ။ ကျွန်တော်လား။ စာတည်းပါ။ အယ်ဒီတာလို့လည်း ခေါ်ကြပါ တယ်။ နာမည်လား။ ခင်မောင်မြင့်တဲ့။ မကြားဖူးပါဘူး၊ ဟုတ်လား။ သိပ်မတွေးပါနဲ့ဗျာ။ အထင်လည်း ကြီးမနေနဲ့ဦး။ ကျွန်တော်က နံရံကပ် စာစောင်ကလေးတစ်ခုရဲ့ စာတည်းပေါ့။ ခင်ဗျားတို့ ဘယ်ဖတ်ဖူးကြ မလဲ။ ဟဲ ဟဲ မဖတ်ဖူးလို့ အပြစ်မတင်ပါဘူးဗျာ။ ကျွန်တော် ထုတ်ဝေ တာက ကျောင်းတစ်ကျောင်းတည်းမှာ ဆိုတော့ ဘယ်သိကြပါ့မလဲ။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း စာတည်းတစ်ယောက် ဖြစ်ရ လိမ့်မယ်လို့ အိပ်မက်တောင် မမက်ပါဘူးဗျာ။ ကျွန်တော်က စာရေးဆရာ ဖြစ်ချင်တဲ့ကောင်ဗျ။ ငယ်ငယ်တုန်းကတည်းက ဝတ္ထုတွေ နင်းကန်ဖတ် လာပြီး တစ်နေ့ကျရင် ငါလည်း ဒီလိုပဲ ရေးနိုင်ရမယ်လို့ အားကျလာခဲ့ တာ။

စာတည်းဖြစ်ပုံလား။ အဲဒါက ဒီလိုဗျ။ ကျွန်တော် ဆယ်တန်း အောင်တော့ ဂျီတီအိုင် ဝင်ခွင့်ရတယ်။ အောင်မယ် လွယ်လွယ်ရတာတော့ မထင်နဲ့။ ကျောင်းဝင် စာမေးပွဲကို လူတော်တော်များများနဲ့ကို တိုးဖြေ လာရတာ။ အဲ... ကျောင်းရောက်တော့ စာပေသင်းလေး ဘာလေးတောင်

မရှိဘူးဗျာ။ ဩော်... ဟုတ်သားပဲ၊ ဘယ်ဂျီတီအိုင် ဆိုတာတောင် မပြော ရသေးဘူး။ မန္တလေး ဂျီတီအိုင်ပေါ့ဗျ။ စက်မှုလက်မှု သိပ္ပံလို့လည်း ခေါ်တယ်လေ။ ရောက်ခါစဆိုတော့ တော်တော်စိတ်ပျက်သွားတယ်။ ဘယ်ဗျာ ဒီလောက်အင်စတီကျူလို့ အမည်ခံနေတဲ့ ကျောင်းကြီးမှာ စာကြည့်သင်းလေး၊ စာပေအဖွဲ့လေးတောင် မရှိတော့ ဘယ်ဟုတ်ပါ့မလဲ ဗျ၊ ကျွန်တော်တို့ကတော့ အထက်တန်းကျောင်းတုန်းကတောင် နှစ်ပတ် လည်မဂ္ဂဇင်းတို့ လုပ်လာတဲ့လူ ဆိုတော့ တော်တော်အထင်သေးသွား သဗျ။ ဒါပေမဲ့ အထင်သေးရုံနဲ့ ဘယ်ပြီးမလဲ။ ကိုယ့်လက်ထက်မှာ ကိုယ့်တာဝန်ပဲ မဟုတ်လား။ အရင်က မရှိရင်လည်း ရှိအောင်လုပ်ဖို့ တာဝန်ရှိတာက ကျွန်တော်တို့လို စာပေစိတ် ကလေးတွေနဲ့ အငြိမ် မနေ နိုင်သူတွေဘဲ မဟုတ်လား။

ဒါနဲ့ပဲ ဝါသနာတူတဲ့ ကျောင်းသားချင်း လိုက်ရှာ အဖော်ညှိပြီး တော့ နံရံကပ်စာစောင်ကလေးတစ်ခု ထုတ်ဝေဖို့ စိုင်းပြင်းရတော့တာ ပေါ့။

အောင်မယ် အခုပြောပြနေတော့သာ လွယ်တာဗျ။ နံရံကပ် စာစောင်လေးတစ်ခု ဖြစ်ဖို့က လွယ်တာမဟုတ်ဘူး။ အခု တကယ် ထုတ်ဝေနေတဲ့ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေခွင့်ရဖို့က လွယ်ဦးမယ်။ ဟိုမှာက ကျောင်းတွင်းဆိုတော့ သိပ်ပြီး လွတ်လပ်တာမဟုတ်ဘူး။ အဲ အဲ စည်းကမ်း ဘောင်တွေနဲ့ပေါ့ဗျာ။ နံရံကပ် စာစောင် ထုတ်ချင်ပါတယ် လို့ တက်ပြောတော့ ဆရာတွေ ဘာတွေနဲ့ အစည်းအဝေးလုပ်ပြီးမှ အဖွဲ့ဖွဲ့ခွင့်ပြုတာ။ ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေနဲ့ပေါ့။ ကျွန်တော်က တွဲဖက် စာတည်းလေ။ စာပေဝါသနာပါတဲ့ နှစ်ကြီးကျောင်းသားက ပထမစာတည်းပေါ့။

ဒီလိုနဲ့ပဲ စာမူတွေခေါ်၊ ရွေးကူးနဲ့ နံရံကပ်စာစောင်ကလေး ဖြစ်လာ

တာပါပဲ။ သိပ်မကြာပါဘူး၊ ကျောင်းသားတွေ အော်ကြတဲ့ အရေးအခင်းမှာ ပထမ စာတည်းကျောင်းသား အထုတ်ခံရပါရော။ ဒီတော့ ကျွန်တော်တစ်ယောက်တည်းပဲ ဒိုင်ခံပြီး တာဝန်ယူရတော့တာပေါ့။

*

စာစောင်တစ်ခု ဆိုတာက ဖတ်ရတော့သာ မခက်ခဲဘူး ထင်နေကြတာ။ တကယ် လုပ်ကြည့်တော့ အလုပ်တော်တော် များသဗျ။ ထောင်သောင်းချီပြီး တိုင်းပြည်အနှံ့ ပို့နေတဲ့ မဂ္ဂဇင်းက အယ်ဒီတာတွေတောင် ကျွန်တော့်လောက် အလုပ် ရှုပ်ချင်မှရှုပ်မှာ။

ဒီလိုပြောလိုက်တော့ ရယ်တော့ မရယ်ချင်နဲ့ဗျာ။ တကယ်ပြောတာပါ။ မဂ္ဂဇင်းကြီးတွေမှာက သူ့တာဝန်နဲ့သူ လူပ်ရှား လုပ်ကိုင်ကြမယ် မဟုတ်လား။ ကျွန်တော်ကတော့ စာမူရွေးတာကစပြီး စာစောင်ကို နံရံမှာကပ်ရတဲ့အထိ ဒိုင်ခံလုပ်နေရတာဗျ။ ကျောင်းစာကလည်း ရှိသေးတယ်။ တော်ကြာ ပေးထားတဲ့ပုစ္ဆာတွေ တွက်မထားရင်လည်း ဆရာအလွယ်တကူ မတွေ့နိုင်တဲ့ ချောင်က ခုံကိုရွေးပြီး ထိုင်ရတာပေါ့ဗျာ။

စာမူတွေ ရွေးပြီးပြန်ရင်လည်း လက်ရေးလှလှနဲ့ ကူးယူရတယ်။ ကူးတဲ့ စာရွက်ဖိုးကလည်း ဝါသနာပါတဲ့ သူတွေဆီက လျှောက်ကောက်ထားရတဲ့ ငွေလေးပါပဲ။ လက်ရေးလှတဲ့ သူငယ်ချင်းတွေကို အတင်းခေါ်ပြီး ကူးခိုင်းရသဗျ။ တစ်ခါ တစ်ခါတော့လည်း အိတ်ထဲက ငွေထုတ်ပြီး လက်ဖက်ရည်လေး ဝယ်တိုက်ရသေးတယ်။ ဒါမှလည်း နောင်ကို ကူးပေးချင်မှာကိုး။

ကူးပြီးရင်တော့ ပန်းချီဆွဲတတ်တဲ့ ကျောင်းသားဆီကို သွားပြီး အပူကပ်ရပြန်ရော။ ပုံလေးတွေ ဆေးရောင်လေးတွေနဲ့မှပဲ စာစောင်က ဆွဲဆောင်မှုရှိမှာကိုး။ သူတို့ကိုလည်း ကပ်ပေါင်းထားရသေးသဗျ။ အဲ

ချန်ပြီး ကူးထားတဲ့ နေရာလပ်တွေမှာ စာသားနဲ့လိုက်မယ့်ပုံတွေ ရေးပြီး ရင်တော့ နံရံကပ်စာစောင်ဟာ ထုတ်ကပ်ဖို့ အသင့်ဖြစ်နေပြီလို့ ထင်ကြမှာပေါ့။

မဟုတ်သေးဘူး ခင်ဗျ။ ကပ်လို့ ဘယ်ရဦးမလဲ။ ရေးပြီးတဲ့ စာရွက်တွေကို ဆရာတွေအဖွဲ့ကို တင်ပြရတယ်ဗျ။ သူတို့က ငြိစွန်းနေတဲ့ စာသားတွေပါရင် ခွင့်မပြုဘူး။ အဲဒီအခါကျတော့ သူတို့ ဖျက်စေချင်တဲ့ အပုဒ်တွေကို စာရွက်ဖြုန့် အုပ်တန်အုပ်။ အသစ် ပြန်ကူးတန်ကူး လုပ်ပေးရပြန်ရောဗျို့။ ပြီးတော့မှ ကျောင်းအုပ်ကြီးဆီ တစ်ခါပြရပြန်ရော။ သူက အတည်ပြုပြီးမှ နံရံကိုကပ်ရတာဗျ။ ကဲ ကျွန်တော် မပြောလား။ မလွယ်ပါဘူးလို့ ဆိုနေ။

တစ်ခါတစ်ခါကတော့လည်း ရယ်စရာတောင် ကောင်းပါသေးဘယ်ဗျာ။ နိုင်ငံရေးစကားလုံးလေး တစ်လုံးပါလာရင် မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ အဖျက်ခိုင်းတတ်သေးတယ်။ တစ်ခါကဆိုရင် ကာတွန်းပုံ တစ်ပုံထဲက မိန်းမဝဝကြီးပုံက ကျောင်းသူဝဝတစ်ယောက်နဲ့ တူနေတယ်၊ မကောင်းဘူးဆိုပြီး ဖျက်ခိုင်းလို့ အပေါ်က ကာတွန်းပုံတစ်ပုံ ထပ်အုပ်ပေးရသဗျ။

မိန်းမ ဝတာပဲဗျာ။ ကျောင်းထဲက ကျောင်းသူတစ်ယောက်တည်းပဲ တစ်လောကလုံးမှာ ဝနေကြတာကျနေတာပဲ။ ဒါပေမဲ့ဗျာ သူတို့က ခွင့်ပေးမှ ကပ်ရတာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ။

တစ်ခါတစ်ခါတော့ သူတို့ဖျက်ခိုင်းတာ ဖျက်ပေးရရင်တော့ အပေါ်က စက္ကူဖြူကပ်ပြီး ကွက်လပ် ချန်ထားခဲ့သဗျ။ ဒါမှလည်း ကျောင်းသားတွေက အဖြတ်ခံရတယ်ဆိုတာ သိမှာပေါ့။ ဒီလိုမှ မလုပ်ရင်လည်း ကျောင်းသားတချို့က ကျွန်တော့်ကို သတ္တိနည်းတယ် ထင်ဦးမှာ။

အင်ဂျင်နီယာတွေလည်း လူတွေပဲဗျာ။ စာပေစိတ်ကလေးတွေရှိတော့ ရှိကြပါတယ်။ သူတို့က သင်္ချာတွေနဲ့ နေ့တိုင်း နပန်းလုံးနေရတော့ စာပေစိတ်ကလေးတွေက မြုပ်နေဟန် တူပါတယ်။ နံရံကပ်စာစောင်လေး ပေါ်လာတော့ တော်တော်လေး ကြိုးစားပမ်းစား ဝင်ရေးကြပါတယ်။

ကျောင်းသားတစ်ယောက်ကတော့ တော်တော် နောက်တယ်ဗျာ။ သူ့ကလောင်နာမည်က မိန်းမနာမည်ကြီးဗျ။ ကျောင်းသား အတော်များများက ဘယ်ကျောင်းသူ ရေးတာလဲလို့ ကပ်မေးကြတာပေါ့။ ကျွန်တော်ကလည်း ဘယ်ပြောလိမ့်မတုံးဗျာ။

ဘယ်သူမဆို ကိုယ့်စာလေးကိုတော့ အရွေးခံ ဖော်ပြစေချင်တာပေါ့။ ဒါကို ကျွန်တော်လည်း သိပါတယ်။ တချို့ဆိုရင် တတ်နိုင်သမျှ ပြုပြင်ရေးပေးပြီး ဖော်ပြလိုက်တာပါပဲ။ တစ်ခါတလေများဆိုရင် မူရင်းစာသားထက် စာတည်း ပြင်ပေးရတဲ့ မင်နီစာလုံးတွေက ပိုများနေသေးရဲ့။ ဘယ်တတ်နိုင်မလဲလေ။ ခဏခဏပယ်နေရရင် သူတို့ စိတ်ပျက်သွားမှာပေါ့။

တချို့ကတော့ သူတို့စာ မရွေးရင် လာပြီးအပြစ်တင် ရန်တွေ့တော့တာပဲ။ ဘာလို့ပယ်ရတာလဲ။ စာစောင်ထဲမှာ ပါလာတဲ့ဟာကတော့ ဘယ်လောက်ကောင်းလို့လဲ။ ခင်တဲ့သူတွေမို့ ထည့်ပေးတာလား။ နောက်ကို ခင်ဗျားတို့ဆီကို ရေးကိုမရေးတော့ဘူး။ ခင်ဗျားက ဘယ်လောက်တတ်လို့လဲနဲ့။ ဟာ… အမျိုးမျိုး အပြောခံရတာပါပဲ။

ဒီတော့ မဂ္ဂဇင်းက စာတည်းတွေကို ကိုယ်ချင်းစာမိတယ်ဗျ။ ကျွန်တော်ကလည်း စာလေး၊ ကဗျာလေး ရေးရေးပို့နေကျကိုး။ လဆန်းလို့ ကိုယ့်ကဗျာမပါရင် သိပ် မကျေနပ်ဘူးပေါ့ဗျာ။ ရှေ့တန်းကပါတဲ့ ကဗျာက ကောင်းလည်း မကောင်းဘဲနဲ့။ သူတို့လူမို့ပါကွာ၊ နာမည်ရတဲ့

သူ ရွေးလို့၊ ပါလို့ အရင်ကတော့ ခံပြင်းမိ၊ ပြောမိတာပါပဲ။ ခုတော့ ကိုယ်တွေ့ကြုံမှ သိရတော့တာပေါ့။

တစ်ယောက်တလေကတော့ လက်ဖက်ရည် ခေါ်တိုက်ပြီးတော့မှ သူတို့ရေးတဲ့ ကဗျာလေးတွေ ဖော်ပြပေးပါလို့ တောင်းပန်ကြသဗျ။ များသောအားဖြင့်တော့ အချစ်ကဗျာလေးတွေပေါ့ဗျာ။ တစ်နည်း ပြောရမှာဖြင့် ရည်းစားစာတွေပေါ့။ ကျွန်တော်ကလည်း သိပ်ပြီး ပုံပျက်ပန်းပျက် မဟုတ်ရင်တော့ သူတို့ လိုအင်ကို ဖြည့်ပေးလိုက်တာပဲ။ အဲ... သိပ်ပြီးတော့ သူတို့အလိုကိုလည်း မလိုက်ရဲဘူးဗျ။ တော်ကြာ ကျွန်တော့် အနေနဲ့ တတ်နိုင်တဲ့ဘက်က ကူတာကို လက်ဖက်ရည် သောက်ချင်လို့ ကူတာလို့ထင်ရင် စာတည်း သိက္ခာကျသွားမှာပေါ့။ မဟုတ်ဘူးလားဗျာ။

ဒီလို ယက်ကန်ယက်ကန်နဲ့ နံရံကပ်စာစောင်လေးဟာ အသက် တော်တော်ရှည်လာခဲ့တယ်ပဲ ဆိုပါတော့ဗျာ။ နိုင်ငံကျော်မဂ္ဂဇင်းကြီးတွေ နဲ့ နှိုင်းရင်တော့ ကျွန်တော့်စာစောင်လေးဟာ လပြည့်နေ့ညမှာ တောက်ပ တဲ့ ပိုးစုန်းကြူးလေးပါဗျာ။

ဗျာ၊ ကျွန်တော် ပြောပြနေတာတွေကို ပျင်းနေပြီလား။ သည်းခံပြီး ဆုံးအောင် နားထောင်ပါဦးဗျ။ လူဆိုတာ ကိုယ့်အကြောင်းပြောပြရရင် သိပ်ပြီး မြိန်ရေရှက်ရေရှိတာ။

*

တစ်နေ့တော့ စာစောင်ထဲမှာပါတဲ့ ဝတ္ထုတိုတစ်ပုဒ်ကြောင့် ပြဿနာ ဖြစ်ပါလေရော။ အဲဒီ ဝတ္ထုဇာတ်လမ်းက ရိုးရိုးလေးပါဗျာ။ ဟာသလေး တစ်ပုဒ်ပါ။ တောရွာတစ်ရွာမှာ နာမည်သိပ်ကြီးတဲ့ လူတစ်ယောက်ရှိ သတဲ့။ သူ့ကို လူတွေက သိအောင်လို့ အလုပ်မရှိ အလုပ်ရှာပြီး နွားကို မြက်ကျွေးရေးအသင်းတို့၊ ကြောင်ကလေး ရေချိုးပေးရေး အသင်းတို့ကို

ဦးဆောင်ဖွဲ့တယ်။ သူပိုးသမ္မ မိန်းမတွေကလည်း သူများနဲ့ပဲ စွံကုန်တယ်။ သိုင်းအသင်းထောင်ပြီး ရွာရိုးလျှောက်စွာနေတာ *ဘတ်ခွနှင့်ပစ်တော့ ထိပ်ကွဲသွားတယ်။ သိပ်ပြီး ထင်ပေါ်လိုတဲ့ လူတစ်ယောက်အကြောင်းကို ရေးထားတာပါပဲ။ အရေးအသားလေးကလည်း ကောင်းတာနဲ့ စာစောင်မှာ ဖော်ပြလိုက်တာပေါ့။

ဒီတော့မှ ကျောင်းသားတစ်ယောက်က သူ့ကို စောင်းရေးပါတယ်ဆိုပြီး ပူညံပူညံ လာလုပ်တယ်။ ဝတ္ထုထဲက ဇာတ်ကောင်နဲ့ သူနဲ့က တော်တော်တူနေတယ်ဗျ။ အသားမည်းမည်း ဗိုက်ရွဲရွဲ၊ နှုတ်ခမ်းတွဲတွဲ နဖူးပြောင်ပြောင်ပေါ့ဗျာ။ သူက ကျွန်တော့်ဆီလာပြီး ပထမတော့ ယဉ်ယဉ်လေးနဲ့ စော်ကားတာပေါ့ဗျာ။ စာပေအကြောင်း ဘာသိလို့ လုပ်နေရတာလဲ၊ ဒီဝတ္ထုဟာ သူ့ကို စောင်းရေးတာမှန်း မသိဘူးလားနဲ့ပေါ့။ ကျွန်တော်ကလည်း ပြန်ဖြေလိုက်ပါတယ်။ သိပ်တတ်လို့လုပ်တာ မဟုတ်ဘူး၊ လုပ်မယ့်သူမရှိလို့ လုပ်နေရတာ။ ဝတ္ထုဆိုတာ လူတွေအကြောင်း ရေးထားတာမို့ ဘယ်သူနဲ့တော့ တူတာပဲလို့ ပယ်နေရရင် ဘယ်ကျန်တော့မလဲလို့။ မဟုတ်ဘူးလားဗျာ။

အဲဒီဝတ္ထုဟာ ခင်ဗျားကို စောင်းရေးထားတယ်ဆိုရင် ခင်ဗျားကော ဝတ္ထုထဲကအတိုင်း ဖြစ်နေလို့လားလို့ မေးတော့ သူမဖြေတော့ဘူး။ ဝတ္ထုထဲက လူနဲ့သာ တူတယ်ဆိုရင်တော့ တကယ် ပေါကြောင်ကြောင် ဖြစ်သွားမှာကိုး။

အမှန်ကတော့ သူ့ကိုစောင်းပြီး ရေးထားပါတယ်လို့ လာပြောတဲ့ ကျောင်းသားကိုက ခပ်ပေါပေါရယ်။ ဂျူဒိုတွေ၊ ကရာတေးတွေလည်း မတောက်တခေါက် တတ်တယ် ထင်ပါရဲ့။ ဒီတော့လည်း ဝတ္ထုကို ဖတ်လိုက်ရင် ကျောင်းသားတွေက သူ့ကိုပဲ မြင်သွားကြမှာပေါ့။ ဒါပေမဲ့

---

* လေးခွ

စာရေးဆရာဆိုတာ လောကထဲမှာ အမြင်မတော်တာတွေကိုတော့ သရော်ရွတ်ချမှာပဲ မဟုတ်လား။

ဒီဝတ္ထုကိုရေးတဲ့သူကို ပြောပြရမယ်တဲ့။ မပြောရင် ဖြစ်လာမယ့်ကိစ္စတွေဟာ ကျွန်တော့်တာဝန်ပဲလို့ ခြိမ်းခြောက်ကြတယ်။ ကျွန်တော်ကလည်း ဘယ်ပြောပြမလဲဗျ။ စာတည်းတွေရဲ့ ကျင့်ဝတ်ကို ဖောက်ဖျက်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်က တင်းခံနေတော့ ကျောင်းကိုတိုင်မယ်တဲ့။ ဒီတော့ ကျွန်တော်လည်း ဘယ်ရောက်ရောက်ပေါ့ဗျာလို့ပဲ ပြောလိုက်ရတယ်။ ဟုတ်တယ်လေ ကိုယ်ကမှန်နေရင် ကြောက်ရမလားဗျ။ လူတိုင်းက သူ့စောင်းရေးပါတယ်ပြောရင် ဘယ့်နှယ်လုပ်မလဲ။ ဓာတ်ကောင်ဆိုတာကတော့ တစ်ယောက်နဲ့မတူ တစ်ယောက်နဲ့ တူမှာပေါ့။

အဲဒီလူကို ဘေးကနေဝိုင်းပြီး မီးထိုးပေးနေတဲ့လူက စာစောင်ကို ဆောင်းပါးတွေ ပို့ဖူးတယ်။ သူ့ဆောင်းပါးတွေက ကျောင်းကိုရော ဆရာတွေကိုရော တော်တော်ထိပါးတယ်ဗျ။ တချို့ကတော့ နိုင်ငံရေးဆောင်းပါးတွေပေါ့။ အဲဒါတွေများ ဖော်ပြလိုက်ရရင်တော့ ကျောင်းပဲထွက်ရမလား။ အသံမကြားဘဲ ပျောက်သွားမလားဘဲ။ သူ့ဆောင်းပါးတွေပယ်တော့ လာပြီး ဟောက်သေးသဗျ။ ဒီလောက်သတ္တိနည်းရင်လည်း စာတည်းလုပ်မနေပါနဲ့တဲ့။ သတ္တိက ရှိသင့်တဲ့နေရာတော့ ရှိတာပေါ့ဗျာ။ သူ့ဆောင်းပါးတွေက တကယ်ကောင်းလို့ ထည့်ရတာက အကြောင်းမဟုတ်ဘူး။ မကြိုက်လို့ကို ပယ်လိုက်တာပဲ။ ကြိုက်၊ မကြိုက်ကတော့ စာတည်းရဲ့ သဘောပေါ့ဗျာ နော။

ကျွန်တော်လည်း စာတည်းစိတ် ရှိနေတော့ သူတို့ ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် မကြောက်ပါဘူးဗျာ။ ဗိုလ်ချုပ်အောင်ဆန်းတောင်မှ စာတည်းဘဝမှာ ပါလာတဲ့ ဆောင်းပါးတစ်ပုဒ်ကြောင့် ကျောင်းအထုတ်ပဲ ခံတယ်၊ ရေးတဲ့သူကို မပြောဘူး မဟုတ်လား။ ကျွန်တော်

တို့ရဲ့ ခေါင်းဆောင်ကြီးကို နမူနာထားရမှာပေါ့။

နောက်နေ့ကျတော့ ဆရာကြီးတို့ ဘာတို့ သွားတိုင်တယ်လို့ ကြားရတာပဲ။ ဒါပေမဲ့ သူတို့ဟာက ဟုတ်မှမဟုတ်ဘဲဗျ။ အရေးယူလို့ ဘယ်ရပ့ါမလဲ။ အပြင်ကနေပြီး ဟိန်းဟောက်တော့ နေသေးရဲ့။ သူ့လက်သီးက လူမရွေးဘူး ဘာညာနဲ့ပေါ့။ ကျွန်တော်ကလည်း ဘယ်မှုမလဲဗျာ။ ဒီတိုင်းပြည်က မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ။ ပြီးတော့ အဲဒီလူက ကရာတေးအရှိန်နဲ့ သွေးကြွပြီးတော့ အဖွဲ့လေးနဲ့မှ ဆူရဲတဲ့လူမျိုးပါ။

နံရံကပ် စာစောင်လိုဟာလေးမှာတောင် ခြိမ်းခြောက်ခံရသေးရင် မဂ္ဂဇင်းက စာတည်းတွေ ဘယ်လိုများ နေမလဲမသိဘူး။ သူတို့က တိုင်းသိပြည်သိ အကောင်ကြီးကြီး အမြီးရှည်ရှည်တွေကို ထိုးနှက်သရော်တဲ့စာတွေကို တာဝန်ယူ ထည့်ပေးနေရတော့ ပိုပြီး တွေ့ရမှာပေါ့လေ။ သူတို့နဲ့စာတော့ ကျွန်တော်က ဘာဟုတ်သေးလို့လဲ။

အဲ ဘာမှမဟုတ်ပေမဲ့ အဲဒီ ဝတ္ထုဂယက်က တော်တော်ရိုက်ခတ်ပြီးတော့ ကျောင်းသူ ကျောင်းသားတွေကြားမှာ တော်တော်လှုပ်ရှားသွားတယ်ဗျ။ ကျွန်တော့် စာတည်းဘဝရဲ့ မှတ်တိုင်လေးတစ်ခုပေါ့လေ။

*

ဘယ်လိုလဲဗျ။ နည်းနည်းတော့ စိတ်ဝင်စားလာပြီလား။ အချစ်အကြောင်းလေးတွေလည်း ပြောဦးမှပေါ့၊ ဟုတ်လား။ ဘယ်ချန်ထားပါ့မလဲဗျာ။ အဲဒါပြောချင်လို့ကို လှည့်ပတ်ရေးလာရတာ။ ဘာလဲ ကြားချင်တယ် မဟုတ်လား။

ကျွန်တော်ပြောမယ့် ဇာတ်လမ်းက စာတည်းဘဝနဲ့ကို သက်ဆိုင်နေတယ်ဗျ။ စာတည်းဘဝ ပြောရရင် အဲဒီအဖြစ်ကလေးကိုလည်း မပြောလို့ကို မရဘူး။ ထုံးစံအတိုင်းပေါ့ဗျာ။ စာတည်းဘဝနဲ့ ပတ်သက်တဲ့

မိန်းကလေးဆိုတော့ စာပေလေး ဘာလေး ဝါသနာပါတာပေါ့။ သူ့နာမည်လား။ မသိချင်ပါနဲ့ဗျာ။ သိလည်း ဘာမှထူးမှာမှ မဟုတ်ဘဲ။ ဘယ်လိုဆိုတာသိရင် တော်ရောပေါ့။ လူပုဂ္ဂိုလ်ထက် သဘောတရားက ပိုပြီး အရေးပါတယ် မဟုတ်လားလို့။

ကျောင်းနံရံကပ်စာစောင်ဆိုတာ ပို့တဲ့သူကလည်း ကျောင်းသူပေါ့ဗျာ။ လှလည်း တော်တော်လှပါတယ်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရတာ မဟုတ်ပါဘူး။ တကယ်ပြောတာပါ။ ကျွန်တော် မျက်စိကျတာကိုသာ ကြည့်လေ။ စာတည်းဆိုတာ တော်ရုံတန်ရုံဆို သဘောကျတာ မဟုတ်ဘူးဗျ။ ရွေးချင်တဲ့အကျင့်က ပါလာတယ် မဟုတ်လား။ သူပို့တဲ့စာတွေကို အကြောင်းပြုပြီးတော့ စာပေ ဆွေးနွေးရင်းနဲ့ တော်တော် ခင်သွားကြတာပေါ့။ ပြောရင်းဆိုရင်းနဲ့ ကြာလာတော့ သူ့အရည်အသွေးလေးတွေကို သဘောကျလာတယ်ဗျ။ သူကလည်း ကျွန်တော့်ကို အထင်ကြီးပုံရတယ်။

အသွင်မတူ အိမ်သူမဖြစ်လို့ ဆိုထားတယ် မဟုတ်လား။ စာပေဝါသနာပါတဲ့ သူချင်းမို့ မျက်စိကျမိတာ မဆန်းလှပါဘူး။ စိတ်ကူးထဲမှာများ စာအုပ်ကို အတူထိုင်ဖတ်၊ ကဗျာတစ်ပုဒ်ကို အတူကာရန်ရှာပြီး စပ်နဲ့ ပျော်စရာကြီးပေါ့။

တိုတိုနဲ့ပြောရရင်တော့ သူ့ကို ကျွန်တော်က ကဗျာလေးတစ်ပုဒ်နဲ့ စတင်အသိပေးလိုက်တယ်ဗျ။ တော်တော့်ကို ကြိုးစားပြီး စပ်လိုက်ရတဲ့ ကဗျာလေး တစ်ပုဒ်ပေါ့ဗျ။ ကျွန်တော်က မေတ္တာရှိနေတဲ့ အကြောင်းပါပဲ။

သူက ဘာမျှ မဖြေပေးဘူးဗျ။ ဒါပေမဲ့ အရင်ကလို သွားလာခင်မင်နေတာပါပဲ။ မူလည်း မပျက်လှဘူး။ မိန်းကလေးဆိုတာ တစ်စောင်နဲ့တော့ ဘယ်မှာ တုံ့ပြန်ရိုးထုံးစံ ရှိပါ့မလဲ။ ဟန်လုပ်ရဦးမှာပေါ့။ ဒီတော့

နောက်ထပ်နှစ်စောင် ပေးဖြစ်တာပါပဲ။ ဘာမျှ ထူးမလာဘူးဗျာ။

နောက်ဆုံးတော့ သူ့ကို ကိုယ်တိုင်ပဲ ရှေ့မျက်နှာ နောက်ထားပြီး မေးရတော့တာပေါ့။ သူကတော့ အေးအေးဆေးဆေးပဲ ပြန်ပြီး အဖြေပေးပါတယ်။ သူ့အနေနဲ့ ကျွန်တော့်ကို မေတ္တာပြန်ပြီး မတုံ့ပြန်နိုင်တဲ့ အတွက် ဘဝခရီးဖော်အဖြစ် လက်တွဲဖို့ဆိုတာ မဖြစ်နိုင်ပါဘူးတဲ့။

ဒီတော့ အပယ်ခံလူတစ်ယောက်ရဲ့ အခွင့်အရေးအနေနဲ့ ကျွန်တော်ကလည်း ပြန်ပြီး စောဒကတက်ခွင့်တော့ ရှိတာပေါ့ဗျာ။ မချစ်နိုင်ဘူးဆိုတာ ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက်ကလေးကို သိချင်သေးတာပဲ မဟုတ်လား။ ကျွန်တော့်ရုပ်ရည်က သိပ်ကို ဆိုးလို့လားဆိုတော့လည်း ရှင်ဟာ ယောကျ်ားပီပီသသနဲ့ ခံ့ချောပါ။ ဘယ်မှာ ရုပ်ဆိုးရမလဲတဲ့။ အကျင့်စာရိတ္တကို မကြိုက်လို့လားဆိုတော့လည်း အရက်မသောက်၊ ဖဲမရိုက်နဲ့ ရှင့်လိုလူမှ အကျင့်စာရိတ္တ ကောင်းတယ်မခေါ်နိုင်ရင် ဘယ်သူ့သွားခေါ်ရမလဲတဲ့။ ဒါဖြင့် ကျွန်တော့်ထက် ပညာသာတဲ့သူကို မျှော်ကိုးပြီး အထင်သေးလို့လားဆိုတော့လည်း ခေတ်ပညာတတ်တစ်ယောက်ကို ဘာမျှအထင်သေးစရာ မရှိပါဘူးတဲ့။ အနေအထိုင်၊ အပြောအဆိုလည်း ဘာမျှမလိုပါဘူးတဲ့။ ကဲ... စဉ်းစားရ မကျပ်ဘူးလား။

ဒါတွေအားလုံး ပြည့်စုံလျက်သားနဲ့၊ အပြစ်ပြောစရာ ဘာမျှမရှိဘဲနဲ့ ဘာပြုလို့ မချစ်နိုင်ရတာလဲလို့ ကျွန်တော်က မေးတော့သူက အဖြေမပေးဘဲနဲ့ အမေးတစ်ခုကိုပဲ ပြန်မေးလိုက်တယ်။

"ရှင်ဟာ စာတည်းတစ်ယောက်ဘဝ ကြုံခဲ့ဖူးသားပဲ။ စာမူတစ်ခုဟာ အရေးအသားလည်း ကောင်းတယ်။ ဇာတ်လမ်းလည်း မဆိုးဘူး။ ဦးတည်ချက်လည်း ပီသတယ်။ အပြစ်ပြောစရာ ဘာမျှမရှိဘူး။ ဒါပေမဲ့ ရှင်မရွေးနိုင်ဘူးဆိုရင် ဘာကြောင့် ဖြစ်မလဲ"တဲ့။

ကျွန်တော်လည်း စဉ်းစားပြီးတော့မှ အဖြေပေးလိုက်ရတာပါပဲ။ အဖြေသာ ပေးလိုက်ရတယ်။ ဒီအမျိုးသမီး ဘာသဘောနဲ့ မေးတာလဲ လို့ နားမလည်ဘူးဗျ။ ဒါပေမဲ့ စာတည်းဘဝမှာရခဲ့တဲ့ အတွေ့အကြုံ အရပေါ့လေ။ ဖြစ်နိုင်တဲ့ အဖြေကို တိတိကျကျပဲ ပေးလိုက်ရပါတယ်။

ဒီစာမူတစ်ပုဒ်ဟာ အပြစ်ပြောစရာ မရှိပေမဲ့ သူ့ထက်ကောင်းတဲ့ နာမည်ရ စာရေးဆရာတွေရဲ့ စာမူတွေက ပြည့်နေရင် ခဏပဲဖြစ်ဖြစ် ပယ်ထားလိုက်ရတာပဲ။ ဒါမှမဟုတ်ရင်လည်း စာမူတစ်ပုဒ်ဟာ ချွတ်ယွင်းချက်ကိုသာ ရှာမတွေ့တယ်။ ဖတ်ပြီးတော့ ရင်ထဲမှာ လှုပ်ရှားပြီး ညို့ဆွဲမဖမ်းစားနိုင်လည်း ပယ်လိုက်ရတာပါပဲလို့။

ကျွန်တော့်အဖြေလည်း ပြီးရော အမျိုးသမီးက အောင်ပွဲရအပြုံးနဲ့ ခုံခုံကြီး ပြုံးလိုက်ပြီးတော့မှ သူ မချစ်နိုင်ရခြင်းအကြောင်းကလည်း အဲဒီအတိုင်းပါပဲတဲ့။

အစကတော့ ကျွန်တော်လည်း အူကြောင်ကြောင် ဖြစ်နေခဲ့သေးတယ်။ နောက်တော့မှ သဘောပေါက်ပြီးတော့ သြော်… သြော် ဆိုပြီး အောင်မြင်စွာ နောက်ဆုတ်ခဲ့ရတာပေါ့ဗျ။

ဒီလိုနဲ့ပဲ နောက်ဆုံးနှစ် စာမေးပွဲအောင်လို့ ဘွဲ့လည်းရ၊ ကျောင်းက ထွက်ခဲ့ရတော့ စာတည်းကလေး ဘဝကနေ အလိုလို နုတ်ထွက်ပြီးသား ဖြစ်သွားလို့ တစ်ခန်းရပ်ခဲ့ရတော့တာပါပဲ။ ပြန်တွေးမိရင်တော့ ရယ်ချင်ဘာလိုလို၊ လွမ်းတာလိုလိုနဲ့ တစ်မျိုးကြီးပါပဲဗျာ။

ဇန်နဝါရီ၊ ၁၉၇၁

မြန်မာပြည်မှာလုပ်သည်နှင့် အခြားဝတ္ထုတိုများ၊ ဇန်နဝါရီ၊ ၁၉၇၇

❑

## … … … နှင့် ကျွန်တော်နှင့် … … …

- သဲအိမ်မောင်နေဝါ -

(၁)

ခြေထောက်တွေမှာ ဖိနပ်စီးထားတာလည်း သေချာမှုတစ်ခုလိုပဲ ဖြစ်ပါသည်။

(၂)

ယခုလို အချိန်မျိုးမှာ လမ်းလျှောက်လျက်ရှိကြသော ခြေထောက်တွေကို ခပ်ရဲရဲအကြည့်ဖြင့် ကျွန်တော် စိုက်ငေးနေဖို့ပင် မကောင်းတော့ပါ။ ဒါမှမဟုတ် လမ်းလျှောက်နေကြသော ခြေထောက်တွေက တဖျပ်ဖျပ် အသံမြည်လျက်ရှိသည့် ဖိနပ်များ၏ အသံကိုလည်း ကျွန်တော့်အာရုံမှာ လှုပ်ခတ်ငြိတွယ်၍ မနေစေချင်ပါ။ ထိုကဲ့သို့ ဖြစ်နေရခြင်းမှာလည်း ကျွန်တော့်အဖို့ ဖြစ်လေ့ဖြစ်ထ ကိစ္စတစ်ခုလို မဟုတ်ပါ။

ကျွန်တော်သည် ခပ်ကျဉ်းကျဉ်း လက်ဖက်ရည်ဆိုင်ခန်းကလေးထဲမှာ ထိုင်လျက်ရှိပါသည်။ ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲမှာဖြစ်သည်။ စားပွဲများက ခပ်ဟောင်းဟောင်း။ ခွေးခြေခုံမြင့်တွေကသာ သစ်လွင်မှု ရှိနေပါသည်။ ကျွန်တော်သည် လှပသော ခွေးခြေခုံပေါ်မှာ

ထိုင်လျက် ဆေးပေါ့လိပ်ကို တစ်ဖွာပြီးတစ်ဖွာ ဆက်၍ ဆက်၍ ရှိုက်ကာ ဖွာပါသည်။ ဆေးလိပ်မီးခိုးငွေ့တို့သည် ကျွန်တော်က တွက်ဆထား ခြင်းမဟုတ်ဘဲ နှာခေါင်းပေါက်ထဲမှ ထွက်လာကြပါသည်။ ရယ်တော့ ရယ်စရာပါပဲ။ အသေအချာ တွေးကြည့်တော့လည်း ရယ်စရာမဖြစ်ပါ။ ကျွန်တော်သည် လက်ဖက်ရည် ပန်းကန်လုံးထဲကို ရေနွေးကြမ်းငှဲ့၍ သောက်ပါသည်။ စားပွဲပေါ်မှာ တစ်ကျပ်တန် မုန့်တွေချထားသည်။ တချို့မှာ ငါးမတ် ဖြစ်ပါသည်။ ကျွန်တော်က ရေနွေးကို ကုန်အောင် မသောက်နိုင်ပါ။ မုန့်တွေမှာ ကလေးများအတွက် ဖြစ်နိုင်သည်။ ရေနွေး အိုးထဲကို အချိုခြောက်တွေ ခပ်ထားကြပါသည်။ ကျွန်တော့် တံတောင် ဆစ်ကို စားပွဲပေါ်တင်ကာ မေးဖျားကိုလက်ထောက်၍ ပြတင်းပေါက် အပြင်ဘက်သို့ ငေးကြည့်နေမိပြန်သည်။ အပြင်ဘက်မှာက စိုစိုစွတ် စွတ်နှင့် မိုးရွာထားပြီးခါစ...။

လက်ဖက်ရည်ဆိုင်ခန်းထဲတွင် သီချင်းသံများ ဆူညံလျက်ရှိ သည်။ သို့မဟုတ် ရှည်လျားသော အခန်းကျဉ်းကလေးထဲမှာ သီချင်းသံ က ပျံ့နေခြင်းဖြစ်နိုင်ပါသည်။ ကျွန်တော်သည် လက်ညှိုးနှင့် လက် ခလယ်၏ အကူအညီဖြင့် စားပွဲကို တီးခေါက်နေမိသည်။ သံစဉ်တစ်ခု လှုပ်ခတ်ထွက်လာတာကို ကျွန်တော် တွေးတော အံ့သြနေပြန်သည်။ လက်ဖက်ရည်ဆိုင်ခန်းထဲမှာ ရှိနေကြသော လူတိုင်း၏ ခြေထောက် တွေမှာ လှုပ်နေကြပါသည်။ ပါးစပ်တွေမှာ ငါးတစ်ကောင်ကဲ့သို့ ဟစိ ဟစိနှင့် အသံဗလံများ မြည်ထွက်လျက် ရှိပါသည်။ ကျွန်တော်သည် သည်း တဖြည်းဖြည်းနှင့် ရယ်စရာ အတွေးဘက်ကနေ မြင်တတ်စ ပြုလာပါသည်။ ထိုအခါမျိုးမှာ ဆေးလိပ်ဖွာနေဖို့ သင့်သည်။ ကျွန်တော် သည် စားပွဲပေါ်က သစ်သားမီးခြစ်ဘူးကလေးကို လှမ်း၍ ယူပါသည်။ အမှတ်မထင် ကျွန်တော့်လက်နှင့်တိုက်မိပြီး မီးခြစ်ဘူးကလေးမှာ စားပွဲ

အောက်သို့ လွင့်ကျသွားပါသည်။ ကျွန်တော်၏ ပေါ့လျော့မှုကြောင့်ပဲ ဖြစ်ပါသည်။ ကျွန်တော့် စိတ်နှလုံးသားမှာလည်း ညစ်ညူးလာပါသည်။ ကျွန်တော့် ဦးခေါင်းကို စားပွဲအောက်ထဲသို့ လျှိုသွင်းကာ မီးခြစ်ဘူးကလေးကို ပြန်ကောက်ယူရဦးတော့မည်။ ကျွန်တော့် ဦးခေါင်းကို စားပွဲအောက်ထဲသို့ ငုံ့လျှို၍ သွင်းလိုက်ပါသည်။ ရင်ခုန်သံမှာ မြန်ဆန်စွာ ဆူညံသွားသည်။ အလွန်တရာ ကျွန်တော် နောက်ကျသွားခဲ့ပါသည်။ ဟုတ်သည်။ စားပွဲခုံအောက်မှာ ကျွန်တော့် ဖိနပ်တစ်ရန်။ ကျွန်တော့် ဦးခေါင်းကို စားပွဲခုံ အောက်ကနေ လျင်မြန်စွာ ပြန်ထွက်လိုက်ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လည်၍ အားတင်းယူရသည်။ ကျွန်တော်သည် ပြတင်းဝဆီသို့ မျက်နှာမူလိုက်သည်။ လေက လွင့်နေသည်။ စားပွဲခုံအောက်မှာ ကျွန်တော် ချွတ်ထားသော ဖိနပ်တစ်ရန်ကို ပြန်လည်၍ မြင်ယောင်လာပါသည်။ အမှန်အားဖြင့် မိုးတိမ်များကို ကျွန်တော် ကြည့်နေသင့်သည်။ မိုးတိမ်တွေမှာ လိပ်၍ တက်လာကြသည်။ မိုးတိမ်စိုင်တစ်ခုမှာ ဖိနပ်ပုံသဏ္ဍာန်ကဲ့သို့ ခပ်ဆင်ဆင်တူလျက် ရှိသည်။ နောက် ကောင်းကင်ပြင် တစ်ခုလုံး ဖိနပ်များ ပြည့်နှက်ကာ ပျံသန်းနေကြသည်နှင့် တူသွားသည်။ ဖြူသည်က ဖြူ၊ ညိုသည်က ညို၊ မည်းသည်က မည်းနှင့် ကျွန်တော့် အာရုံ ခံစားမှုများလား…။ ကောင်းကင်ပေါ်သို့ အသေအချာ လှမ်းကြည့်လိုက်သောအခါ မိုးတိမ်များသာ လွင့်လျားနေပါသည်။ မိုးတိမ်များမှာ ထူပျစ်လျက် တလိမ့်လိမ့် အိဆင်းသွားနေပုံမှာ ပုပ်ပွလာသည့် အသားစိုင်များဖြင့် တူနေပြန်သည်။ ကျွန်တော်၏ စိတ်နှလုံးသားအား မသက်သာဖွယ်ရာ ဖြစ်စေလာပါသည်။

ကျွန်တော်သည် မီးခြစ်ကို ခပ်မြန်မြန်ခြစ်၍ ဆေးလိပ်ကို ဖွာနေပါသည်။ မီးခိုးငွေ့များ တွန့်ရစ် လိပ်ခွေသွားရာနောက်ကို ကျွန်တော် လိုက်ကြည့်နေမိသည်။ ဝေ့လျားသွားနေသော ဆေးလိပ်ငွေ့များကို ကြည့်ရင်း

ကျွန်တော့်ဖိနပ်လေးဆီသို့ အာရုံရောက်သွားခဲ့သည်။ နောက်ဆုံးမှာ အသားများ အတွန့်အတွန့်နှင့် အိပ့်ပျော်ကျကာ ဖနောင့်တွင် ဆယ်ပြား စေ့သာသာခန့် ပေါက်နေသည့် ဖိနပ်ကလေးကို ကျွန်တော် ပြန်လည်၍ မြင်ယောင်လာပါတော့သည်။ သည်းကြိုးမှာ အနားစများ ဖွာလန်ကြဲကာ ယိုင်နဲ့နဲ့နှင့်...။ ထိုသားရေဖိနပ်ကလေးမှာ ပြတ်ချင်ချင် တဲတဲကလေး။ ယခုတော့ ထိုသားရေဖိနပ်ကလေးမှာ ကံအားလျော်စွာ မပြတ်သေးဘဲ ရှိနေပါသည်။ အမှန်ပြောရလျှင် ကျွန်တော်သည် ခေါင်းကိုငုံ့၍ ထိုသားရေဖိနပ်ကလေးကို ပြန်မကြည့်ရဲပါ။ သားရေဖိနပ်ကလေးမှာ နူရာဝဲစွဲနေသော သတ္တဝါတစ်ကောင်နှင့် ဆင်ဆင်တူနေတော့သည်။ အသေအချာ ကြည့်မိလျှင် အနံ့အသက်များ ပျံ့နေသကဲ့သို့ ကျွန်တော် ခံစားလာရတတ်ပါသည်။ ပြတင်းတံခါးရွက် တစ်ချပ်မှာ ဂျိမ်းခနဲ ပိတ်သွားသည်။ ကျွန်တော်က လက်ကိုလှမ်း၍ တွန်းဖွင့်လိုက်သည်။ ကျွန်တော့်လက်ပေါ်ကို မိုးစက်ကလေးတွေ ကျလာသည်။ ကြည့်ကောင်းကောင်းနှင့် ကျွန်တော် စိုက်ကြည့်နေပါသည်။ ငှက်ကလေးတွေကို ကျွန်တော် မမြင်ရပါ။

ရေနွေးကို မမှုတ်ဘဲ ကျွန်တော် သောက်လိုက်သည်။ ကျွန်တော် ဘာမျှမဖြစ်ပါ။ ဆေးပေါ့လိပ်မှာ ဖွာရင်းက တိုစပြုလာပါသည်။ လက်ဖက်ရည် ပန်းကန်ပြားထဲမှာ မီးခြစ်ဆံနှင့် ဆေးလိပ်ပြာများ ငြိမ်သက်နေသည်။ ကျွန်တော်က ပျံ့လွင့်နေသော သီချင်းသံအောက်မှာ တစ်စုံတစ်ခုကို တွေးလျက် ရှိပါသည်။ ထိုတစ်စုံတစ်ရာ အတွေးကို ကျွန်တော် ကိုယ်တိုင် မသိပါ။ ဖိနပ်ကိစ္စလားဟု ဖျတ်ခနဲ တွေးလိုက်မိသေးသည်။ ဖိနပ်ကိစ္စလည်း မဟုတ်နိုင်ပါ။ ဖိနပ်မှာ အရာဝတ္ထုတစ်ခုပဲ ဖြစ်ပါသည်။ ကျွန်တော်က လူ။ ထိုအခါ 'မည်သည့်အရာမျှ မတည်မြဲ' ဟု ပြောတတ်သော အမေ့စကားကို ကျွန်တော် သတိရလာပြန်သည်။ ဖိနပ်ကလေး၌

ဒဏ်ရာအနာတရ ရှိလာသကဲ့သို့ ကျွန်တော်သည် မိမိကိုယ်ကို ခုခံ ကာကွယ်ရင်း စိတ်မှာ ဒဏ်ရာအနာတရ ဖြစ်လာသလိုလို ခံစားနေရ တော့သည်။ တွန့်ခွေ ရှည်မွနေသော ဆံပင်အုံကြားထဲ လက်ချောင်း များကို ထိုးသွင်းကာ တံတောင်ဆစ်ကို စားပွဲပေါ်မှာထောက်ရင်း ပြတင်း ဝတည့်တည့်ဆီ စိုက်ကြည့်နေသောအခါ ကျွန်တော်၏ မှိုင်းညို့ဝေးရီ သော ပုံသဏ္ဌာန်သည်လည်း စိတ်တွင် ဒဏ်ရာ အနာတရ ဖြစ်နေပုံ သဘော ပိုမို၍ ပေါ်လွင်နေပါသည်။ ပြတင်းဝကို သံတိုင်တွေ စိုက် ထားသည်။ မိုးစက်တွေက အလွယ်တကူပဲ ကျွန်တော့် မျက်နှာပေါ်ကို ဖြတ်ကျလာသည်။ ကျွန်တော်က ဆိုင်အရှေ့ တံခါးဝကို လှမ်းကြည့် လိုက်သည်။ လူတစ်ယောက် ကျွန်တော့်ကို ပြုံးပြပြီး ဆိုင်ထဲဝင်လာ တာကို လှမ်းမြင်သည်။ ထိုလူ့နာမည်ကို မှတ်ထားဖို့ မေ့နေ၍ ကျွန်တော် မသိပါ။ သူက မျက်မှန်ထူထူကို တပ်ထားသည်။ သူနှင့် ကျွန်တော် စကားပြောလျှင် 'ခင်ဗျား' ဟူသော နာမ်စားကိုသာ သုံးပါသည်။ သူသည် ကျွန်တော့်စားပွဲမှာ ဝင်ထိုင်သည်။ တိုက်ပုံအင်္ကျီကို သူ ဝတ်ထားသည်။ ဆိုင်ထဲသို့ ဝင်လာခါစက အပြုံးအတိုင်း သူက ကျွန်တော့်ကို ပြုံး၍ ကြည့်သည်။ ကျွန်တော် ပြန်ပြုံးပြရသည်။ ဒါမှမဟုတ် ကျွန်တော့် မျက်နှာ မဲ့သွားသည်။ သူက စကားတွေ ပြောတော့မည်။ ကျွန်တော် စိတ်ပျက် သည်။ ဆိုင်ထဲက ထွက်သွားချင်စိတ် ပေါ်သည်။ ဖိနပ်စီးပြီး လမ်း လျှောက်ရမှာကိုပဲ ကျွန်တော် စိတ်မောလျက်ရှိပါသည်။ ကျွန်တော့် သူငယ်ချင်း ပန်းချီဆရာတစ်ယောက် သို့မဟုတ် ကဗျာဆရာတစ် ယောက်လောက် ရောက်လာလျှင် ကောင်းမည်။ ကံအားလျော်စွာ မည်သူ မျှ ရောက်မလာကြပါ။ တိုသွားပြီဖြစ်သော ဆေးပေါ့လိပ်ကို လက်ဖက် ရည်ပန်းကန်ပြားထဲ ကျွန်တော် ထည့်သည်။ အမှတ်တမဲ့ ကျွန်တော် လေချွန်သည်။ သူက ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့ပါးစပ်က

အသံမြည်တော့မည်။

"ခင်ဗျား ဘာတွေ တွေးနေသလဲ"

"ကျွန်တော် လေချွန်နေတယ်"

"လေမချွန်ခင်တုန်းက ဗျာ"

"အဲဒါကို ကျွန်တော်ကိုယ်တိုင်မှ မသိဘဲ"

သူက ရယ်မလိုလုပ်ပြီး မရယ်ပါ။ ကျွန်တော်က ရယ်ချင်လာသည်။ သူနှင့် စကားခပ်များများ ပြောဆိုဖို့အတွက် ကျွန်တော့်မှာ အဆင်သင့် မဖြစ်ပါ။ ကျွန်တော်က ဆိုင်ခန်းနံရံပေါ်မှာ ကပ်ထားသော ပြက္ခဒိန်များကို လှမ်းကြည့်ပါသည်။ စိတ်ဝင်စားမှုကို ကျွန်တော် တွေ့နေရဆဲ။ လက်ဖက်ရည်ဆိုင် အပြင်ဘက်မှာ မိုးရွာနေသည်။ ထီးတွေမှာ များသောအားဖြင့် အနက်ရောင်များ ဖြစ်ပါသည်။ တံစက်မြိတ်ကနေ ရေတွေအဆက်မပြတ် စီးကျနေသည်။ အခုနေ ဆိုင်ထဲက ကျွန်တော် ထွက်သွားခဲ့လျှင် မိုးစိုခံရမည်။ လေ့ကားဝတစ်ခုခုမှာ ရပ်ပြီး မိုးခိုလျှင် ဖြစ်နိုင်ပါသည်။ ဒါလည်း အဓိပ္ပာယ်မရှိ။ လမ်းလျှောက်ရင်း အတွေးတစ်ခုခုကို တွေးနေရတာမျိုးကို အမှန်ပြောရလျှင် ကျွန်တော် သဘောမကျလှပါ။ အတွေးကို စုစည်းထားလို့မရဘဲ အာရုံမှာ ပျံ့လွင့်နေလိမ့်မည်။ ကျွန်တော် နှစ်သက်စွဲလမ်းမိသည်မှာ လက်ဖက်ရည်ဆိုင်ခန်း ကျဉ်းကျဉ်းကလေးထဲတွင် ထိုင်ပြီး အတွေးလွန်ဖွဲ့နေရတာမျိုး ဖြစ်ပါသည်။ လက်ဖက်ရည် ဆိုင်ခန်းထဲမှ ထွက်ဖို့အတွက် ညနေခင်းပိုင်းကို ကျွန်တော် ရွေးချယ်ထားပါသည်။ ညနေခင်းမှာ လျှင်မြန်စွာ ကပ်လာတော့မည်။ 'ခင်ဗျား စာတော့ ရေးဖြစ်တယ် မဟုတ်လား' ဟု သူက ကျွန်တော့်ကို လှမ်းမေးသည်။ ကျွန်တော်က သူ့မျက်နှာကို တည်ငြိမ်စွာ ကြည့်သည်။ သူ့မျက်နှာမှာ လေးထောင့်ဖြစ်သည်။ ကျွန်တော်က အံ့အားသင့်လျက်...။ ဆိုင်ထဲမှာ အသံဗလံတွေက ဆူညံလာသည်။ သူ့မျက်နှာက ကျွန်တော့်

အနီး ကပ်လာကာ… "ဝတ္ထုတို တစ်ပုဒ်တော့ ဖတ်လိုက်ရတယ်" ဟု ပြောပါသည်။ ကောင်တာစားပွဲမှ ကောင်မလေးက ခေါင်းကို နောက်သို့လှန်ပြီး ပါးစပ်ဟကာ သမ်းဝေပါသည်။

"စာရေးဖို့တော့ မနည်း ပျင်းနေတယ်"

"ဒါဖြင့် စာအုပ်တွေတော့ ခင်ဗျား ဖတ်ဖြစ်နေမှာပေါ့"

"ရှင်ပြန်ထမြောက်ခြင်း ဆိုတဲ့ စာအုပ်လား…"

သူက ခေါင်းကို ကုတ်နေသည်။

"ကျေးလက်အကြောင်းတွေကို မရေးဖွဲ့တော့ဘူးလားဗျာ"

သူ့ကို ကျွန်တော် ငေးကြည့်သည်။ စိတ်မသက်သာဖွယ် အခြေအနေကို ကျရောက်လာသည်။ ဓာတ်က စလေပြီ။ ဘဝသရုပ်ဖော်တွေ ရေးဖို့ သူက ဆက်ပြောဦးမည်။ ကျွန်တော့်ကို ကူညီမည့်သူလား။ သူ့ကို ကျွန်တော် မသိပါ။ ဘယ်တုန်းက ဆိုလား ကဗျာရေးခဲ့သည်တဲ့။ စာပေလောကထဲလည်း ထိုကဲ့သို့သော လူတွေက များနေသည်။ လက်ဖက်ရည်ဆိုင်မှာ၊ စာအုပ်တန်းမှာ တွေ့နိုင်သည်။ … … … စာမူတွေ ဝယ်ပြီး ပြန်ရောင်း၊ ရုပ်ပြဓာတ်လမ်းတွေ ရေးနှင့်။ ထိုကဲ့သို့သော လူကလည်း လက်ဖက်ရည်စားပွဲမှာ စာပေအကြောင်းတွေ ဆွေးနွေး ငြင်းခုံနေလေရဲ့။

"ကျေးလက်ကို ခင်ဗျား သွားဖို့သင့်တယ်ဗျာ"

"ကျွန်တော့်ဖိနပ်က ပြတ်ချင်ချင် တဲတဲကလေးပဲ ရှိတော့တယ်"

"ခင်ဗျားကို ကျွန်တော် စေတနာနဲ့ ပြောတာပါ"

ယခုမှ ကျွန်တော့်ရှေ့မှာ ရယ်စရာကို တွေ့ရတော့သည်။ ကျွန်တော်က ရယ်သည်။ သူက အူကြောင်ကြောင် ဖြစ်သွားသည်။ ပစ်ခါးနေအောင်ကို ကျွန်တော် ရယ်ပါသည်။ သူ့မျက်နှာမှာ အနီရောင်ဆေးခွက်ထဲ မှောက်ကျထားသကဲ့သို့ ဖြစ်သွားပါသည်။ "စကားတွေ အများကြီး

ပြောရတာ ခင်ဗျား မမောဘူးလား”ဟု ကျွန်တော် သူ့ကို မေးပါသည်။ သူ ကြားချင်မှလည်း ကြားလိမ့်မည်။ ဒါမှမဟုတ် သူ ကြားနိုင်သည်။ သူ့မှာ နားနှစ်ဖက်တောင် ရှိသည်။ ကျွန်တော့်မီးခြစ်နှင့် သူ ဆေးလိပ်ညှိသည်။ အပြင်ဘက်မှာက မိုးစက် မိုးပေါက်များ။ တံခါးရွက်ပေါ်ကို မိုးစက်တွေ လာစဉ်ပြီး စီးကျနေသည်။ ကျွန်တော့်မှာ ပြောစရာစကား မရှိတော့ပါ။ မိုးစက်တွေကို ကြည့်ငေးရင်း အာရုံမှာ ပျံ့လွင့်လာပါသည်။ ရုတ်တရက် 'မေသက်ဟန်' ကို ကျွန်တော် သတိရလာသည်။ တစ်ခါတစ်ရံလည်း 'သတိရခြင်းဆိုတာ အကြောင်းမထူးပါဘူး'ဟု ကျွန်တော်တွေးယူသည်။ တိုက်ခေါင်မိုးတွေဆီ အဓိပ္ပာယ်မရှိ လှမ်းကြည့်ပါသည်။ မိုးစက်တွေကို ငေးကြည့်ပါသည်။ မီးခြစ်၏ယမ်းကို ထုတ်ပါသည်။ သုံးလေးချက် ခြစ်ကြည့်ပြန်သည်။ အဓိပ္ပာယ်မဲ့ မီးတောက်ကလေး တစ်ခု။ အထပ်ခိုးကလေး အကြောင်းကို စဉ်းစားပြန်သည်။ အထပ်ခိုးကလေးမှာ ကျွန်တော့်အတွက် ခိုလှုံစရာ နေရာတစ်ခုပဲ ဖြစ်ပါသည်။ မိတ်ဆွေတစ်ဦးကဲ့သို့ ဖြစ်နေသော အနက်ရောင် 'ကြောင်' ကလေးနှင့် ကြေးမုံပြင် မှန်တစ်ချပ်လို ဆင်ဆင်တူနေသည်။ ဂျိုကာ 'ဖဲ' ချပ် အဟောင်းကလေးကိုလည်း စိတ်ကူးထဲ ထည့်ကြည့်မိပြန်သည်။ စိတ်နှလုံးသားကနေ 'ဘဦး ရေကူးနေသည်'ဟု ဆိုကြည့်သေးသည်။ နောက် 'ဒွန်ပန်းရုံအနီး ...'ဟု နှုတ်ထဲ၌ ကျွန်တော် ကျုံ့နေပါတော့သည်။ မည်သို့ပင်ဖြစ်စေ၊ မေသက်ဟန်မှာ အတွေးထဲမှ ပျောက်ပျက်မသွားပါ။ မျက်လုံးကို ဖွတ်မိုတ်ထားလိုက်ရပါသည်။ အာရုံကြောများ ကြေမွကုန်ပြီလား မသိ။ မှောင်မည်းမည်း အရိပ်အယောင်များ အမြွာမြွာ စုတ်ဖွာသွားကာ မေသက်ဟန်၏ ပုံရိပ်မှာ တဖျပ်ဖျပ်နှင့် မျက်လုံးထဲမှာ ပေါ်လာပါတော့သည်။ ဟုတ်သည်။ ကျွန်တော့် စိတ်ကူးရုပ်ထဲမှာ သွက်လက်ပေါ့ပါးစွာ ရယ်မြူးနေတတ်သော မေသက်ဟန်၏ သဏ္ဍာန်ရိပ်တစ်ခု ထင်ဟပ်

လာပါသည်။ သူမ ရယ်လျှင် ပါးစုန့်ပြည့်တင်းတင်းကလေးမှာ တွင်းတိမ်တိမ်လေးတစ်ခု လှပစွာ ပေါ်လာတတ်ပါသည်။ မေသက်ဟန်မှာ ချောမွတ်နုညက်သော ဝင်းစိုပြည့်ရစ်သည့် အသားအရေနှင့် လှပသူတစ်ယောက် ဖြစ်ပါသည်။ ဖြူဝင်းသော လက်ပေါ်မှာ မွေးညင်းနုစိမ်းကလေး ခပ်ရေးရေး ပြေးလဲ့နေသေးသည်။ မေသက်ဟန်မှာ လေဒီဒိုင်ယာနာပုံ အလယ်ခွဲဆံပင်နှင့် ဖောရိန်းရှပ် သို့မဟုတ် တီရှပ်ကို ဝတ်တတ်ပြီး ခုံမြင့်ဖိနပ် စီးလေ့ရှိသော တက္ကသိုလ် ကျောင်းသူတစ်ယောက် ဖြစ်ပါသည်။

ယခုတော့ ကျွန်တော် တွေးလျက်ရှိသော အကြောင်းအရာကို ကျွန်တော်ကိုယ်တိုင် သိလာပါသည်။ အမှန်ပြောရလျှင် ဖြစ်လေ့ဖြစ်ထလို ကိစ္စတစ်ခုပဲ မဟုတ်လား။ ဖြစ်လေ့ဖြစ်ထ တချို့တချို့တွင် 'ကိုကိုရယ်... မေ့ကို ချစ်ရဲ့လားကွယ်' ဟု တိုးဖက်ကာ မေးတတ်သော ချစ်သူစကားလည်း ပါဝင်နေပါသည်။ ထိုစကားမျိုးကို မေသက်ဟန်က ကျွန်တော်နှင့်တွေ့လျှင် မေးတတ်ပါသည်။ "မေဟာလေ...ကိုကို့ရဲ့ အမြဲရှင်သန်နေတဲ့ အသည်းနှလုံးပါပဲ" ဟု ပြောလျှင် သူမမှာ နှစ်သိမ့်ကြည်မောနေတတ်ပါသည်။ "ချစ်တယ်ကွာ၊ တကယ်...တကယ်..." ဟူသော စကားသံကိုသာ သူမက ကြားချင်နေတတ်ပါသည်။ ကျွန်တော်က သူမ၏ နုညက်သည့် ပခုံးဝိုင်းဝိုင်းကလေးကိုသာ တို့သက် ထိနမ်းနေခဲ့ပါသည်။ ကျွန်တော် စကားနည်းမှန်းကိုတော့ သူမ သိပါသည်။ သူမက စကားတွေ အများကြီး ပြောလေ့ရှိပါသည်။ ကျွန်တော်က သူမကို နောက်ချင်လျှင် 'စကားတွေ အများကြီး ပြောရတာ မမောဘူးလားမေရယ်...' ဟု ပြောရသည်။ မေသက်ဟန်၏ မျက်စောင်းမှာ ချစ်ဖို့ပဲကောင်းပါသည်။ တစ်ခါတလေ သူမက ကျွန်တော့်ကို မနာကျင်အောင် ဆွဲဆိတ်လည်း ကျွန်တော်က 'အား...' ဟု အော်ပါသည်။

"ခင်ဗျားက ငြိမ်လှချည်လား"

ရုတ်တရက် သူ့အသံကို ကြားရသည်။

"ငြိမ်နေတာကို ကျွန်တော် နှစ်သက်ပါတယ်"

"တံငါသည်တစ်ယောက် ငါးမျှားနေသလိုလား"

"ငြိမ်သက်မှုကို အနုပညာရှင်တွေက သဘောကျပါတယ်။ ငြိမ်သက်မှုကို သူတို့က ပိုပြီး နားလည်ကြတယ်"

"ခင်ဗျားကိုယ်ကို အနုပညာသမားလို့..."

ကျွန်တော်က သူ့မျက်လုံးထဲကို စိုက်ကြည့်နေမိသည်။ အမှန်ပြောရလျှင် သူ၏ မျက်လုံးများကို ကျွန်တော် မနှစ်သက်ပါ။

"ကျွန်တော့် စိတ်အထင်ကို ပြောခွင့်ရှိပါတယ်"

"ခင်ဗျားက ငြိမ်ပြီး တွေးနေတတ်တာကိုး။ ကျွန်တော်တော့ စကားပြောနေရရင် မောတယ်လို့ကို မရှိပါဘူးဗျာ"

"တစ်နေရာကို စိုက်ကြည့်ပြီး ငြိမ်သက်နေတဲ့ အခါမျိုးကော ခင်ဗျားမှာ မရှိဘူးလား"

သူက ခေါင်းကိုခါလျက်... "ကျွန်တော်က ဝေဖန်ရေးကို ပိုပြီး စိတ်ဝင်စားတယ်" ဟု ပြောသည်။

"ပြဇာတ်ကော မရေးချင်ဘူးလား" ဟု ကျွန်တော်က သူ့ကို ပြောဖြစ်သေးသည်။ သူက ဝေဖန်ရေးဟူသော စကားလုံးကို ထပ်၍ သုံးပြန်သည်။ "မြင်းအမြီးမှာ ကပ်ပါလာတဲ့ မြက်ခြောက်တွေလို့ ကျွန်တော်တော့ ကြားဖူးတယ်" ဟု လှမ်းပြောလိုက်သောအခါ သူသည် စိတ်ဆိုးလျက်ရှိပါသည်။ ကျွန်တော်က ရယ်ချင်နေသည်။ သူ့စကားကို သူဆက်ပြောနေသည်။ ကျွန်တော့်အတွက် စိတ်ဝင်စားမှု မရှိသလောက်ဖြစ်သွားသည်။ ချက်ကော့ကို သူ စိတ်ဆိုးနေတာ ဖြစ်မည်။ ပြတင်းဝသံတိုင်တွေကြားကနေ အပြင်ဘက်ကို လှမ်းကြည့်ဖို့ ကျွန်တော် စိတ်ဝင်

စားလျက် ရှိသည်။ ဒါမှမဟုတ် တစ်စုံတစ်ခုကို ကျွန်တော် တွေးနေသင့်သည်။ သူ စကားပြောနေသည်။ အတင်းအဖျင်းများကို ကျွန်တော် နားမထောင်ချင်။ သူ စာဖတ်နေခြင်းမှာ ဘာမျှအသုံးမဝင်ဘဲ ကြီးကြီးကျယ်ကျယ်နှင့် စကားပြောဖို့ ဖြစ်လိမ့်မည်။ သာလိကာဟု ကျွန်တော် မပြောပါ။ အကြီးဆုံး မိုက်မဲမှုမှာ ဤအတိုင်းပင်။ ယခုတော့ မိုးစက်တွေကို ပြန်မြင်နေရပြီ။ ပျံ့မျောနေသည့် သီချင်းသံအောက်မှာ ကျွန်တော် ထိုင်နေဆဲ။ ကျွန်တော့်အနီးမှာ သူ ရှိနေသေးသည်။ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း ရသတစ်ခု ပျက်စီးသွားတော့မည်။ စိတ်မှာ ပို၍ ညစ်ညူးလာပါသည်။ ရုပ်ရှင်ရုံထဲ သွားထိုင်နေလျှင် ကောင်းမည်။ ကျွန်တော့်မှာ ငွေသုံးကျပ်တောင်ရှိသည်။ အချစ်ကားတွေကို ကျွန်တော် မကြည့်ရဲ။ ကျွန်တော် ချစ်ခဲ့ဖူးသူမှာ မေသက်ဟန် တစ်ယောက်တည်း။ စစ်ပွဲအကြောင်း ရိုက်ထားသော ရုပ်ရှင်ဆိုလျှင် ကောင်းမှာပဲ။ လူတွေ၏ မိုက်မဲမှုကြောင့် လူ့အသက် တန်ဖိုးမဲ့နေတာကို မြင်ပြီး ဝမ်းလည်း နည်းရဦးမည်။ ရုတ်တရက် မေသက်ဟန်ဆီသို့ စိတ်အတွေး ရောက်သွားပြန်သည်။ ထိုအခါကျမှ ကျွန်တော့်ဘဝတစ်ခုလုံး အဓိပ္ပာယ် ကင်းမဲ့နေမှန်း သတိရတော့သည်။ မေသက်ဟန် ကျွန်တော့်အနားမှာ မရှိပါ။ ကြာလှပေါ့။ သူမ ကျွန်တော့်ကို ခွဲခွာ ကျောခိုင်း ပြေးလေသည်မှာ စနေနေ့ သုံးခု ထပ်ခဲ့ပါပြီ။ ကနေ့လည်း စနေနေ့။

ယခုတော့ သူမနှင့် ပတ်သက်၍ ကျွန်တော့်မှာ တခြားလည်း ဘာမျှတွေးတောစရာ မရှိတော့သလို ဖြစ်နေပါသည်။ ခရမ်းပြာ ဆည်းဆာ ရိပ်အောက်မှာ မျက်နှာကို မော့၍ ခိုးခိုးခစ်ခစ် ရယ်မောနေသော သူမ၏ မှတ်မိစရာ အကောင်းဆုံး မျက်နှာကလေးကိုပင် ကျွန်တော် သတိရနေပါတော့သည်။ ရေတမာပင်တန်းကလေး အောက်မှာ နှစ်ယောက်အတူတူ လမ်းလျှောက်ခဲ့ကြပုံများကိုလည်း မြင်ယောင်လာပါသည်။ နောက်

...သစ်တိုပင်ကြီးအောက်က ခုံတန်းရှည်ကလေးတွေမှာ...။ အင်းလျား ကန်ရေပြင်ကို ဖြတ်သန်းလာသော ဖော့ညင်းသည့် လေပြည်ကလေး တွေအောက်မှာ...။ ကျွန်တော့်ပခုံးမှာ သူမ နဖူးကိုမှီ၍ ပန်းလျဝေရီသံ ဖြင့် 'တစ်လောကလုံးမှာ ကိုကိုပဲ ရှိပါတယ်' ဟု သူမက ပြောခဲ့ဖူးပါ သည်။ နောက်...ကျွန်တော်နှင့် မေသက်ဟန် ရုပ်ရှင်ကြည့်ပြီး နှစ်ယောက် အတူ လမ်းလျှောက်ပြန်ခဲ့ကြပုံများ။ လူအလစ်မှာ သူမ၏ ပါးမို့မို့ ကလေးကို ကျွန်တော် ခိုးနမ်း၍ 'ကိုကိုကွာ...ဆိုးတယ်...ဆိုးတယ်...' ဟု ပြောပြီး လက်သီးဖွဖွလေးနှင့် ရွရွကလေး ပြေးထုတတ်ပုံများ၊ ကလေး တစ်ယောက်ကဲ့သို့ ခွက်ထိုးခွက်လန် ရယ်ရင်း စကားကို အမျှင်မပြတ် ပြောလျှင် ကျွန်တော်က ခေါင်းငုံ့၍ နားထောင်နေရပုံများမှာ ယခုတော့ ကျွန်တော်၏ စိတ်ကူးရိပ်၌ တဖျပ်ဖျပ် ပေါ်လာကြပါသည်။

'ကိုကိုရယ်...မေ့ကိုလေ...မေ့ကို သူတို့က အိမ်ထောင်ချပေးချင်ပြီ တဲ့...' ဟု ပြောခဲ့သော မေသက်ဟန်၏ စကားသံကို ရုတ်ခနဲ ကျွန်တော် သတိရလာပြန်သည်။ သူမကို ငေးကြည့်နေစဉ်က သူမ၏ မျက်နှာမှာ လည်း ညှိုးလျဝေရီနေခဲ့လိမ့်မည်။ 'မာမီက မေ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်နေတာ' ဟု သူမက ပြောလျှင် 'မေ...စွန့်စားရဲမလား' ဟု ကျွန်တော် ဆိုခဲ့မိသေးသည်။ ထိုစဉ်က သူမ မျက်နှာမှာ ဘာကြောင့် ပျက်သွားခဲ့ရ ပါလိမ့်။ သူမက 'ကိုကိုရယ်...မေ့မှာ ခွန်အားနည်းလှတယ်ကွယ်။ ကိုကို့ ကို မေ သိပ်ချစ်တယ်။ ဒါပေမဲ့ကွယ်...မာမီမှာ နှလုံးရောဂါနဲ့ ကိုကို။ ကိုကိုရယ်...မေ့ကိုလေ...' ဟုပြောပြီး မျက်နှာကို မော့လိုက်သောအခါ ကျွန်တော်သည် သူမ၏ မျက်လုံးများကို တည်ငြိမ်စွာ စိုက်ကြည့်နေခဲ့ပါ သည်။ သူမ၏မျက်လုံးပေါ်က ဘာသာစကားတစ်ခုကို ကျွန်တော် နားလည်ခဲ့ရပါသည်။ သူမ၏ ရွေးချယ်မှုကို ကျွန်တော် သဘောပေါက် ခဲ့ရပါပြီ။ ကျွန်တော် အလွန်နောက်ကျသွားခဲ့ပါပြီ။ မိတ်ဆွေတစ်ဦးက

ကျွန်တော့်ကို 'ခင်ဗျား နောက်မကျသေးပါဘူး' ဟု ပြောသည်။ ကျွန်တော် လွမ်းနေခဲ့သည်။ ကျွန်တော် အားတင်း၍ နေခဲ့ပါသည်။ မြစ်တစ်မြစ် တည်းမှာ ကျွန်တော် ရေနှစ်ခါမချိုးနိုင်။ သူမက ကျွန်တော့်ကို ကျောခိုင်း ထွက်ခွာပြေးလေသောအခါ ကျွန်တော်သည် သစ်ရွက်ကြွေကလေးကဲ့သို့ တလိမ့်လိမ့် လွင့်မျောနေခဲ့ဖူးပါသည်။ မြို့တော်၏ ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်မနေသည့်အခါ၊ အထပ်ခိုးကလေးပေါ်မှာ ခိုအောင်းနေ တတ်သော အကျင့်ကိုလည်း တတ်မြောက်လာပါသည်။ ကျွန်တော့် အတွက် အံ့ဩမှုမှာ ကြောင်တစ်ကောင်နှင့် စကားပြောဆိုသော နည်းသစ် တစ်ခုကို ရရှိလာခဲ့ခြင်းပင်။ ကြောင်က မရယ်တတ်ပါ။ အခါများစွာပင် နှစ်ပေ ပတ်လည် ပြတင်းဝကလေးအနီးမှာ ထိုင်၍ မိုးကောင်းကင်ကို ကျွန်တော် ကြည့်နေတတ်ပါသည်။ တစ်ခါတစ်ရံတွင် အထပ်ခိုး ကလေး၏ အပေါ်စီးကနေ အိမ်ခေါင်မိုးတွေကိုပဲ ကျွန်တော် စိုက်ကြည့် ပါသည်။ အိမ်ခေါင်မိုးတွေ အလျားလိုက်၊ အနံလိုက် ပူးကပ် ညပ်သိပ် နေပုံမှာ ရပ်ကွက်တစ်ခု၏ စိတ်ဝင်စားဖွယ်ရာလည်း ဖြစ်ပါသည်။ ဒါမှမဟုတ်လည်း စာအုပ်များကို အဖော်လုပ်၍ ကျွန်တော် နေလေ့ရှိပါ သည်။ ကျွန်တော်၏ အိပ်ရာခေါင်းရင်းမှာ ဖရိုဖရဲ ဖြစ်လျက်ရှိသော စာအုပ်ပုံတစ်ခုလည်း ရှိပါသည်။ စာအုပ်တစ်အုပ်ကို လှန်ရင်း တစ်စုံ တစ်ခုကို တွေးနေတတ်သည့် အကျင့်ကိုလည်း ကျွန်တော် တတ်မြောက် ထားပါသည်။ စိတ်၏ အကြည်ဓာတ်ကို ရလာလျှင် ဝတ္ထုတိုတစ်ပုဒ် ရေးဖို့ ဖော်ကျူးဖို့ ကျွန်တော် ကြိုးစားလေ့ရှိပါသည်။ အမှန်ပြောရလျှင် ကျွန်တော်သည် စာရေး၍ မရခဲ့ပါ။ အာရုံမှာ ပျံ့လွင့်နေလွန်းသည်။ ကျွန်တော့်မှာ အခြားသော အလုပ်တစ်ခုလည်း ရှိသေးသည်။ ထို အလုပ်မှာ ထမင်း၊ ဟင်း ချက်ပြုတ်ရခြင်းပင်။ ကျွန်တော့်အမေမှာ ထမင်းဆိုင်ကလေးတစ်ဆိုင်ရှိ၍ ဖြစ်ပါသည်။ ထိုကိစ္စပြီးလျှင်

ပြတင်းဝမှာထိုင်လျက် ပြန်လည်စဉ်းစား တွေးတောခြင်း အလုပ်ကို ကျွန်တော် ဆောင်ရွက်တတ်ပါသည်။ အတိတ်ကို ပြန်ကြည့်ခြင်း အလုပ်မှာ အမှန်တရား သို့မဟုတ် နားလည်မှုကို သဘောပေါက်စေမည် မဟုတ်လား။

"ခင်ဗျားက တွေးလှချည်လားဗျာ"

ကျွန်တော်က သူ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်ပါသည်။ ကျွန်တော့်အတွေးများ ပျောက်ကွယ်သွားခဲ့ပြီ။ သူနှင့် ကျွန်တော်မှာ တခြားစီကဲ့သို့ ခံစားနေရသည်။ ကျွန်တော်က သူ့ကို သိဖို့ မကြိုးစားခဲ့။ စားပွဲပေါ်က ရေနွေးမှာ အေးစက်နေပြီ။ လူတစ်ယောက်က ကိတ်မုန့်ကို အားပါးတရ စားနေသည်။ ကိတ်မုန့်ဖုတ်နည်းကို ထိုလူ သိစရာမလိုပါ။ ဆိုင်ထဲမှာ ဆေးလိပ်ငွေ့များ ပျံ့နေသည်။ ဆိုင်အပြင်ဘက်မှာ ညနေခင်း။

"စကားပြောပါဦးဗျာ"

"စကားဆိုတာလည်း သိပ်အကြောင်းမထူးပါဘူး။ ပြောစရာရှိတော့ လည်း ပြောလိုက်တာပါပဲ။ ပြောစရာ မရှိတော့လည်း ဒီအတိုင်းထိုင်နေ တာပေါ့"

"ခင်ဗျားက တွေးနေရတာကို ပိုပြီး သဘောကျမယ် ထင်တယ်"

"ကျွန်တော်တို့ရဲ့ အမြင်နဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို ပိုမိုပြီး ကောင်းမွန်အောင် ဖန်တီးပေးနိုင်တယ်လို့ ယုံလို့ပဲ"

"ကျွန်တော်တော့ ငြိမ်ပြီး တွေးနေရတာကို အသေကောင်လိုပဲ ထင်တယ်ဗျာ"

"အပေါ်ယံကို ရှုပ်ကြည့်ရင်တော့ ခင်ဗျားပြောတာ မမှားပါဘူး။ အမှန်က အတွင်းသန္တာန်အထိကို စိစစ်ကြည့်သင့်တယ်။ ငြိမ်သက်နေတဲ့ ရေမျက်နှာပြင်ရဲ့ အောက်မှာ စီးဆင်းနေတဲ့ ရေစီးကြောင်းကို ခင်ဗျား

မြင်ရလိမ့်မယ်”

“ခင်ဗျားရဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေလိုပဲ ခင်ဗျားလည်း တွေးနေတယ်။ ငြိမ်သက်နေတယ်။ မှိုင်းညို့ ငေးရီနေတယ်။ အထပ်ခိုး ကလေးတွေနဲ့ မွန်းကျပ်နေတာကို ကျွန်တော် ပြောချင်တာပါ။ ကျွန်တော် က စေတနာနဲ့ ပြောတာပါ။ ကျေးလက်အကြောင်းကို ခင်ဗျား ရေးဖွဲ့ဖို့ သင့်ပြီဗျာ”

“မောင် သိက္ခာ မရှိတော့တဲ့အတွက်ကြောင့်လား။ ခင်ဗျား ရေး တတ်ရင် ရေးပါလား။ ကျွန်တော်ကတော့ တီကောင်တောင် မကိုင်ရဲဘူး။ ငါးတောင် ခွဲခြားပြီး မပြောတတ်သေးဘူး”

“ဒါပေမဲ့ဗျာ...” ဟု သူကပြောသည်။

ကျွန်တော်က သူ့ကို ကြည့်၍ ရယ်လိုက်မိသည်။

“ကျွန်တော်ကတော့ မြို့ပြတွေ၊ ကျေးလက်တွေ မခွဲခြားပါဘူး။ အမှန်က ကိုယ်နားလည်တာကို ခံစားပြီး ရေးဖွဲ့နိုင်ဖို့ပဲ အရေးကြီးတာပါ”

“ဒါပေမဲ့ ခင်ဗျား ဝတ္ထုတွေ မြို့ပြမှာပဲ လည်နေတယ်”

“စာဖတ်တဲ့လူနဲ့ ကျွန်တော် အဆင်ပြေပါတယ်။ ဝေဖန်တဲ့လူက ကျွန်တော့်အတွက် တတိယပဲ မဟုတ်လား”

“ဒါပေမဲ့ဗျာ...” ဟု သူ ပြောပြန်သည်။

“ကျွန်တော် နားလည်တာကို ရေးတာပဲ မဟုတ်လား။ အနုပညာ မှာ ရိုးသားမှုကို ကျွန်တော်တော့ အမြတ်နိုးဆုံးပဲ။ ပြီးတော့လည်း ကျွန် တော်တို့ဟာ အခုမှ ကြိုးစားပြီး ရေးကြဆဲပါ။ ခင်ဗျားက ဘယ်လို အကြောင်းအရာတွေ ရေးပါလို့ ဘာကြောင့် ပြောနေတာလဲ။ ကျွန်တော် တို့ ထိုင်မနေကြပါဘူး။ လမ်းလျှောက်ဆဲပါ”

“ကျွန်တော်က ရိုးရိုးသားသား ပြောတာပါ”

“ခင်ဗျားရဲ့ ရိုးသားမှုက ရယ်ရပါတယ်” ဟု ကျွန်တော်က သူ့ကို

ပြောပါသည်။ ကျွန်တော်က စားပွဲကို လက်တင်၍ မေးထောက်ကာ သူ့မျက်နှာကို စိုက်ကြည့်လိုက်ပါသည်။ အမှန်ပြောရလျှင် 'ရိုးသားမှု' ဆိုတာတွေ၊ 'စေတနာ' နဲ့လို့ ပြောလေ့ရှိသော စကားသံတွေကို ကျွန်တော်တော့ နားလည်ခဲ့ပါပြီ။ ဆိုင်အပြင်ဘက်ကို ကျွန်တော် လှမ်း၍ ကြည့်လိုက်မိသေးသည်။ ညနေခင်း၏ မိုးစက်များကို မြင်နေရသည်။ သူနှင့် စကားပြောရသော ထိုအချိန်တိုကလေးမှာ ကျွန်တော့်အဖို့ စိတ် ညစ်ညူးစရာ အကောင်းဆုံး အချိန်တစ်ချိန်ပင်။ ယခုတော့ ဆိုင်ထဲက ထွက်ဖို့ကို ဆုံးဖြတ်ပြီး ဖြစ်သွားသည်။ ကျွန်တော်က လွယ်အိတ်ကို ပခုံးမှာ လွယ်သည်။ စားပွဲအောက်က ဖိနပ်ကို သတိရသည်။ သူက ကျွန်တော့်ကို စကားလှမ်းပြောသည်။ သူ့စကားကို မကြားရအောင်ပင် ဆိုင်ထဲမှာ ဆူညံလျက်ရှိသည်။ အကြောင်းတော့ မဟုတ်။ ပြတ်ချင်ချင်၊ တဲတဲကလေး ဖြစ်နေသော ဖိနပ်ကို ကျွန်တော် စီးသည်။ 'စေတနာနဲ့ ပြောတာပါ' ဟု သူက ပြောသည်။ ကျွန်တော်က မတ်တတ်ရပ်ပြီး ဖြစ်နေ၍ သူ့အနီးသို့ ခါးကိုကိုင်းကာ... "လူတစ်ယောက်ဟာ စကားပြော ရပ်လိုက်ပြီး အလုပ်လုပ်တဲ့ အချိန်ဆိုတာလည်း ရှိသင့်တယ်" ဟု ပြောလိုက်ပါသည်။ သူက မျက်နှာကို မော့ကြည့်ဆဲမှာ ဆိုင်ထဲမှ ကျွန်တော် ထွက်လာခဲ့ပါသည်။

မိုးက ရွာနေဆဲပင်။

မိုးစက်တွေအောက်မှ ကျွန်တော် လျှောက်ခဲ့သည်။ လူအတော်များများက ထီးတွေကို ဖွင့်ဆောင်းထားကြသည်။ ကျွန်တော့် စိတ်နှလုံးသားမှာ ပေါ့ပါးလွင့်ဝေလျက်ရှိသည်။ လမ်းကျဉ်းကလေးတစ်ခုထဲမှ ကျွန်တော် ဖြတ်လျှောက်ခဲ့မိသည်။ တိုက်ခေါင်မိုးတွေကို မြင်နေရသည်။ ပြတင်းပေါက်အဝတစ်ခုမှာ ကောင်မလေးတစ်ယောက် လေချွန်နေသည်။ နှင်းဆီပန်းအိုးများကိုလည်း မြင်ရသည်။ အမှတ်တမဲ့ ကျွန်တော်

လေချွန်သည်။ ကုန်သည်လမ်းပေါ်သို့ ကျွန်တော် ရောက်လာခဲ့ပြီ။ ကျွန်တော့်ကိုယ်ပေါ်မှာ မိုးရေစက်တွေနှင့်...။ ရုတ်တရက် ကျွန်တော့် ဖိနပ်ကို သတိရသည်။ ကျွန်တော့်ခြေလှမ်းကို ဂရုစိုက်ဖို့ သတိပေးနေသလိုပင်။ ဖိနပ်ကို ငုံ့ကြည့်သည်။ ထိုသားရေဖိနပ်မှာ အတုဖြစ်ပါသည်။ အတုမှန်း သိသိကြီးနှင့် ကျွန်တော် ဝယ်ခဲ့မိ၍ မည်သူ့မှာမှ အပြစ် မရှိပါ။ ရေနူးနေသော ဖိနပ်မှာ ကြည့်ချင်စရာ မဟုတ်ပါ။ ထိုးသွင်းထားသော စက္ကူများ ပျော်ကျနေသည်။ ကျွန်တော်က စိတ်ပျက်လွယ်သည်။ ကျွန်တော့်ဖိနပ်မှာ အချိန်အခါ မရွေးဘဲ ပြတ်သွားနိုင်ပါသည်။ လမ်းလျှောက်ဖို့ ခက်လိမ့်မည်။ ကျွန်တော် မိုးခိုသင့်သည်။ ဒါမှမဟုတ် ငှက်တစ်ကောင်လို။ ကားမှတ်တိုင် အိမ်ကလေးအောက်မှာ ကျွန်တော် ဝင်ရပ်သည်။ နံပါတ် ၈ ဟီးနိုးကားတစ်စီး မောင်းထွက်သွားသည်။ ချိုင့်ခွက်ထဲမှ ရေများ ဖွာခနဲ လွင့်သွားပါသည်။ ကျွန်တော်က ဘာမျှ မဖြစ်သလို ဒါမှမဟုတ် ဘာမျှမသိသလို ရပ်နေသည်။ မိုးက ကောင်းနေသည်။ တဖျပ်ဖျပ်နှင့် အသံမြည်နေသော ဖိနပ်သံများကို ကြားနေရသည်။ ကျွန်တော့်အာရုံကို ပျံ့လွင့်မသွားအောင် ထိန်းထားသင့်သည်။ အင်္ကျီအိတ်ထဲက ကျပ်တန်သုံးရွက်ကို ကျွန်တော် ထုတ်သည်။ သုံးရွက်ကို ထပ်လိုက်သည်။ ဖဲပွင့်များကို ပွတ်စမ်းသလို ကျွန်တော် ကစားပါသည်။ နောက်ဆုံး ဂဏန်းများကို ကျွန်တော် ပေါင်းကြည့်သည်။ ကျွန်တော် စိတ်ပျက်သွားပါသည်။ 'ဘူ' ဖြစ်နေသောကြောင့်ပင်။ ရုတ်တရက် ကျွန်တော့် နောက်ဘက်ဆီမှ ခပ်ဖွဖွကလေး လျှောက်လာသော ခြေနင်းသံကို နီးကပ်စွာ ကြားလိုက်ရပါသည်။ ခြေသံ ရပ်သွားသော အခါ ပင့်သက်ငွေ့တစ်ခုသည် ကျွန်တော့် လည်တိုင်ကို လာဟပ်ပြန်သည်။ ကျွန်တော်က နောက်ကို လှည့်ကြည့်လိုက်သောအခါ အမျိုးသမီးတစ်ယောက် ရပ်နေတာကို နီးနီးကပ်ကပ် မြင်လိုက်ရပါသည်။ သူမ

ဘာဆိုတာကို ကျွန်တော် သိသည်။ သူမ မျက်နှာပေါ်က နွဲ့လျသော အပြုံးရိပ်ကလေးကို ကျွန်တော် စိုက်ကြည့်လိုက်မိသည်။ သူမက ကျွန်တော့်အကြည့်ကို လွှဲလျက် မျက်နှာကို မော့ကာ ညင်ညင်တိုးတိုးကလေး ရယ်သည်။

"အစ်ကို့ ကစားနည်းက ဘယ်ဆိုးလို့လဲ။ မနှင်းဆီတောင် သဘောကျသွားပြီရှင့်"

"ဩော်... မနှင်းဆီလို့ ခေါ်သလား"

သူမက လက်ထဲမှ လက်ကိုင်အိတ်ဇစ်ကို ဖွင့်လိုက်၊ ပိတ်လိုက် လုပ်ပြီး ကျွန်တော့် မျက်နှာကို အကဲခတ်သလို ကြည့်သည်။

"တချို့က အဝင်းလို့ ခေါ်ကြတယ်။ ဥမ္မာတဲ့၊ မစံပယ်၊ အတူး၊ လှလှ၊ သန်းသန်း၊ တဲလစ်လို့ ခေါ်ကြတာပဲရှင်။ ဒါပေမဲ့ မေမေကတော့ မခင်နှင်းဆီလို့ နာမည်ပေးထားပါတယ်"

"မိုးကလည်း ကောင်းလိုက်တာ မခင်နှင်းဆီရယ်..."

ကျွန်တော့်စကားကြောင့် သူမက ဖျတ်ခနဲ မော့ကြည့်ပါသည်။ သူမနှင့် ကျွန်တော် အကြည့်ချင်း ဆုံ၍သွားပါသည်။ သူမမျက်နှာမှာ နှင်းဆီရောင် သန်းယှက်သွားသည်။ ကျွန်တော်က လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်နှင့် သစ်သားမီးခြစ်ဘူးကို ထုတ်သည်။ ဟီးနိုးကားတစ်စီး ထွက်သွားသောအခါ ကားမှတ်တိုင်မှာ လူရှင်းသလောက် ဖြစ်သွားသည်။ ကျွန်တော်က ဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာသည်။

"ကျွန်တော်ကတော့ မခင်နှင်းဆီဆိုတဲ့ နာမည်ကို ပိုပြီး သဘောကျပါတယ်"

မခင်နှင်းဆီက တိုးတိုးဖွဖွကလေး ရယ်ရင်း သူမ မျက်နှာဆီသို့ ပြေးလာသော ဆေးလိပ်မီးခိုးငွေ့များကို လက်နှင့်ယမ်း၍ ဖယ်ရှားနေသည်။

"ကျွန်တော် တကယ်ပြောတာပါ မခင်နှင်းဆီရယ်"ဟု ပြောလျှင်တော့ သူမက လက်ကိုင်အိတ်ကို ယမ်း၍ လောကကြီးကို ထီမထင်သည့် မျက်နှာပေးဖြင့် ခပ်မော်မော်လုပ်ကာ "မနှင်းဆီတော့ ရိုးနေပါပြီရှင်" လို့ တည်ငြိမ်စွာ ပြောသည်။

"ခက်ပါပေ့ မခင်နှင်းဆီရယ်..."

သူမက ရယ်မောနေပြန်သည်။

ကျွန်တော်က ပြုံးရယ်၍ပင် မခင်နှင်းဆီကို ကြည့်ငေးနေမိပါသည်။ သူမ၏ ခန္ဓာကိုယ်မှာ ပါးပါးလှပ်လှပ်ကလေးနှင့် ဖြူရော်ရော်ဖြစ်သည်။ အားကောင်း၍ နက်မှောင်သော ဆံပင်ကို နောက်ကျောမှာဖြန့်ချထားသည်။ သူမ၏မျက်လုံးမှာ ခပ်ညိုညို။ မြန်မာဖြစ် တီရှပ်အဝါရောင်နှင့် ထဘီအနက်ကို သူမ ဝတ်ထားသည်။ ဝါဆွေးဆွေး နှင်းဆီမှာ သူမခေါင်းတွင် ညှိုးရီနေသည်။ မည်သို့ပင်ဖြစ်စေ မခင်နှင်းဆီမှာ ကြည့်လို့တော့ ကောင်းနေသည်။

"မခင်နှင်းဆီ ပြောတဲ့အထဲမှာ ကျွန်တော် မပါရပါဘူးဗျာ" ဟု ပြောရင်း ကျွန်တော်သည် မိုးစက်များ တဖွားဖွား လွင့်ဝေနေတာကို ကြည့်ငေးနေလိုက်မိသည်။ ရေစိုနေသော စိမ်းမြလက်ပသည့် သစ်ရွက်ကလေးတွေ လေထဲတွင် လှုပ်တွန့်နေကြပါသည်။ ကတ္တရာလမ်းနှင့် ကားဘီးပွတ်ကြိတ်သံတို့မှာ ကျယ်လောင်စွာ မြည်ထွက်နေသည်။ ကျွန်တော်သည် အချိန် မည်ရွေ့မည်မျှ ကြာအောင်ပင် သတိမေ့လျော့စွာ ရပ်နေခဲ့မိသည်ကို မသိပါ။ ကျွန်တော့်ပခုံးပေါ်ကို ခပ်ဖွဖွကလေးလာတင်သော လက်အစုံကြောင့် ရင်ခုန်မြန်လာကာ သူမကို လှည့်ကြည့်လိုက်မိသည်။ သူမက သာသာဆဆကလေး ပြုံးနေလျက်...။

"အစ်ကို့ကို မနှင်းဆီက စတာပဲ။ အစ်ကို့ကို မြင်လိုက်တာနဲ့ မနှင်းဆီ နားလည်ပြီးသားပါရှင်။ မနှင်းဆီက လူတွေအကြောင်းကို

သိတန်သလောက် သိပါတယ်။ အစ်ကိုက အားငယ်နေတဲ့ လူတစ်ယောက်လို၊ စိတ်ချဉ်ပေါက်နေတဲ့ လူတစ်ယောက်လိုပါပဲ"

"မခင်နှင်းဆီနဲ့ တွေ့ရတဲ့ အချိန်တိုတိုကလေးမှာ ကျွန်တော့်အဖို့တော့ လူ့ဘဝအတွက် နေလို့ထိုင်လို့ အကောင်းဆုံး အချိန်တစ်ချိန်ပါပဲလေ..."

"ယုံရမှာလား ရှင်ရယ်..."

"ကျွန်တော် ဝမ်းသာရင် အမြဲတမ်း တုန်လှုပ်တာပဲ"

မခင်နှင်းဆီက ရယ်မောနေပါသည်။

"အစ်ကိုနဲ့ တွေ့ရတာ မနှင်းဆီလည်း ပျော်ပါတယ်ရှင်။ စောစောက စိတ်ပျက်ပြီး မနှင်းဆီ ရပ်နေခဲ့တာ။ မနှင်းဆီက စိတ်ပျက်လွယ်လွန်းပါတယ်။ အဲဒီအထဲမှာ မနှင်းဆီလေ...။ မလုပ်ချင်ဆုံး အလုပ်ကိုပဲ လုပ်နေရတယ် အစ်ကို။ ဘာဖြစ်လို့လဲဆိုတော့ မေမေက အသက်ကြီးပြီ။ ညီမလေးတွေကို ကြီးပြင်းအောင် စောင့်ရှောက်ရတယ်။ မနှင်းဆီလောက် စိတ်အပျက်ဆုံး လူတောင်မှ ရှိလိမ့်မယ် မထင်ဘူး။ တစ်ခါတလေ အခုလိုလည်း မနှင်းဆီ ကံကောင်းချင်ပါသေးတယ်ရှင်"

"လူတွေက အသက်ရှင်ကြတယ်။ အလုပ်လုပ်ကြရတယ်။ ရုပ်ရှင်ကြည့်ကြတယ်။ အိပ်မက်တွေ မက်ကြတယ်။ ပြီးတော့..."

"တကယ့်ဘဝဟာ ရုပ်ရှင်ထဲကလောက် မလွယ်ပါဘူး အစ်ကိုရယ်...နော်"

"မခင်နှင်းဆီ ပြောသလို ဆိုးတဲ့အခါမျိုးမှာပေါ့..."

"ကဲ... အစ်ကို၊ မနှင်းဆီ သွားတော့မယ်နော်။ မိုးကလည်း စဲသွားပြီ။ မနှင်းဆီက ဟိုဘက်ကမ်းကို ကူးရမှာ အစ်ကို..." ဟု ပြောရင်း ကျွန်တော့်ကို မော့၍ ကြည့်ပါသည်။ သူမနှင့် ကျွန်တော် အကြည့်ချင်းဆုံနေသည်။ သူမမျက်နှာမှာ ညှိုးရီစ နှင်းဆီရောင်ကဲ့သို့ပင်။

"ကျွန်တော်လည်း ကမ်းနားလမ်းကနေ ကားစီးရမှာပါ။ ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်သွားရအောင်ပေါ့"

မခင်နှင်းဆီက ခေါင်းကိုညိတ်သည်။ မိုးမှုန်မိုးမွှားကလေးတွေက ကျွန်တော်တို့ ကိုယ်ပေါ် လွင့်ကျလာသည်။ ကျွန်တော်တို့နှစ်ယောက် ကတ္တရာလမ်းကို ဖြတ်ကူးကြပါသည်။ တစ်ဖက် ပလက်ဖောင်းသို့ လှမ်းအကူးတွင် မခင်နှင်းဆီမှာ ကိုယ်ဟန်တစ်ချက် ပျက်၍အသွား ကျွန်တော်က သူမလက်ကို ဖမ်းဆွဲထားလိုက်ရသည်။

"အို... မနှင်းဆီ ဖိနပ်ကလေး ပြတ်သွားပြီ အစ်ကို..."

ကျွန်တော်က သူမ ဖိနပ်ကလေးကို ကြည့်လိုက်မိပါသည်။ ရေစိုနေသော ပလက်ဖောင်းပေါ်တွင် သူမ၏ သားရေဖိနပ်ပါးပါးကလေး တစ်ဖက်မှာ သဲကြိုးပြတ်လျက် ရှိပါသည်။ ကျွန်တော်က ဆောင့်ကြောင့်ထိုင်လိုက်ပြီး ဖိနပ်ကလေးကို ကောက်ကိုင်ကြည့်လိုက်သည်။ သူမက ကျွန်တော့်ရှေ့မှာ ခါးကိုကိုင်းလျက် ဖိနပ်ကလေးကို ငေးရီ၍ ကြည့်နေသည်။ **"ကျွန်တော့်ဖိနပ်ကို ပြတ်လိမ့်မယ် ထင်ခဲ့တာ"** ဟု မော့ကြည့်ရင်း သူမကို ကျွန်တော်က ပြောသည်။ မခင်နှင်းဆီ၏ ထွက်သက်လေမှာ ကျွန်တော့် မျက်နှာပေါ်သို့ ဖြတ်သန်းသွားခဲ့ပါသည်။

ရှုမဝမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၈၃

❑

# နှလုံးသားထဲက ဗိုင်းရပ်စ်များ

- ခင်မြဇင် -

(၁)

တစ်ခါတုန်းက ကျွန်မသည် အိပ်ရာထဲမှာ လဲလျောင်းစဉ်မှာပင် အိပ်ရာဆီသို့ ပြန်မရောက်နိုင်ဘဲ ခရီးတစ်ခုကို သွားခဲ့ရသည်။

ထိုခရီးကို ယခု ကျွန်မ ပြန်တွေးကြည့်သောအခါ အစစ်အမှန်ခရီးပဲလား။ ဒါမှမဟုတ် ကျွန်မ၏စိတ်ဝိညာဉ်ကသာ လိုက်ပါခဲ့ပြီး ခန္ဓာကိုယ်က အိပ်ရာထဲ ကျန်ရစ်ခဲ့လေသလား၊ သို့မဟုတ်လျှင် စိတ်ဝိညာဉ်ဖြင့်သာ လိုက်ပါခဲ့သည့် ခရီးလေလား ဝေဝါးဆဲဖြစ်သည်။

ကျွန်မကို လာရောက်ခေါ်ဆောင်သူတို့၏ ရုပ်လက္ခဏာများကို ကျွန်မ မမှတ်မိတော့ပါ။ ဂမ္ဘီရဝတ္ထုတစ်ပုဒ်မှ ဇာတ်ဆောင်တစ်ယောက်ပမာ ခံစားရလျက်၊ ကျွန်မကို လာရောက်ခေါ်ငင်ကြသူများသည် ပရလောကမှ မဟုတ်လျှင် အဆင့်မြင့် ဂြိုဟ်တစ်ခုခုမှလေလား။

အသူရကာယ်ဘုံစံသတ္တဝါတို့သည် ပကတိလူသားထက်ပို၍ အဆင့်မြင့်သည့် စွမ်းအင်များရှိကြောင်း ကြားဖူးပါသည်။ လူ့လောက အစစ်အမှန်နှင့် အတန်ငယ်အလှမ်းကွာသော နေရာဒေသတစ်ခုဖြစ်ဟန် တူပါသည်။

စီးစရာ ယာဉ်တစ်ခုခုပေါ်သို့ ကျွန်မကို တင်ဆောင်သွားခဲ့ရာ ည၏ တရိပ်ရိပ်မှောင်မိုက်နေသော အမှောင်ထုထဲသို့ တစ်စတစ်စတိုးဝင်သွားခြင်းဖြင့် ကျွန်မသည်လည်း အမှောင်ထုနှင့် တစ်သားတည်းဖြစ်ကာ ပျောက်ကွယ်သွားမယောင် ထင်ခဲ့မိပါသည်။

ကျွန်မသည် အသက်ကို ဖက်နှင့် ထုပ်ထားရမလောက် ကြောက်ရွံ့နေသော်ငြား စိတ်ကို တည်ငြိမ်စွာထားနိုင်ဖို့ ကြိုးစားကာ ဗုဒ္ဓ၏ဂုဏ်တော်များကို အောက်မေ့နေမိပါသည်။ ထိုစဉ်မှာပင် ကပ်ဖ်ကာ၏ 'ရဲတိုက်' အမည်ရှိဝတ္ထုကို ပြေး၍ သတိရမိသည်။

တကယ်တော့ ကျွန်မ၏အိပ်ရာလေးမှာ နွေးနွေးထွေးထွေးရှိသည့်တိုင် ပျော့မွေ့စရာကောင်းလှသည်တော့ မဟုတ်ပါ။ ခင်ပွန်းဖြစ်သူ၏ ဆေးလိပ်နံ့သင်းလျက် ခုတင်ပေါ်တွင် အညာစောင်ပါးပါးကို ခပ်စုတ်စုတ် ဂွမ်းကပ်တစ်ခုပေါ်ခင်းထားပြီး အညာစောင်တစ်ယောက်တစ်ထည် စီခြုံကာ ခင်ပွန်းကလည်း သူ့ထောင့်မှာ သူကပ်၍အိပ်စဉ် ကျွန်မကလည်း စောင်ပါးပါးတစ်ထည် ရင်ဘတ်ပေါ်တင်ကာ ကျွန်မထောင့်မှာ ဝေဒနာကို ရှုမှတ်နေလေ့ရှိပါသည်။

သို့တိုင် စာအုပ်နံ့များ အောက်သိုးသိုးနံ့များထွက်နေသည့် အခန်းကျဉ်းကလေးထဲမှ နှစ်ယောက်အိပ်ခုတင်တစ်လုံးပေါ်တွင် အိမ်ထောင်သက် နှစ်နှစ်ဆယ်ကြာ လူသားနှစ်ဦးတို့ တစ်ထောင့်စီမှာကပ်လျက် ကိုယ့်ရှုမှတ်နှင့်ကိုယ် ရှိနေကြခြင်းသည်ပင် ပြီးပြည့်စုံသော အိမ်ထောင်မှုဘဝ သို့မဟုတ် နှစ်လိုဖွယ် ညဥ့်ယံများအဖြစ် ကျွန်မ အောက်မေ့မိလေသလား မသိပါ။ ထိုယာဉ်ပေါ်တွင် လိုက်ပါစဉ် ကျွန်မ၏အိပ်ရာလေးကို တမ်းတမိသေးသည်။

တကယ်တော့ ညစဉ်လိုပင် ကျွန်မ တွေးမိနေသေးသည်မှာ ကျွန်မတို့နှစ်ယောက်နှင့် သေခြင်းကြားတွင် ခပ်ပါးပါးနံရံလေးသာ ခြားနေပြီး

လူ့ဘဝတွင်နေရဖို့ နှစ်ကာလ များများစားစား မကျန်တော့ကြောင်းပင်။ ကျွန်မ မသေဆုံးမီ စိတ်ကြည်လင်စွာဖြင့် သေခြင်းကို ရင်ဆိုင်သွားချင်ပါသည်။ သို့ရာတွင် အချိန်မတိုင်မီ ကျွန်မ မသိသော ဘုံတစ်ခုခုမှ လောကသားတို့က ကျွန်မအား လာရောက်ခေါ်ငင်ခြင်းဖြင့် ကျွန်မ၏စိတ်ဝိညာဉ်သည် အစွဲတစ်ခုခုကြောင့် မလွတ်မြောက်နိုင်မှာကို စိုးကြောက်မိပါသည်။ သို့တိုင် ယခုတော့ ဘာမှမတတ်နိုင်တော့ပါ။

ကျွန်မ၏သားကတော့ အိမ်ရှေ့ဧည့်ခန်းမှာ အိပ်လေ့ရှိသည်။ ညအိပ်ခါနီးလျှင် စာအုပ်ပုံများကို တွန်းရွှေ့ပြီး အိပ်ရာခင်းကာ ကျောချအိပ်လေ့ ရှိသည့်တိုင် ခြင်ထောင်ထောင်ဖို့ အလွန်ပျင်းသော ကလေးဖြစ်သည်။ သိုးတစ်ကောင်၏အမွေးများပမာ ကောက်ကွေ့တွန့်လိမ်မည်းမှောင်နေသည့် ရှုပ်ရှုပ်ပွပွ သူ့ဆံပင်လေးများကို ကျွန်မကိုင်ရင်း သိုးမည်းကလေးဟု ခေါ်တတ်သည်။ သိုးမည်းကလေးက အမေကို မချစ်တော့ဘူလား။ သူတို့ နှစ်ယောက်စလုံး အိပ်မက်တွေပဲ မက်နေကြသလား။ သိုးမည်းကလေး ငယ်ငယ်လေးတုန်းက အမေဘယ်သွားသွား ထဘီစဆွဲပြီး လိုက်ချင်ခဲ့သည်။ ခုတော့ သိုးမည်းကလေးက ဆယ်ကျော်သက်အရွယ်ရောက်ခဲ့ပြီဖြစ်ရာ ထောင့်မကျိုးသည့်ပုံစံကလေးနှင့် ဂျစ်ကန်ကန်လုပ်တတ်လာသည်။ သိုးမည်းကလေးသည် အမေ ကွယ်လွန်ပြီးမှ သားမိုက် နောင်တရသည့်အကြောင်း ကဗျာတစ်ပုဒ်ရေးထားရာ ကျွန်မမှာ ပြုံးမိပါသေးသည်။ ယခု အမေတစ်ယောက် အမည်မသိဘုံဆီသို့ ခရီးသွားနေသည့်ယာဉ်ပေါ်မှာ လိုက်ပါသွားရကြောင်း သူ မသိလိုက်ဘူးလား။

ကျွန်မသည် ဘဝတွင် စာရေးဆရာအဖြစ်နှင့်လည်း အောင်မြင်သူမဟုတ်ခဲ့ပါ။

သူလိုကိုယ်လို လူတစ်ယောက်ပဲ ဖြစ်ပါသည်။ အိမ်ရှင်မ

တစ်ယောက်အနေနှင့်မူ လင်နှင့်သားအပေါ်တွင် ရုံဖန်ရံခါ အနိုင်ယူလို စိတ် ပြင်းထန်ပြီး အငြင်းအခုံသန်သူ ဖြစ်ပါသည်။

သို့အတွက် ကျွန်မအား ထိုသို့လာရောက်ခေါ်ငင်ကြခြင်းကို ခင်ပွန်းရော သားကပါ ကြည်ကြည်ဖြူဖြူ ထည့်ရက်နိုင်ခြင်း ဖြစ်လေသလား၊ သို့မဟုတ်ပါက သူတို့ထက် အင်အားကြီးမားသည့် လောကသားတို့ကို မြင်နိုင်စွမ်း မရှိကြ၍ပဲလား၊ သို့မဟုတ်လျှင် ထိုလောကသားတို့နှင့် ယှဉ်ပြိုင်ရန် အဆင်သင့်မဖြစ်ကြသေး၍ပဲလား။ အိပ်မွေ့ချပဲ ခံခဲ့ရလေသလား။ ကျွန်မ မသိပါ။ ကျွန်မကား ကျွန်မ မသိသည့်လောကသားတို့ ခေါ်ဆောင်ရာ ယာဉ်ပေါ်တွင် လိုက်ပါခဲ့ရပါပြီ။

ကျွန်မအား တခြားဂြိုဟ်မှ လာခေါ်လေသလား။

လနှင့် အင်္ဂါဂြိုဟ်ပေါ်တွင် လူများနေထိုင်ရန် မြေနေရာများ ရောင်းချနေပြီဖြစ်ကြောင်း ကြားဖူးခဲ့သည်။

ယခု ထိုမြေကွက်များတွင် စမ်းသပ် နေထိုင်ခိုင်းစေရန် ကျွန်မကို ခေါ်ငင်သွားခြင်းလေလား။

ယာဉ်သည် မြေပြင်မှ လဆီသို့ အတောင်ပံဖွင့်လျက် ပျံသန်းလေမည်လား။

သူတို့က ကျွန်မကို ပြာမြနက်ရှိုင်းသည့် အမှောင်ထုကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ပြာ၍နက်ရှိုင်းသော တွင်းတစ်ခု၏ လေမှုတ်စွမ်းအားဖြင့် ယာဉ်သည်ဝဲ၍ တွင်းချိုင့်နှုတ်ခမ်းဝမှာ အတန်ကြာနားနေခဲ့သည်။

ပြီးလျှင် တွင်းဆီသို့ ဝင်ခဲ့ရာ ယာဉ်၏အသံမကြားရသဖြင့် ကျွန်မ အံ့ဩမိသည်။ မီးရောင်လေးများကို ဟိုနေရာ သည်နေရာက တွေ့မြင်ရပြီး ငြိမ့်ခနဲ ငြိမ့်ခနဲ နိမ့်ဆင်းသွားမှုကို ခံစားနေရသည်။ ရင်ထဲမှာလည်း တသိမ့်သိမ့်တုန်လာသည်။

ငရဲဘုံ သို့မဟုတ် အသူရကာယ်ဘုံလေလား။

ထိုဘုံများသို့ အချိန်မတိုင်မီ ခေါ်ဆောင်သွားခြင်းခံနေရသူများ အကြောင်း ကျွန်မ တွေးနေမိသည်။ ဘာသာရေးမဂ္ဂဇင်းများတွင် ထိုသို့သောအကြောင်းများ မကြာခဏဖတ်ရပါသည်။

ယာဉ်သည် တွင်း၏နက်ရှိုင်းသော တစ်နေရာမှာ ရပ်တန့်ကာ မီးရောင် တဖျတ်ဖျတ်လင်းနေသော နံရံတစ်ခုထဲသို့ တိုးဝင်သွားခဲ့သည်။

ပြာမှိုင်းမှိုင်းမြူနှင့် သဏ္ဌာန်တူသည့်အရာများက မီးရောင်ထဲတွင် ဝေ့ဝဲနေကြသည်။

ယာဉ်၏တံခါးပွင့်သွားပြီး အေးစက်စက်လက်များက ကျွန်မကို ခေါ်ငင် သွားခဲ့သည်။ လူရိပ်ပုံသဏ္ဌာန်များသာ တွေ့မြင်ရသော်လည်း မြူလို နှင်းလို ရစ်ဝဲနေသောအရာများကြောင့် ဘယ်သူ ဘယ်ဝါ ဘယ်လို ပုံသဏ္ဌာန်ဟု ကျွန်မ မသိမြင်ဘဲ လက်များ၏အေးစက်မှုကိုပဲ ခံစားနေ ရပါသည်။

လူနာခုတင်နှင့်တူသည့် ခပ်ရှည်ရှည်ခုံတစ်ခုတွင် ထိုင်ခိုင်းပါ သည်။ မီးရောင်များသည် ပြာလဲ့ပြီး ခပ်မှိန်မှိန်ဖြစ်ကာ အရိပ်လို ရှည် လျားသည့် အရာများက နံရံပေါ်တွင် လှုပ်ရှားနေကြသည်။

ဖြူဖြူရှည်ရှည်သဏ္ဌာန်တစ်ခုက ကျွန်မပခုံးကို ညင်သာစွာတို့ လိုက်ပြီး လဲလျောင်းခိုင်းလိုက်ရာ နဂိုကမှ အသည်းငယ်နေရသည့်အထဲ ထိတ်လန့်သွားရသည်။

ထိုသဏ္ဌာန်မှာ အမျိုးသမီးတစ်ယောက်ဖြစ်နေ၍ အတော်အတန် သက်သာရာရသော်လည်း

"ဘာလုပ်မလို့ပါလဲ"

ရင်မှာ တဒိန်းဒိန်းခုန်နေပါသည်။

ဘုရားဂုဏ်တော်များမှတစ်ပါး ကျွန်မကို ကူကယ်ရာ မရှိပါ။

ထိုအမျိုးသမီးသဗ္ဗာန်က ကျွန်မ၏ရင်ဘတ်ကို နားကြပ်လိုလို အရာတစ်ခုဖြင့် ထောက်၍ ကြည့်နေခဲ့ပါသည်။

မီးရောင်မှာ ပြာလဲ့လဲ့နှင့် ခပ်မှိန်မှိန်လင်းနေရာ အခန်းထဲတွင် ကျွန်မလို လဲလျောင်းနေကြသော အခြားလူများကို တွေ့မြင်ရသည်။

ထိုသူများကို ကြည့်လိုက်ရာ စိုးရွံ့ဟန် ဖြူဖပ်ဖြူရော်မျက်နှာများနှင့် ဖြစ်နေသော ကျွန်မ၏မိတ်ဆွေများကို တွေ့လိုက်ရသည်။ ကျွန်မကို လည်း တွေ့မြင်လိုက်ရသဖြင့် ပြုံး၍နှုတ်ဆက်ကြသည်ဟု ထင်မိခဲ့သည်။ သို့တိုင် မီးကလည်းမှိန်မှိန် မျက်လုံးတွေကလည်း ခပ်မွဲမွဲဖြစ်ရာ ပြုံး သလား မဲ့သလားတော့ မသေချာလှပါ။

အမျိုးသမီးသဗ္ဗာန်က ကျွန်မ၏လက်နှင့် ခြေချင်းဝတ်ကို ဝါယာ ကြိုးနှင့်ရစ်ပတ်ပြီး သူမက စက်တစ်ခုထဲမှ အဖြေများကို တိတ်ဆိတ်စွာ စောင့်ကြည့်နေခဲ့သည်။

တစ်ခါက အသိတစ်ယောက် အီးစီဂျီရိုက်ခဲ့ဖူးတာကို သတိရမိ သည်။

ယခုလည်း ကျွန်မကို အီးစီဂျီရိုက်နေတာပဲလား။

ကျွန်မ အသည်းယားလာသည်။

ယခု ကျွန်မ မသိသော ရောဂါအဖြေကို ရှာဖွေဖို့ ပရလောကသို့ ရောက်ရှိနေကြသော ကျန်းမာရေးစောင့်ရှောက်သူများကပဲ ကူညီနေကြ သလား။

ဒါမှမဟုတ် တခြားဂြိုဟ်ကမ္ဘာမှ အဆင့်မြင့်သတ္တဝါတို့က လူသား တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများမှ တုံ့ပြန်မှု အလုပ်လုပ်မှုတို့ကိုပဲ စူးစမ်းလေသလား။ မည်သို့ပင်ဖြစ်စေ စိုးရိမ်စိတ်က ပျောက်မသွား။

ကျွန်မ မျက်လုံးမှိတ်၍ တွေးနေခဲ့သည်။

ကြောက်၍ မလှုပ်ဝံ့ပါ။

ခဏကြာလျှင် စက်ဖြင့် တိုင်းတာမှုက ပြီးဆုံးသွားပါသည်။
ခုတင်ပေါ်မှ ထထိုင်၍ရကြောင်း သူမက လေသံတိုးတိုးဖြင့် ပြောပါသည်။
သူမ၏မျက်နှာ ကျွန်မ မမြင်ရပါ။
လေသံကမှ ညင်ညင်သာသာပါ။
သူမက စက်ထဲမှအဖြေများကို ယူပြီးထွက်သွားပါသည်။

*

(၂)

တခြားခုတင်များမှ ကျွန်မ၏ မိတ်ဆွေများသို့ လှမ်းကြည့်လိုက်သည်။ သူတို့ရော သည်နေရာကို ဘယ်လိုရောက်လာသလဲ ကျွန်မ မသိပါ။

သို့တိုင် သူတို့သည် အသက်ရှင်ဆဲလူများမှ ဟုတ်မှဟုတ်ရဲ့လား။ ကျွန်မ ထိတ်လန့်မိပါသည်။ သစ္စာဖြူကို လှမ်းမြင်လိုက်ရမှ စိတ်သက်သာရာ ရသွားပါသည်။ နေ့လယ်ပိုင်းကပင် ကျွန်မထံ ဖုန်းဆက်ခဲ့ပါသေးသည်။ ခါတိုင်းခေါ်ပေးလေ့ရှိသည့် ဖုန်းဆိုင်ကတစ်ဆင့် ခေါ်ခြင်းဖြစ်ပါသည်။

အင်း... သူကတော့ဖြင့် သေပြီးသားလူ မဖြစ်နိုင်ပါ။

ကျွန်မ ထထိုင်စဉ် သူတို့လည်း ခုတင်ပေါ်က ထလာကြသည်။ ကျွန်မအနီးသို့ လျှောက်လာကြပါသည်။ သစ္စာဖြူက ...

"ခုမှ ရောက်လာတာလား"

"ဒါ ဘယ်နေရာလဲ"

"ရောဂါရှာဖွေရေးဌာနတစ်ခုပဲ"

"ရောဂါရှာဖွေရေး"

ကျွန်မသည် ပြာမှိုင်းမှိုင်းတွင်းဆီသို့ သယ်ဆောင်လာခဲ့သည့် ယာဉ်၊ ပရလောကသားဆန်ဆန်လူများနှင့် ကျွန်မကို စမ်းသပ်ခဲ့သော အမျိုးသမီးတို့အကြောင်းကို တွေးနေမိခဲ့သည်။

"ဘယ်နေရာမျိုးပါလိမ့်"

ကျွန်မ စဉ်းစား၍မရပါ။

သစ္စာဖြူက ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့အားလုံး နှလုံးထဲမှာ ဖိစီးကိုက်ခဲမှုတွေ ရှိနေခဲ့တယ်လို့ ယူဆပြီး အဲ့ဒါတွေကို ကုစားပေးဖို့ ကြိုးစားပေးတဲ့နေရာ ပဲ"

ကျန်လူများကို ကျွန်မကြည့်လိုက်သည်။

သူတို့ကလည်း ကျွန်မထက်ပို၍ ဘာမှသိကြပုံမရပါ။

"သူပြောတာပဲလေ"

တစ်ယောက်ကပြောသည်။

ဘယ့်နှယ် ကျွန်မနှင့် အနှစ်နှစ်ဆယ်နီးပါး သိကျွမ်းခင်မင်ခဲ့သည့် သစ္စာဖြူမှာ သည်လောကသားတို့၏ ကိုယ်စားလှယ်များလား။

နေ့လယ်က ဖုန်းခေါ်သံကို ပြန်တွေးကြည့်သည်။

"အစ်မ ဘယ်မှမသွားဘူးလား အိမ်မှာပဲရှိခဲ့တာလား"

"အင်း အိမ်မှာပဲ ဘယ်မှမထွက်ဖြစ်ပါဘူး"

ကျွန်မ ပင့်သက်ရှိုက်လိုက်သည်။

"ရှင်ရော ကုဖူးလို့လား"

"ကျွန်မ ကုဖူးတယ်၊ နှလုံးထဲမှာဖိနေတဲ့ အကျိတ်အမြစ်တစ်ခုခုကို ဆွဲထုတ်လိုက်တာပဲ။ အပြာရောင်မီးငြိမ်းပြီး အစိမ်းရောင်လဲ့လဲ့ လင်းလာ ရင် အိမ်ကိုပြန်လို့ရတယ်"

"အဲ့ဒါ ဘယ်တော့လဲ"

"ရှင့်ရောဂါအခြေအနေပေါ် မူတည်လို့ပဲ"

သစ္စာဖြူက ပခုံးတွန့်ပြပြီး ပြောလိုက်သည်။

စိတ်ထဲမှာ သူ့ကို မနှစ်မြို့ဖြစ်သွားရသည်။

ကျွန်မစဉ်းစားနေမိသဖြင့် စောစောက အမျိုးသမီးသဏ္ဍာန် ပြန်ဝင်လာခဲ့ပြီး ကျွန်မဘေးမှလူများ အလျှိုလျှို သူတို့ခုတင်သူတို့ ပြန်သွားကြသည်ကို မသိလိုက်ပါ။

စောစောက အမျိုးသမီးသဏ္ဍာန်က ကျွန်မပခုံးကို ညင်ညင်သာသာ ဖိပြီး

"အိပ်လိုက်ဦး"

ခုတင်ပေါ်မှာ ပြန်အိပ်ရမှာကို ကြောက်နေမိသည်။

သစ္စာဖြူကိုလည်း ဒေါသဖြစ်နေသည်။

တစ်ဖက်ကိုစောင်းပြီး လှဲနေရင်း နှင်းမြူငွေ့လို တရိပ်ရိပ်ထင်နေသော အခန်း၏ ဟိုမှာဘက်တွင် လူရိပ်သဏ္ဍာန်တချို့ကို တွေ့ရပါသည်။

မျက်လုံးကို မမှိတ်ဝံ့ပါ။

မျက်လုံးမှိတ်ကာ အိပ်ပျော်သွားခဲ့လျှင် ထာဝရမနိုးတော့မှာကို စိုးရိမ်နေမိပါသည်။

ဘယ်နနာရီ ရှိသွားပါလိမ့်။

ထိုအခန်းထဲမှာ နာရီနှင့်တူသောအရာ ရှိပုံမရပါ။

ကျွန်မ၏လက်မှာလည်း နာရီမရှိပါ။

နာရီပတ်တိုင်း အလာဂျီဖြစ်ရသဖြင့် နာရီမပတ်သည်မှာ ကြာပါပြီ။

သည်ကရှေ့ဆက်၍ ကျွန်မ၏ဘဝမှာ နာရီဆိုတာ လိုပါဦးမည်လား။

ဆရာကြီးရွှေဥဒေါင်း၏ ဝတ္ထုတစ်ပုဒ်ထဲတွင် ဇာတ်ကောင်တစ်ယောက်က ကမ္ဘာမြေကြီး၏ ဗဟိုချက်ကိုဆင်းကာ ကမ္ဘာ၏စောင်းနေသည့်ဝင်ရိုးကို လှည့်ဖို့ ကြိုးစားခဲ့ပုံကို သတိရနေပါသည်။

ယခုတွေ့ရသူများသည်လည်း ပရလောကသားများ မဟုတ်ဘဲ ကျွန်မ ဖတ်ခဲ့ဖူးသည့် ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်ကောင်များပဲလား။

တွင်းနက်ထဲ ဆင်းသွားကြောင်း ရေးတတ်သည့်လူတွေထဲမှာ ဂျပန်စာရေးဆရာ မူရာကာမိကို သွားသတိရပါသည်။ မွန်ဂိုလီးယားစစ်မြေပြင်မှာ ဒုတိယကမ္ဘာစစ်တုန်းက ရေတွင်းဟောင်းထဲ ပစ်ချခံရသည့် ဂျပန်စစ်သား၊ ဒါ့အပြင် ကြောင်ပျောက်ရှာရင်း ရေတွင်းဟောင်းထဲ ဆင်းသွားခဲ့သူ။ ဒါမှမဟုတ်ရင် တွင်းနက်ထဲမှာ သိပ္ပံဓာတ်ခွဲခန်းလိုလို ဝတ္ထု။ အင်း အဲ့ဒီထဲက လူတွေနှင့်များ တူနေသလား။

တွေးကြည့်တော့လည်း မတူပါ။

သို့ရာတွင် အခြားစာရေးဆရာ တစ်ယောက်ယောက်၏ ကျွန်မ မမှတ်မိသည့် ဇာတ်ဝင်ခန်းတစ်ခုမှာ ကျွန်မကိုယ်တိုင်ဝင်၍ သရုပ်ဆောင်မိနေခြင်းများလား။ တွေးရင်း ကျွန်မခေါင်းနောက်လာပါသည်။

"ရှူး"

ခေါ်သံကြောင့် လှည့်ကြည့်လျှင် တစ်ဖက်ခုတင်မှာ ကိုဒေဝါကို တွေ့လိုက်သည်။

ကိုဒေဝါမှာ ကဗျာဆရာတစ်ယောက် ဖြစ်သည်။

စောစောက သူ့ကို ကျွန်မ မမြင်မိပါ။

ကိုဒေဝါနှင့် ကျွန်မ လက်ဖက်ရည်ဆိုင် ထိုင်ဖူးပါသည်။

ကဗျာများအကြောင်း ငြင်းခုံဖူးပါသည်။

ဂျင်းမောရစ်ဆန်၏ကဗျာများအကြောင်း ပြောဖြစ်ဖူးသည်ထင်သည်။

သူရော နှလုံးထဲမှာ အကျိတ်ရှိသူလား။

ကျွန်မ တီးတိုးလှမ်းမေးလိုက်မိသည်။

"ရှင့်နှလုံးထဲက အကျိတ်ထုတ်ပြီးပြီလား"

ကိုဒေဝါက ခပ်တိုးတိုး ရယ်နေပါသည်။ သူရယ်သဖြင့် ကျွန်မ လန့်သွားပါသည်။

"ရှင် ကဗျာရေးနေတာလား"

ကေန္တ သူ့ကဗျာတစ်ပုဒ်ထဲမှာ ကျွန်မ ရောက်နေလေသလား။ ရံဖန်ရံခါ သူက ကဗျာထဲမှာ လူနာမည်တွေ ထည့်ရေးတတ်သေးသည်။

"မဟုတ်ဘူး"

သူက ခပ်တည်တည်ဖြင့် တိုးတိုးဖြေပါသည်။ နောက် ကျွန်မကို မကြည့်တော့ဘဲ မျက်နှာကြက်ကိုသာ မော့ကြည့်နေသဖြင့် ဘာပြောရမှန်း မသိ ဖြစ်သွားသည်။

ကေန္တ အကျိတ်ဆိုတာရော တကယ်ဟုတ်ရဲ့လား။

သစ္စာဖြူ ဖြီးနေတာလား။

ဒါမှမဟုတ် လူတွေရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ လှီးထုတ်ရောင်းဝယ်တဲ့ နေရာတစ်ခုပဲလား။

အိုး ဘာမှမဖြစ်ပါစေနဲ့။

ပါရဂူဟု ထင်ရသူတစ်ဦး၏ရှေ့မှာ ကျွန်မ ထိုင်နေပါသည်။

ကျွန်မ၏ရုပ်ပုံကို ဖန်သားပြင်တစ်ခုတွင် ပြန်မြင်နေရပါသည်။

ပီပီသသတော့ မရှိပါ။

ခဏကြာလျှင် ကျွန်မနှလုံး၏ဖြတ်ပိုင်းပုံ ပေါ်လာပါသည်။

"ခင်ဗျားမှာ အကျိတ် မရှိဘူး"

တိုးသော်လည်း သူ့အသံက ခပ်မာမာလေးလေး ဖြစ်ပါသည်။ အကျိတ်ရှိမနေခြင်းကြောင့်ပင် ကျွန်မကို အပြစ်တင်ချင်သလိုလို။

ကျွန်မ စောစောက အိပ်ရာငယ်မှာပြန်၍ လဲလျောင်းရပြန်သည်။

ခြေချင်းဝတ်နှင့် လက်ကောက်ဝတ်ရှိ သွေးကြောများနေရာတွင် ဝါယာကြိုးနှင့်ရစ်ပတ်လျက် ကျွန်မ၏ရင်ဘတ်ကို ဂျယ်လီလိုအရည်တွေ သုတ်လိမ်းကာ ကိရိယာတစ်ခုဖြင့် လှည့်မွှေပြန်ပါသည်။

ကျွန်မ မျက်လုံးများ မှိတ်ထားမိသည်။

စောစောက အမျိုးသမီးသူနာပြုကပင် စက်ကိုစောင့်ကြည့်ခြင်း၊ ကျွန်မ၏ခန္ဓာကိုယ်ကို ကိုင်တွယ်စမ်းသပ်ခြင်း ပြုလုပ်နေပါသည်။

ကျွန်မကို အသက်ရှူဖို့ပြောထားသော်လည်း ကျွန်မ အသက်မရှူရဲ၊ တောင့်တောင့်ကြီး ဖြစ်နေပါသည်။

ခဏကြာလျှင် သူမစက်မှအဖြေကိုယူ၍ ပြန်လည်ထွက်ခွာသွားပြန်သည်။

ကိုဒေဝါ၏ခုတင်မှာ ကိုဒေဝါ မရှိပါ။

သူသည် ကဗျာများကို လက်ဟန်ခြေဟန်ဖြင့် အသံကျယ်ကျယ် ရွတ်တတ်သူ ဖြစ်သည်။

မိတ်ဆွေများကို ခင်မင်တတ်သူဖြစ်ပါသည်။

ရံဖန်ရံခါ အရက်ဖိုးတောင်းတတ်သည်။

ခုမှ သတိရသည်။

ယခုလို စမ်းသပ်မှုတွေအတွက် ကုသစရိတ်တွေပဲ တောင်းခံလာလေမလား။

ကျွန်မ မပြောတတ်ပါ။

အသက်ရှူမဝသလို ဖြစ်လာသည်။

စောစောက အမျိုးသမီးသူနာပြုနာ ရောက်လာပြန်သည်။

ဘာကြောင့်မှန်းမသိ အခန်းထဲမှာ အေးစိမ့်လာသလို ခံစားရသည်။

"ရှင့်မှာ အကျိုတ်မရှိဘူး"

သူမက ခပ်တိုးတိုးနှင့် ခပ်လေးလေး ပြောလိုက်သည်။

ကျွန်မ ဝမ်းသာသွားသည်။

"ဒါဆို ပြန်လို့ရပြီလား"

အရဲစွန့် မေးကြည့်မိသည်။

"မရသေးဘူး"

အကျိုတ်မရှိဘဲ ပြန်လို့လည်းမရရင် ဘာလုပ်ရမှာပါလိမ့်။

"ဘာလို့လဲဟင်"

"ဗိုင်းရပ်စ်ရှိလို့"

"ဘယ်လို ဗိုင်းရပ်စ်မျိုးလဲ"

ကျွန်မ ရင်ဘတ်ထဲက နှလုံးသားတစ်ခြမ်းကိုပင် ခွဲစိတ်လှီးထုတ်ပစ်တော့မှာလား ကြောက်လာသည်။

ဗိုင်းရပ်စ်စားသွားပြီလို့ ပြောမှာလား ကျွန်မ တွေးမရဲပါ။

မျက်ရည်ဝိုင်းလာပါသည်။

သိုးမည်းလေးနှင့် ကျွန်မ တွေ့နိုင်ပါဦးမလား။

သူမက ခပ်တိုးတိုး ခပ်မာမာလေသံဖြင့် ...

"ဗိုင်းရပ်စ်က ဗိုင်းရပ်စ်ပဲ၊ ဆေးသောက်ရမယ် ခဏစောင့်"

သူမ ထွက်သွားပြန်ပါသည်။ ကျွန်မ ကျိတ်၍ ငိုမိသည်။

တစ်ဖက်ခုတင်မှာ ကဗျာဆရာ ကိုဒေဝါကို တွေ့ရသည်။

"ရှူး"

သူက ကျွန်မကိုလေသံဖြင့် ခေါ်လိုက်သည်။

ကျွန်မ သူ့ကိုလှမ်းကြည့်လိုက်လျှင်

"ခင်ဗျား ဝတ္ထုရေးနေတာလား"

ကျွန်မ သူ့ကိုပြန်မဖြေပါ။

"ခင်ဗျားဝတ္ထုထဲမှာ ကျုပ်ကို ထည့်ရေးထားတာလား"

ကျွန်မ ငိုနေသည့်ကြားမှ သူ့ကိုညင်သာစွာ ခပ်ယဲ့ယဲ့ပြုံးပြလိုက်သည်။ ဒီလူဒီလောက် စိတ်ပျက်စရာကောင်းမှန်း ခုမှသိရသဖြင့် စိတ်မသက်မသာ ပြုံးပြမိခြင်းပါ။

*

(၃)

ကျွန်မ၏ အိပ်ရာလေးပေါ်သို့ ကျွန်မပြန်ရောက်လာခဲ့သည်။

ဆေးလိပ်နံ့သင်းသည့်အိပ်ရာ။

ခုတင်ပေါ်တွင် ခပ်စုတ်စုတ်ဂွမ်းကပ်ပေါ်မှာ အညာစောင်ပါးပါးလေး ခင်းထားသည့် အိပ်ရာဖြစ်ပါသည်။

ကျွန်မ၏ခင်ပွန်းက ခါတိုင်းလိုပင် စောင်ကိုခေါင်းမြီးခြုံလျက် အိပ်ရာထောင့်မှာ ခပ်ကွေးကွေး အိပ်နေပါသည်။ သူ့ကိုတွေ့၍ ကျွန်မ ဝမ်းသာသွားပါသည်။

ကျွန်မ အသက်ရှူမှတ်နေသည်။

ရင်ဘတ်ထဲက မအောင့်တော့ပါ။

အသက်ရှူရတာ ပိုကောင်းလာပါသည်။

ကိုယ့်အိပ်ရာပေါ် ကိုယ်ရောက်နေသဖြင့်ရော အသက်ရှူရအဆင်ပြေနေသဖြင့်ပါ စိတ်ချမ်းသာသွားရပါသည်။

ထိုနေ့ညမှစ၍ ကျွန်မနှလုံးသားထဲမှ နာကျင်မှုများ တဖြည်းဖြည်းလျော့ပါးလာခဲ့ပါသည်။ ကိုဒေဝါနှင့်ဖြစ်စေ အခြားမိတ်ဆွေများနှင့်ဖြစ်စေ မတွေ့လိုတော့ပါ။

ဘာကြောင့်မှန်းမသိ။ သူတို့ကို ခပ်လှမ်းလှမ်းက မြင်တွေ့လိုက်သည်နှင့် သူတို့နှင့်ဝေးရာသို့ ကျွန်မ ရှောင်သွားလေ့ရှိလာသည်။

စိတ်သစ်လူသစ် ဖြစ်သွားသလိုပင်။ သို့သော် စာရေးဆရာဖြစ်ခဲ့သော ကျွန်မ၏ဘဝသည် တစ်စတစ်စ ချုပ်ငြိမ်းသွားခဲ့ပါသည်။ စာတစ်လုံးမှပင် ချရေး၍ မရပါ။ စိတ်ကူးများ အိပ်မက်များ အရာအားလုံး ခြောက်ခန်းသွားခဲ့ပါသည်။

ကျွန်မ ကုသခံခဲ့ရသည့်ဆေးများ၏ ဘေးထွက်ဆိုးကျိုးကြောင့်ပဲလား ကျွန်မ မသိပါ။

သစ္စာဖြူဆိုသည့်မိန်းမ ဖုန်းဆက်လာလျှင် ကျွန်မ မရှိဘူးပြောဖို့ ဖုန်းဆိုင်က လူများကိုတော့ မှာထားမိပါသည်။

မဟေသီမဂ္ဂဇင်း၊ ၂၀၀၇

❑

# လက်ပြ ဝေးဝေး

- သိုက်ထွန်းသက် -

(က)

တသိမ့်သိမ့်ဖြင့်။

ရောဝတီသည် လွန်ခဲ့သော ဆယ်နှစ်တုန်းကလိုပင် ငြိမ့်ငြိမ့်ညင်ညင် တသွင်သွင် စီးဆင်းနေဆဲ။ မင်းဝံတောင်တန်းသည်ပင် အဖြောင့်အတန်း မပျက်။ အညို့အမှိုင်းမပျက်။ ယုတ်စွအဆုံး သူထိုင်နေကျကျောက်လှေကားထစ်လေး။ သူ့အပေါ်မှာ မိုးထားသည့် ဆီးပင်ရိပ်။ သူကျောပေးထားသည့် ကမ်းနားဈေးအိုဏ် မျက်နှာစာ။ မည်သည့်အရာမျှ မခြားနား။ ငယ်ငယ်တုန်းကလိုပင် တရင်းတနှီး ခံစား အောက်မေ့နိုင်သည်ချည်း။ သို့တစေ ဆယ်စုနှစ်တစ်ခေတ်သည် သူ့ကျောပြင်ပေါ်မှာ ဖြတ်သန်းကျော်သွားခဲ့ပြီ။ ဆယ်နှစ်ကာလ နေရောင်အတည့်အစောင်းနှင့် သူ့အရိပ်များ အရှည်အတို၊ အဆုတ်အတိုး ဖြစ်လာရသည်။

သူသည် ပန်းနုဆည်းဆာတစ်ချိန်မှာ မောင်လူသစ် (ဂေါဝိန်) ဟူသော ကင်ပွန်းတပ် မင်္ဂလာအခမ်းအနားလေးတစ်ခု ကျင်းပခဲ့ပုံကို တရေးရေး မြင်ယောင်နေမိသည်။ သည်စဉ်ကမှ လှိုင်းခေါင်းဖြူ ပြိုးပြက်တို့ သူ့ခြေရင်း ရေစပ်ဆီ အပြေးလာရိုက်ပုတ်သည်ကိုပင် သူ့အား

ကောင်းချီးပြုနေသည်ဟု အထင်ရောက်ခဲ့သည်။ သူသည် လှိုင်းအိလေးတွေပေါ် အလိုက်သင့်ထိုင်နေသော နေဝန်း၏ အသွေးအရောင်ကို စတော်ဘယ်ရီသီးနှင့် တင်စားခဲ့မိသည်။

ဟီရာကလစ်တပ်စ် အမည်ရှိ ခေါမ အဘိဓမ္မာဆရာ၏ အဆိုအမိန့်တစ်ခုကို အမှတ်မထင် သတိရသည်။ စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော မြစ်ရေစီးမှာ မောင်လူသစ် (ဂေါဝိန်) ပြောင်းလဲခြင်းအား ဆင်ခြင်ကြည့်မိသည်။ မြစ်တစ်မြစ်တည်းမှာ ရေနှစ်ခါ ချိုးလို့မရဘူး။ လွန်ခဲ့သော ဆယ်နှစ်က ဆီးပင်ရိပ် ကျောက်လှေကားထစ်မှာထိုင်ပြီး ဝင်လုဆဲ နေမင်းကြီးကို ငေးမောကာ အချစ်ဝတ္ထုတွေ နွဲ့နွဲ့လေးတွေ ရှာဖွေခဲ့ဖူးသည့် မောင်လူသစ် (ဂေါဝိန်) နှင့် စကားပြောချင်နေသည်။

သူသည် မြစ်လယ်ကောင်မှာ အိပွဲ့အိပွဲ့ လှုပ်ခတ်ရွေ့လျားနေသော 'ငှက်' လေးအား လွမ်းဆွတ်ဆွတ် ကြည့်နေမိသည်။ ငှက်လေးပေါ်မှာ 'အေးအေး' ကို မြင်ရသည်။

(ခ)

တစ်ရက်လျှင် ၂၁ နာရီမျှ အိပ်မောကျတတ်သော ကမ်းနားဈေးသည် ယခုတော့ ဆူဆူညံညံ၊ စည်စည်ကားကား။ မြင့်မားသော တာရိုးကြီးပေါ်မှာ ကမ်းနားဈေးကြီးသည် နာရီပေါင်းများစွာ အထီးကျန် ဖြစ်နေတတ်သောကြောင့် ယခုလို ရှုပ်ထွေးစိမ်းစိုမှုများ ရှိတတ်သော နံနက်ခင်း အချိန်များသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတတ်သည်။

မောင်မောင်သည် ဈေးဝယ်များ တိုးဝှေ့သွားလာနေကြသည့် လမ်းကျဉ်းလေးမှာ ကတ်သီးကတ်သတ် ထိုင်နေသည်။ သူသည် ခိုတောင်မုန့်တီတောင်းလေးတစ်ခုဘေးမှာ ဆောင့်ကြောင့်ထိုင်ရင်း မုန့်တီ စားနေသည်။ ပန်းကန်လုံးထဲမှာ မုန့်တီမျှင်များ တစ်လုတ် နှစ်လုတ်စာမျှသာ

ကျန်တော့သည်။ သူသည် မုန့်တီဝါဝါထိန်ထိန်များ ခဏနှင့် စားကုန်သွားမှာ စိုးနေဟန် ရှိသည်။

သူက ဖြူသန့်သော ပိတ်စနှင့် ရစ်ပတ်စည်းထုပ်ထားသော ဟင်းချိုအိုးလေးပေါ်မှာ ပန်းကန်လုံးလေး ရစ်ဝဲလိုက်သည်။ မုန့်တီသည် မိန်းကလေးများသည် အုန်းမှုတ်ခွက် လက်ကိုင်ရှည် တပ်ထားသော ဟင်းရည်ခပ် ယောက်ချိုကို မြေအိုးထဲနှစ်နေသည်။ မိန်းကလေးသည် ဟင်းချိုရည်အိုးအား ရစ်ပတ်ထားသော ပိတ်စလေးကဲ့သို့ ဖြူသန့်ကြည်လင်သော အလှပိုင်ဆိုင်ပြီး မုန့်တီမျှင်လေးတွေအား ထိန်ထိန်ဝါသွားစေသည်။ နန္တင်းရောင်များသော သနပ်ခါးထူထူကို တမက်တမော ရှိဟန်တူသည်။ မောင်မောင်က မိန်းကလေးအနားမှာ စကားတတွတ်တွတ်ဆိုနေသည်။ ခိုတောင်မုန့်တီသည် မိန်းကလေးသည် ရှက်မျက်တောင်ချထားသည်။ မောင်မောင်သည် သူ့ပခုံးစွန်းမှ ကပ်ဖြတ်သွားသော ထဘီနားများကိုပင် ဂရုမစိုက်မိ။ 'အေးအေးရယ် ဖြေပါ' ဟု ထပ်ကာ ထပ်ကာ ဆိုနေသည်။ ကြာတော့ မိန်းကလေး၏ နှုတ်ခမ်းပါးပါးက စကားသံချိုချို ထွက်လာရ၏။

"နက်ဖြန်ကျ အဖြေပေးပါ့မယ်နော်"

(ဂ)

သူသည် ဆယ်နှစ်ကျော်က ခိုတောင်မုန့်တီသည် မိန်းကလေးအား သတိရနေမိသည်။ ဟောဒီ ဆီးပင်ရိပ်လေးမှာ မောင်မောင်ဆိုတဲ့ ကောင်လေးတစ်ယောက် အေးအေးကို မျှော်နေလိမ့်မည်။ အေးအေးတို့ ငှက်လေးက ဒီနေ့မှာ ကြာလိုက်တာ။ ဟော၊ ဟိုမှာ၊ ဟိုမှာ သောင်ပြင်ကို ပတ်ပြီး ဧရာဝတီကို အလိုက်သင့် ဖြတ်လာတဲ့ ငှက်လေးဟာ အေးအေးတို့ ငှက်လေးလား။ သင်္ဘောကြီးတစ်စင်းသည် ဆန်တက် ခုတ်မောင်း

သွားရင်း လှိုင်းလုံးမို့မို့များ ပေါက်လွှတ်ပဲစား ထားပစ်ခဲ့သည်။ သည်လှိုင်းလုံးကြီးတွေက အေးအေးတို့ငှက်လေးကို စော်စော်ကားကား ထမ်းမ,ပစ်လိုက်လိမ့်မည်ဟု မောင်မောင် မတွေးမိ။ ရက်စက်လိုက်တာ။ ငှက်လေးသည် သူ့ဝမ်းဗိုက်ထဲက သက်ရှိ သက်မဲ့ ဟူသမျှ ဧရာဝတီထဲ သွန်ချပစ်လိုက်ပြီ။

သူသည် မောင်လူသစ် (ဂေါဝိန်) ၏ 'ရွှေရင်ဆို့ ဇာတ်ကြောင်း' အမည်ရှိ ဝတ္ထုတိုလေးထဲက ရုပ်ပုံလွှာများကို ပြန်လည်ခံစားမိသည်။ သူ့မျက်စိထဲမှာ ပြေးလွှား၊ လှုပ်ရှား စုဝေး ဝိုင်းအုံ ရှုပ်ထွေးနေသည်။ သူ့နားထဲမှာ ဆူညံ၊ အော်ဟစ်၊ မေးမြန်း၊ ဖြေကြား လုံးထွေးနေသည်။

ဝတ္ထုလေးကြောင့် ဖြစ်ပေါ်သွားသော ဂယက်လေးများကို တွေးမိတော့ ယခုပင် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။

မည်သို့ပင်ဖြစ်စေ နှစ်ဆယ့်ငါးပြားတန် ဗေဒင်စာစောင်ငယ်လေးပေါ်မှာ ဖွားမြောက် သန့်စင်ခဲ့သော သူသည် မောင်လူသစ် (ဂေါဝိန်) ဟူသော အမည်သစ်တစ်ခု ပိုင်ဆိုင်ရခဲ့ပြီ။

(ဃ)

သူသည် ကမ်းစပ်မှာ ချောချောမောမော မေးတင် ဆိုက်ကပ်လာသော ငှက်လေးထဲမှာ အေးအေး ပါမလာနိုင်တော့မှန်း နားလည်လိုက်သည်။ သူသည် မြင့်မားသော ကမ်းပါးတစ်ထစ်မှာ ရပ်ထားသော ရေစည်လှည်းအား စိတ်ဝင်စားနေမိသည်။ ရေစပ် ဖောင်ငယ်လေးပေါ်ရှိ ရေစုပ်စက်ကတစ်ဆင့် ရေဖြည့်ယူနေသော ရေစည်လှည်းကို အတန်ကြာ ငေးမောနေမိသည်။ နက်ပိန်းပြောင်ရွှဲသော ကျွဲကြီးနှစ်ကောင်သည် ရွှံ့ရေများလူးကာ ရုန်းထလာသည်။ ဆွဲအားကြောင့် လျော့ရဲရဲ သံကွင်းဆက်များ တင်းလာသောအခါ ကျွန်းသစ်လုံးကြီးများ လျှောတိုက်ပါလာ

သည်။ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသော မော်တော်ခေါင်မိုးပေါ်က ပေပါခွံများကို တဝုန်းဝုန်း ကန်ချနေကြသည်။ ရေထဲမှာ ဗွမ်းခနဲ ဗွမ်းခနဲ ကျလာသော ပေပါများကို ကမ်းပေါ်သို့ ဆယ်ယူနေကြသည်။ မော်တော်မှ ကမ်းနားသို့ ထိုးထားသော ကုန်းပေါင်များသည် အိပ့်ချည့်အိပ့်။ အလိုက်သင့် ဟန်ချက်ညီ ပြေးဆင်းလာသော အလုပ်သမားကြီးများ၏ ပခုံးပေါ်မှာ ကုန်စည်ဝန်ထုပ်များ။

ရုတ်တရက် သူသည် ကိုဝင်းလှိုင်ကို သတိရလာသည်။

ကိုဝင်းလှိုင်ကြောင့် မောင်လူသစ် (ဂေါဝိန်) ၏ အဓိပ္ပာယ် ပိုမိုပြည့်စုံလာရသည်ဟု ပြန်လည် ဆင်ခြင်မိသေးသည်။

ကိုဝင်းလှိုင်က ဘိလပ်မြေသမ္ဘန်ကို လက်ညှိုးထိုးပြနေသည်။ သူက ကိုဝင်းလှိုင် ညွှန်ပြရာ သမ္ဘန်ပတ်ဝန်းကျင်ကို လိုက်ကြည့်မိသည်။ ဧရာဝတီကို ဖြတ်တိုက်လာသော တော်သလင်းလေသည် ပူပြင်း ပါးလျားလွန်းသည်။ ကုန်တင်ကုန်ချ လုပ်သားကြီးတွေ၏ ခြေထောက်များကြားမှ ပေပေရေရေကောင်လေးများ တိုးဝှေ့နေကြသည်ကို မြင်ရ၏။ အိတ်ပေါက်အိတ်ပြဲများက သွန်ဖိတ်ကျသည့် ဘိလပ်မြေများ ပေကျံ ဖြူဖွေးနေသော ကောင်လေးတွေ၏ လက်ချောင်းများကို အဓိပ္ပာယ်ဖွင့်နေမိသည်။ ကိုဝင်းလှိုင် နှစ်ဆယ့်ငါးပြားတန် စာစောင်ငယ်လေးမှာ စာပေပျိုးခင်းလေး လုပ်နေရသည့် သူ့ကို မတန်တဆ ခြောက်လှန့်ပြနေသည်ဟု အထင်ရောက်သွားမှာလည်း စိုးရိမ်နေဟန် တူသည်။

"ဝတ္ထုသဘောတရားတွေ၊ ရသစာပေ ဖွင့်ဆိုချက်တွေ ဘာဘာညာညာ အစ်ကို နားမလည်ဘူး။ ပြောလည်း ပြောမပြတတ်ဘူး။ စိတ်ကူးယဉ် ချစ်ကိစ္စလေးတွေရဲ့ အပြင်ဘက်မှာလည်း ဝတ္ထုလေးတွေ ရှိနေသေးတယ်။ ဝတ္ထုရေးစရာလေးတွေ ရှိနေသေးတယ် ဆိုတာကိုသာ"

သူ ဂေါဝိန်ကို တစ်ခေါက်ပြန်ရောက်တော့ မေးကြည့်မိသေးသည်။

မည်သူ့ဆီကမျှ ကိုဝင်းလှိုင် လိပ်စာသစ်ကို မေးမြန်းတောင်းယူရရှိခွင့် မကြုံခဲ့။

အင်္ကျီတုံးလုံး ကလေးငယ်များ ဝါးဖောင်ထိပ်က နေ၍ ဧရာဝတီ၏ လျှို့ဝှက်သော အတွင်းပိုင်းထဲဆီ ခေါင်းထိုးငုပ်လျှိုးသွားသည်ကို မြင်လိုက်၏။

(c)

"ဗေဒင်ထူး စာစောင်တွေ၊ ဗေဒင်ထူး စာစောင်တွေ"

လက်ပွေ့ သတင်းစာ ရောင်းသမားတစ်ဦးသည် ဈေးလမ်းကျဉ်းလေးထဲမှာ တိုးဝှေ့ရင်း အော်နေသည်။ ဈေးသည်၊ ဈေးဝယ် တော်တော်များများသည် ထူးစာစောင်အား ပေါ့ပေါ့ပါးပါးပင် ဝယ်ယူနေကြသည်။ တနင်္လာနေ့တိုင်း ထုတ်ဝေသော နှစ်ရွက် ရှစ်မျက်နှာ စာစောင်ငယ်လေး၏ မျက်နှာဖုံးတွင် လာမည့် သောကြာနေ့ ရုံတင်ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားမှ မင်းသမီးသစ်၏ စိုပြည်ဖွံ့ဝေသော အလှ။ နောက်ကျောဖုံးမှာ မြန်မာ မျက်စိကုဝိဇ္ဇာ၏ ကြော်ငြာ။ အတွင်းစာမျက်နှာ ၄၊ ၅ က ဗေဒင်။ ခုနစ်ရက်သားသမီးတို့သည် တနင်္လာပေါင်း မြောက်မြားစွာကို ဖြတ်ကျော်ရင်း ရှေ့ရေး အိပ်မက်များကို ပုံဖော်ကြည့်နေကြသည်။ ဗေဒင်ကို ယုံကြည်ကိုးစားလွန်း၍တော့ မဟုတ်တန်ရာ။ နှစ်ဆယ့်ငါးပြားတန် စာစောင်ငယ်ပေါ်ကလည်း မည်မျှကြီးကျယ်သော မျှော်လင့်ချက်များ ရရှိနိုင်မလဲ။ သို့တစေ ဂေါဝိန် ပတ်ဝန်းကျင်က ကိုကို၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ်များသည် ထူးစာစောင်လေးကို သူတို့ ဖတ်မှတ် လေ့လာအပ်သော စာစောင်လေးတစ်ခုအဖြစ် အသိအမှတ်ပြုထားကြသည်။

ကဗျာ၊ ကာတွန်း၊ ကြော်ငြာ၊ ဖတ်စရာ မှတ်စရာတွေထဲမှာ ဝတ္ထုတိုလေး တစ်ပုဒ်ကိုလည်း ယှက်နွယ် ဖွဲ့စည်းထားသေးသည်။

ယခု တနင်္လာမှာ မောင်လူသစ် (ဂေါဝိန်) ၏ 'ဆဋ္ဌမ သမုဒ္ဒရာ' ဝတ္ထုတို။ သူသည် စက်ချုပ်ခုံကိုမှီပြီး သူ့မမ၏ စီရင်ချက်အား ငံ့လင့်နေသည်။ မခင်မြင့်သည် ခွေးခြေခုံလေးပေါ် ဝဖိုင့်သော ခန္ဓာကိုယ်ကြီးကို မမှုမတတင်ပြီး သူ့ဝတ္ထုကို ဖတ်နေသည်။ မခင်မြင့် နောက်မှာ စက်ချုပ်သင် ကောင်မလေးတွေထဲက ကျစ်ဆံမြီးရှည်လေးသည် သူ့အား ခိုးကြည့်နေသည်ကို သတိထားမိသည်။

"ကောင်းလည်း မကောင်းဘူး"

ထင်ထားသည့်အတိုင်းပင် မခင်မြင့်က တုံ့ပြန်လာ၏။

"ဒါက ဘဝသရုပ်ဖော်ဗျ၊ ခင်ဗျားကြိုက်တတ်တဲ့ ချစ်တာတွေ၊ ကြိုက်တာတွေ မပါဘူး"

သူက မခင်မြင့်ကို စသလိုနှင့် လူတတ်ကြီး လုပ်နေမိသည်။

"အကြိုစတွေ ဈေးတက်လို့ ဖောက်သည်တွေမလာတာ နင် မသိဘူးလား။ စိတ်ညစ်ရတဲ့အထဲ နင့်ဝတ္ထုဖတ်ရတာ ဘာမှန်းလဲ မသိဘူး။ တာရိုးဘေးက ဖိုးခွေးတို့၊ အရက်ပုန်းတို့၊ ပြီးတော့ ရှက်စရာကြီးတွေလည်း ပါသေးတယ်"

သူက စိတ်ညစ်သွားသော သူ့မမ ဝဝဖိုင့်ဖိုင့်ကြီးကို ကြည့်ရင်း သနားလာသည်။ သူက 'စက်ချုပ်တာ အလုပ်မဖြစ်ရင်လည်း ဒေါက်ကြီးနဲ့ ဆက်သွယ်ပေါ့' ဟု ပြောင်စပ်စပ်ဆိုတော့ မမက ကတ်ကြေးနှင့် ရွယ်သည်။

မည်သို့ပင် ဖြစ်စေကာမူ သူ ပထမဆုံး ရေးသားခဲ့သော ဘဝသရုပ်ဖော် ဝတ္ထုလေးကိုပင် ကိုဝင်းလှိုင်ကြီးက 'ဒေါက်နှင့် သမီးများကြော်ငြာ' ဟု ဆိုလာသောအခါ မကျေမနပ် ဖြစ်နေမိသေးသည်။

သူသည် နှစ်ဆယ့်ငါးပြားတန် စာစောင်လေးများမှာ ဝတ္ထုတိုပေါင်း နှစ်ဆယ်ကျော်ရေးပြီးသောအခါတွင် ဂေါဝိန်ကို ထားရစ်ခဲ့ရသည်။

တစ်ခါက သူ့ဝတ္ထုတို တစ်ပုဒ်တလေကိုပင် ဖတ်ဖြစ်ခြင်း မရှိခဲ့သော မခင်မြင့်ကြီးအား နှုတ်ဆက်ရန် သတိရလာမိသည်။ မခင်မြင့်သည် သူ့ပရိသတ်။ သူက မခင်မြင့်တို့ အသည်းစွဲဖူးသည့် စာရေးဆရာ။

ကမ်းနားဈေးအိုလေးသည် ဓမ္မာရုံလေးလို ဆိတ်ငြိမ်နေသည်။

(၈)

မခင်မြင့် ခန္ဓာကိုယ် တစ်ဝက်ပျောက်ဆုံးသွားခြင်းအပေါ်မှာ မယုံနိုင် သလို ဖြစ်နေမိသည်။

"ပိန်သွားတယ်နော်၊ မမမြင့်"

"နင်လည်း တို့ဘက်ကို ပေါ်မလာတော့ဘူး။ နင့်အမေ ဆုံးတော့မှပဲ နင့်မိဘတွေဆီ လာတော့တယ်။ ဒါလည်း ဘယ်နေ့ပြန်မလဲ၊ နက်ဖြန်လား"

"မပြန်လို့ ဘယ်သူက ထမင်းကျွေးထားမလဲ မမမြင့်ရ"

မခင်မြင့်ထံက အလိုမကျသော တုံ့ပြန်သံ ကြားရလိမ့်မည်ဟု မျှော်လင့်မိသည်။ သို့သော် သူမက ငေးကြည့်နေသည်။

"ကလေး ဘယ်နှယောက် ရပြီတုံး"

လက်နှစ်ချောင်းခွဲ ထောင်ပြလိုက်သည်။

"အိမ်ထောင်ကျသွားကတည်းက လူရော၊ အတ္တရော ပျောက်သွားလိုက်တာနော်"

အသံထွက်အောင် ရယ်မိသည်။ အင်္ကျီကိုက်ခုံဘေးမှာ ရပ်နေသော ကောင်မလေးတွေထံကလည်း ရယ်သံချိုလွင်စွာ ကြားလိုက်ရသည်။

သည်ကောင်မလေးတွေထဲမှာ ဆယ်နှစ်ကျော်က ကျစ်ဆံမြီးလေးကို ရှာကြည့်မိသေးသည်။

"နင် စာမရေးနိုင်တော့တာကို ပြောတာပါ"

"ဘာဖြစ်လို့ စာမရေးနိုင်တော့ရမှာလဲ အစ်မကြီးရ။ ကျွန်တော် စာရေးနေတုန်းပဲဥစ္စာ၊ 'မောင်လူသစ်' ပဲ။ အဲ၊ 'ဂေါ်ဝိန်' တော့ ဖြုတ်ပစ်လိုက်ပြီ"

မခင်မြင့် မျက်နှာပေါ်မှာ ယုံကြည်လက်ခံမှု အရိပ်အယောင်များ မတွေ့ရ။

"ဘယ်မှာ ရေးတာလဲ၊ ထူးစာစောင်မှ မရှိတော့တာဘဲ"

သူ့ကို နှစ်ဆယ့်ငါးပြားတန် စာစောင်လေးပေါ်က မောင်လူသစ် (ဂေါ်ဝိန်) အဖြစ်ထက် တိုး၍ မမြင်နိုင်သေးသော မခင်မြင့်အပေါ်မှာ အလိုမကျ ဖြစ်မိသည်။ သူ ရေးသားနေသော မဂ္ဂဇင်းအမည်ကို ရွတ်ပြမိသည်။

"မဖတ်ဖူးပေါင်"

သူ အတော်စိတ်ပျက်မိသည်။ သူ ဆယ်နှစ်ကျော် စားဝတ်နေရေး တစ်ဖက်နှင့် ရုန်းကန်တည်ဆောက်ခဲ့သော စာပေဘဝလေးကို သူ့ ဝတ္ထုတိုလေးများ တစ်လျှောက်လုံး ဖတ်လာခဲ့သည့် မခင်မြင့်လို ပရိသတ်ကမှ အသိအမှတ်ပြုခြင်း မရှိလျှင်။ သူ မောပန်းနွမ်းနယ်သွားရသည်။ သည်တော့မှ ဈေးထဲမှာ ဖြတ်သန်းလာစဉ် 'စာမရေးဖြစ်တော့ဘူးလား၊ စာရေးဆရာလေး' ဆိုသည့် သူ့မိတ်ဆွေဟောင်းများ၏ နှုတ်ဆက်စကား အနက်ကို နားလည်လာရသည်။

သူသည် ဝတ္ထုတိုလေးများ ပါဝင်သော 'လများ' ကိုပင် မိုက်မဲစွာ ရွတ်ပြလိုက်မိသေးသည်။

မခင်မြင့်က

"တို့ ဘယ်မဂ္ဂဇင်းမှ မဖတ်ဖြစ်ပါဘူး၊ ဝယ်လည်း မဝယ်နိုင်ဘူး။ ဖတ်ချိန်လည်း မရပါဘူး"

သူက လစဉ်ထုတ် မဂ္ဂဇင်းစောင်ရေနှင့် သန်းသုံးဆယ်ကျော် လူဦး

ရေကို အချိုးချကြည့်မိသည်။

သရုပ်ဖော်ပုံလေးများနှင့် စွတ်စိုလှပသော သူ့ဝတ္ထုတိုလေးကို မတွေ့မိသော မခင်မြင့်အပေါ်မှာ ငြူစူခဲ့ခြင်းအတွက် ရှက်ရွံ့သွားမိသည်။ ဟို လွန်ခဲ့သော ဆယ်နှစ်ကျော်က နှစ်ဆယ့်ငါးပြားတန် စာစောင်လေးပေါ်က မောင်လူသစ် (ဂေါဝိန်) နှင့် ယခု မဂ္ဂဇင်း စာမျက်နှာများပေါ်က 'မောင်လူသစ်' တို့ကို နှိုင်းယှဉ်စဉ်းစားမိသည်။

သူသည် စက်ချုပ်ခုံပေါ်က အပြင်ဘက်သို့ လှမ်းကြည့်လိုက်သော အခါ ဧရာဝတီ၏ ငြိမ့်ငြိမ့်ညင်ညင် ရေအလျဉ်ကို မြင်နေရသည်။

မခင်မြင့်သိသော မောင်လူသစ် (ဂေါဝိန်) ဆိုသည်မှာ မနေ့က မြစ်ရေစီးနှင့်အတူ မရှိတော့။

မခင်မြင့်တို့သည်လည်း မဂ္ဂဇင်း စာမျက်နှာများပေါ်က 'မောင်လူသစ်' ၏ ဖြတ်သန်းခြင်းကို သတိထားမိခြင်း မရှိလိုက်။ အချိန်ကာလ အားဖြင့်။

နေရောင်ပြိုးပြက်အောက်မှာ စီးဆင်းနေသော ဧရာဝတီ၏ ရေအလျဉ်ကိုပင် တုံ့နှေးတုံ့နှေး နိုင်လွန်းသည်ဟု ထင်နေမိသေးသည်။

ခရမ်းနုရောင်ပွင့်သစ်ဝတ္ထုတိုများ၊ အရဏ်ငှက်စာပေ၊ ၁၉၈၃

❑

# အစည်းအဝေးရှိသည်

- မင်းကျော် -

ခြောက်ထပ်တိုက်ကြီးပေါ် တက်ခဲ့ရလို့ ထင့်။

ဓာတ်လှေကားအပြင်သို့ ရောက်သည်နှင့် သက်ပြင်းရှည်ကြီးကို အမှတ်မထင် မှုတ်ထုတ်လိုက်သည်။ 'မောလိုက်တာ' ဟူသော စကားသုံးလုံးကို နှုတ်က မညည်းပေမဲ့ မျက်နှာပြင်မှာတော့ ထိုစကားသုံးလုံး အထင်းသားပေါ်နေသည်။ လက်ထဲမှာကလည်း ဧရာမ လက်ဆွဲအိတ်ကြီးကို ဆွဲလာခဲ့ရသေးသည်။ လေးကလည်း လေးပါဘိသနှင့်။

တစ်စက္ကန့်မျှ ခြေလှမ်းရပ်သွားသည်။ ပြီးမှ ရေးကြီးသုတ်ပျာ ခြေလှမ်းသည်။ 'အစည်းအဝေးရှိသည်' ဟူသော ဆိုင်းဘုတ်ကို ကျော်ခဲ့သည်။ အခန်းတံခါးရှေ့ ရောက်သောအခါ တံခါးမကြီးကို တွန်းဝင်လိုက်သည်။ အတွင်းကအသံများသည် နားထဲသို့ စုပြုံဝင်လာသည်။

"ဟူး နောက်ကျသွားသဗျို့။ ဟိုဘက်က အစည်းအဝေးက မပြတ်လို့ဗျာ။ ဆောရီးပဲဗျို့" အတွင်းရေးမှူးကြီးသည် စားပွဲက လူများကို လှမ်းကြည့်ပြောရင်း စားပွဲထိပ်ဘက်နားက ကုလားထိုင်တွင် နေရာယူလိုက်သည်။

"ခင်ဗျားလိုပဲပေါ့ဗျ၊ ကျုပ်လည်း ဟိုဌာနက အစည်းအဝေးတက်

နေတာနဲ့။ အဲဒါ အစည်းအဝေးတောင် မပြီးသေးဘူး၊ လစ်လာခဲ့ရတယ်” စားပွဲထိပ်ရှိ ဦးခေါင်း ထိပ်ပြောင်ပြောင်နှင့် လူကြီးက ဆီးပြောသည်။ သူသည် ဥက္ကဋ္ဌ။

“မပြောနဲ့ခင်ဗျ။ ဒီနေ့ တစ်နေ့တည်းချည်း အစည်းအဝေး သုံးခု ရှိပြီ။ ပင်ပန်းလိုက်တာ မပြောနဲ့တော့။ ကဲ ဗျို့ စားစရာလေးဘာလေးတော့ လုပ်ဦးမှပဲ။ ခင်ဗျားတို့ကလည်း တစ်ခုခုမှာနှင့်ကြရောပေါ့” အတွင်းရေးမှူးသည် ပြောပြောဆိုဆို စားပွဲအောက်ဘက်ကို လက်နှင့်နှိပ်လိုက်သည်။

ကရင်ခနဲ အသံ၊ ကျွီခနဲအသံ၊ ထို့နောက် ရုံးလုလင်။

“ဟေ့ စားစရာ လုပ်ကွာ။ နေ့လယ်စာပေါ့။ ကျုပ်တော့ဗျို့ မနက် အစည်းအဝေးတုန်းက ကော်ဖီနဲ့မုန့်။ နောက် အစည်းအဝေးကျ ထမင်း။ စောစောက အစည်းအဝေးကတော့ ဟန်သဗျ။ ဥက္ကဋ္ဌရုံးခန်းက ဖရစ်ထဲ မှာ ဘီယာကလေး လက်ကျန်ရှိတာနဲ့ ဝင်မော့ခဲ့ရသေးတယ်။ ကဲ ဘာစား ကြမလဲ။ အောက်မှာ ကားရှိတယ်မဟုတ်လား။ ဟိုက်စွမ်သွားကွာ။ အစည်းအဝေးက မိုးချုပ်မယ်။ ဒီတော့ ညစာလွတ်ပေါ့ဗျာ။ အဲဒီတော့ ငါးကျုပ်တန် ခေါက်ဆွဲလေးထုပ်နဲ့ အစုံကြော် လေးပွဲဝယ်ချေကွာ။ ဒါဆို လုံလောက်ပါတယ်နော်” အတွင်းရေးမှူးသည် ရုံးလုလင်ဘက်တစ် လှည့်၊ အစည်းအဝေးသို့ တက်ရောက်လာသူများဘက်တစ်လှည့် လှည့် ကာ လှည့်ကာ ပြောလိုက်သည်။

“ဟုတ်တယ်ဗျို့၊ ဗိုက်ထဲက အစာရှိမှပဲ။ နို့မဟုတ်လည်း ပြောရ ဆိုရတာ တယ်မသွက်ချင်ဘူးဗျ။ ကျုပ်က ဒီကပြန်ရင် ရပ်ကွက်ထဲက အစည်းအဝေးဆက် ရဦးမယ်” အတွင်းရေးမှူးနှင့် မျက်နှာချင်းဆိုင် အသက်ကြီးကြီး ဗိုက်ရွှဲရွှဲလူက ပြောလာသည်။

“ကျုပ်လည်း ဒီလိုပါပဲဗျာ။ ခက်ပါတယ်။ ကျုပ်မှာက ရပ်ကွက်ထဲ က အစည်းအဝေးဆိုလို့ ရှောင်နေပေမဲ့ မရဘူး။ ရလက လူကြီးကလည်း

ကျုပ်မှမလာရင် လိုက်ခေါ်တော့တာပဲ။ ခက်ပါတယ်ဗျာ။ အရပ်ထဲက လူတွေကျတော့လည်း ခုထိ ဆိုရှယ်လစ်အသိ ရှိကြသေးတာမဟုတ်ဘူး ဗျ" မျက်နှာချင်းဆိုင် ကုလားထိုင်က လူခပ်ငယ်ငယ်က ဝင်ပြောပြန်သည်။ သူ့မှာ ပြောစရာမကုန်သေး။ "ဘယ့်နှယ်ဗျာ၊ ဘာပစ္စည်းလေးဖြစ်ဖြစ်လိုချင်တဲ့ လူချည်းပဲ။ ဒီတော့ ပစ္စည်းတစ်ခုရောက်ပြီဆို တစ်ရပ်ကွက်လုံး ကော်မတီတွေကို ခေါ်ရပြန်ပြီ။ ပြီးရင် ဆိုရှယ်လစ်အသိကို ရှင်းရပြန်ပြီ။ ကြည့်ဗျာ ကနေ့ပဲ ရောက်တဲ့ပစ္စည်းက ဓာတ်ခဲသုံးလုံး၊ မီးသီးသုံးလုံး။ လိုချင်တဲ့ လူတွေက အကုန်လုံး။ ဒါကို ဘယ်လိုခွဲတမ်းချရမလဲ။ တကယ်အသုံးလိုတဲ့လူ ယူဖို့ကောင်းတာပေါ့။ အခုတော့ လက်နှိပ်ဓာတ်မီးမရှိတဲ့ လူကလည်း ဓာတ်ခဲလိုချင်တာပဲ။ ရေဒီယိုမရှိတဲ့လူကလည်း ဓာတ်ခဲလိုချင်တာပဲ။ ဒီတော့ ရှင်းရပြန်ရော။ ရပ်ကွက်ထဲမှာ ချက်ကျလက်ကျ ဒိုင်ခံရှင်းတတ်တဲ့ လူဆိုလို့ကလည်း ကျုပ်ပဲရှိတာ မဟုတ်လား"

"အင်း အင်း ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာတွေရှင်းပြလို့လဲ" ဘေးနားကပ်လျက်လူက ဝင်၍ပင့်သည်။

"ဘယ့်နှယ် မရှင်းလို့ ရမလဲဗျာ။ ဒီလူတွေဟာ ခုထိ ခေတ်ပြောင်းတော်လှန်ရေးရဲ့သဘောကို မသိကြသေးဘူးဗျ။ အခွင့်အရေးဆိုတာ ဘာလဲ၊ တာဝန်ဆိုတာ ဘာလဲ ကွဲကွဲပြားပြား မသိဘူး။ ကြည့်လေဗျာ၊ လူတွေဟာ ကိုယ်တကယ်မလိုဘဲနဲ့လည်း ထုတ်တာပဲ။ ပြီးတော့ ရောင်းစားတယ်။ ဒီတော့ ဘာဖြစ်လဲ။ လူတွေဟာ တဖြည်းဖြည်းနဲ့ အကျင့်ပျက်လာကြရော မဟုတ်လား။ ဒါက တကယ် မလိုအပ်ဘဲနဲ့ ထုတ်ယူတဲ့လူအဖို့ ထိခိုက်တာ။ တစ်ဖက်မှာကျတော့ တကယ်လိုတဲ့ လူအဖို့ အပြင်ဘက်မှာ ဈေးကြီးပေးဝယ်ရတော့ ထိခိုက်ပြန်ရော။ အဲ အဲ ဒါမျိုးတွေ ရှင်းပြရတာပေါ့။ ရပ်ကွက်ထဲက လူဆိုတာတွေက ဒီလောက်ကလေး

တောင်မှ အသိအဆင်ခြင်ရှိတာ မဟုတ်ဘူး"

"အဲဒီလို ရှင်းလိုက်တော့ သဘောပေါက်ကြရောလား"

"ပေါက် မပေါက်တော့ မသိဘူးလေ။ ပြီးခဲ့တဲ့ တစ်ပတ်ကဆို ပလတ်စတစ် ကြယ်သီးက နှစ်ဒါဇင်ဗျာ။ ဆံညှပ်က ခြောက်ချောင်း၊ လက်ဆေးခွက်ကတစ်လုံး၊ ဓာတ်ခဲသုံး ရေဒီယိုကတစ်လုံး။ အဲဒါရောက်လာတာ ကော်မတီက ဘာလုပ်ရမှန်းမသိဘူးဆိုပြီး ကျုပ်ကိုခေါ်တာနဲ့ အစည်းအဝေးလုပ်ရတယ်။ ည ခုနစ်နာရီလောက်ကနေ ရှစ်နာရီသာ ထိုးရော။ အပိုပါပဲဗျာ။ ရသမျှပစ္စည်း လူတိုင်း လိုချင်ကြတာချည်းပဲ။ ရပြီးသားလူကလည်း လူများလို့ ထပ်လိုချင်တာပဲ။ မရသေးတဲ့ လူကလည်း မရသေးလို့ဆိုပြီး လိုချင်တာပဲ။ ကိုယ် တကယ်အသုံးလို၊ မလိုဆိုတာ မဟုတ်တော့ဘူးလေ။ အဲဒါနဲ့ ငြင်းလိုက်ကြ ခုံလိုက်ကြတာ ကိုးနာရီ ထိုးရော။ နောက်ဆုံးတော့လည်း မတတ်နိုင်ဘူးဗျို့၊ နည်းဟောင်းအတိုင်း ပြန်လုပ်ရတော့တာပဲ"

"မဲချရတယ် ဆိုပါတော့" ဥက္ကဋ္ဌက ဝင်ထောက်သည်။

"ဒါပဲ ရှိတော့တာပေါ့"

"ဒီတော့ ရေဒီယိုကို ကော်မတီဥက္ကဋ္ဌက ရသွားရောဆိုပါတော့" ဗိုက်ရွှဲရွှဲကြီးက ဝင်နှောက်ပြန်သည်။

"ဆရာကြီးက ဗေဒင် အတတ်သားပဲ" ကိုလူငယ်က ပြုံးကျဲကျဲ ဖြေသည်။

ထိုကြားမှာပင် တစ်ယောက်က အတွင်းရေးမှူးအား လှမ်း၍ "ဒါထက် စောစောက အစည်းအဝေးကိစ္စက"

"အလကားပါဗျာ။ အလုပ်ရုံထဲမှာ အလုပ်သမားတစ်ယောက်က အလုပ်သမတစ်ယောက်ကို ခိုးပြေးတဲ့ကိစ္စနဲ့ပတ်သက်လို့ လုပ်ငန်းခွင် စည်းကမ်းထိန်းသိမ်းရေးအရ ဘယ်လိုများအရေးယူနိုင်မလဲ စည်းဝေးကြ

တာပါ”

“ဒီတော့”

“ဘာဖြစ်မလဲ၊ သူတို့ချင်း ကြိုက်လို့ ခိုးပြေးတဲ့ဟာ”

“ဒါပေါ့လေ”

“ခင်ဗျား အစည်းအဝေးက တော်သေးတာပေါ့။ ကျုပ်က ကနေ့ရုံးမှာ အစည်းအဝေး ထိုင်ရသေးတယ်ဗျ” စောစောက လူငယ်ဘေးရှိလူက ဝင်ပြောသည်။

“ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ ရုံးကစာရေးမကလေး နှုတ်ခမ်းဆိုးဆေး ခဏခဏပျောက်တဲ့ကိစ္စလေ”

“ကဲပါလေ ဒါတွေ ထားပါ။ ကျုပ်တို့ ကနေ့အစည်းအဝေးကိစ္စပဲ ပြောရအောင်” အတွင်းရေးမှူးက ကြားဖြတ်လိုက်သည်။

“သြော်၊ ဒါထက် အရင်အပတ် အစည်းအဝေးတုန်းက ကျုပ်တို့ အဖွဲ့အပြင်ဘက်က ဦးပဏ္ဍိုကို အဖွဲ့ဝင်ခန့်ဖို့ကိစ္စ မစ်နစ်စထရီကို စာရေးတာ ဘယ်လိုတဲ့လဲ” ဗိုက်ရွှဲကြီးက ဖောက်ပြန်သည်။

“ဟာဗျာ၊ ဒီအကြောင်းမပြောချင်ပါဘူး။ အရင်တစ်ခါ စာရေးတုန်းကလည်း စာက တာဝန်ခံဆီ မရောက်ဘူးတဲ့လေ။ နောက်တစ်ခါက အစည်းအဝေးတက်တဲ့ ပြင်ပပုဂ္ဂိုလ်အတွက် အစည်းအဝေးထိုင်ခပေးဖို့ ကိစ္စကိုလည်း ကြည့်ဦး။ အဲဒါကို မစ်နစ်စထရီက ဘဏ္ဍာရေးကို အမိန့်ခံရမယ်ဆိုတာနဲ့ ဘဏ္ဍာရေးကို အမိန့်ခံလိုက်ပါတယ်။ ရှစ်လလောက်တောင်ရှိပြီ။ အဲဒါဆို အရင်တစ်ခါ အစည်းအဝေးမထိုင်ခင်ကမှ ဘဏ္ဍာရေးက ခွင့်ပြုချက်မပေးတာနဲ့ ကျုပ်လည်း ရုံးတွင်းအသုံးစရိတ်ကနေပြီး အဘိုးကြီးကို ဘယ်လိုပေးနိုင်မလဲ နည်းလမ်းရှာနေရတယ်”

“နေပါဦး နေပါဦး၊ ဦးပဏ္ဍိုကိစ္စလား” လူငယ်က အတွင်းရေးမှူးစကားကို ဖြတ်ပြောသည်။

"ဒါပေါ့"

"ဒီလိုဆို မလုပ်နဲ့တော့ဗျို့"

"ဘာဖြစ်လို့လဲဗျ" ဥက္ကဋ္ဌက ကြားဝင်မေးသည်။

"ဦးပဏ္ဍိ ခုမနက်ကပဲ ဆုံးသွားပြီဗျ"

"ဗျာ"

"ဦးပဏ္ဍိ ဆုံးသွားပြီ ဟုတ်လား။ ဘယ်လိုဖြစ်လိုက်တာပါလိမ့်။ ဆေးရုံတက်တာတောင် မသိလိုက်ရပါကလား"

"ခုမနက်ကပဲ ဖြစ်တာ။ နှလုံးထင်ပါတယ်။ အဘိုးကြီးက လူတော်ပါ"

"ဘယ့်နှယ် မတော်ရမလဲဗျာ။ မြန်မာဝေါဟာရများ လေ့လာရေးအဖွဲ့မှာ သူ အများကြီးလုပ်ခဲ့တာဗျ။ ဒီလူကြီးက ဘာသာစုံလည်း တတ်ပါပေတယ်။ အသက်သာ ကြီးတယ်။ မှတ်ဉာဏ်ကလည်း အလွန်တော်တာဗျ။ ခင်ဗျား ပြန်စဉ်းစားကြည့်စမ်း။ လောင်းလှေဆိုတဲ့စကားကို သူ ရှင်းသွားပုံများဆို။ ဥက္ကဋ္ဌကြီးက မြန်မာစာဝါသနာ ပါလို့ ပြောရဦးမယ်။ လောင်းလှေဆိုတာကို ကျွန်တော်တို့ ကြားဖူးနေတာပဲ၊ ဒါပေမဲ့ အဓိပ္ပာယ်ဖွင့်ဖို့ကျ မလွယ်ဘူး မဟုတ်လား။ အဲဒါ အဘိုးကြီးလို တော်တဲ့လူမျိုး ရှင်းလိုက်တော့လည်း လင်းနေတာပဲဗျို့"

"အင်း အင်း ဆိုစမ်းပါဦး"

"အမှန်ကတော့ ရိုးရိုးကလေးဗျ။ ကျွန်တော်တို့က မစဉ်းစားမိကြလို့။ လောင်းဆိုတာက အင်္ဂလိပ်စကား၊ ရှည်သောလို့ အနက်ထွက်တယ် မဟုတ်လား။ အဲဒီတော့ လောင်းလှေဆိုတာ ရှည်သောလှေ၊ ရှည်မျောမျောသဏ္ဌာန် ရှိသောလှေတဲ့။ ကဲ ဘယ်လောက်ရှင်းသလဲ။ အဘိုးကြီးက အဲဒီလောက် စွယ်စုံတော်တာဗျ။ ဒါ ဥပမာတစ်ခု ပြောသေးတာ။ တချို့ကိစ္စတွေမှာဆို အဘိုးကြီးက ပြည်သူတွေထဲက ကောက်ပြတာဗျ။

သတင်းဆိုတဲ့စကားကို သူ ရှင်းသွားတာပဲကြည့်”

“စိတ်ဝင်စားစရာ အကောင်းသားကလား”

“သတင်းဆိုတာ သီတင်းနေ့၊ သီတင်းဥပုသ်စောင့်တဲ့နေ့မှာ ပြောတဲ့စကားတဲ့။ ဟုတ်တယ်ဗျ၊ ကျုပ်တို့မြန်မာတွေမှာ ရှေးတုန်းက သတင်းစာတွေ ဘာတွေ မရှိသေးဘူး မဟုတ်လား။ ဥပုသ်နေ့ကျမှ ဥပုသ်ဇရပ်မှာ လူစုမိပြီး သတင်းဖလှယ်ကြရတာ မဟုတ်လား”

“ဒီလိုဆို သတင်းစာဆိုတာ ဥပုသ်နေ့စာပေါ့နော်” တစ်ယောက်က ဝင်ကလိသေးသည်။

သို့ပေမဲ့ လူငယ်သည် အကလိခံရပြီကို သတိပြုမိပုံမပေါ်။

“ဒါပေါ့၊ ကနေ့ထွက်နေတဲ့ သတင်းစာမျိုး ဟိုတုန်းကသာ ထုတ်ရင် ဥပုသ်နေ့စာလို့ ခေါ်ချင်ခေါ်မှာ”

သို့ဖြင့် လူတို့သည် ဦးပဏ္ဍိ၏ဂုဏ်ပုဒ်များကို ချီးကျူးလိုက်ကြသည့်မှာ နာရီဝက်ကျော်လာခဲ့သည်။

“ကဲလေ၊ ခု ဦးပဏ္ဍိလည်း ဆုံးသွားပြီဆိုတော့ ညကျမှ အသုဘအိမ်သွားရမှာပဲ။ ကျုပ်တို့ အစည်းအဝေးလေး စကြဦးစို့လား။ အစည်းအဝေးအစီအစဉ်အရ ပထမဆုံး အရင်တစ်ပတ်က အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြမယ်” အတွင်းရေးမှူးသည် စကားဖြတ်ပြီး လက်ဆွဲအိတ်ကြီးထဲမှ စာရွက်များ၊ ဖိုင်တွဲများကို ထုတ်၍ စားပွဲပေါ်သို့ တင်နေ၏။ ထို့နောက် စာရွက်များကို လှန်လှောရှာဖွေပြီး အစည်းအဝေးမှတ်တမ်းကို ဖတ်သည်။

ထိုအခိုက်မှာပင် ရုံးလုလင် ဝင်လာသည်။ ရုံးလုလင်သည် အတွင်းရေးမှူးနားကပ်ပြီး တီးတိုးပြောသည်။ ထို့နောက် ပြန်ထွက်သွားသည်။ အတွင်းရေးမှူးသည် အစည်းအဝေးမှတ်တမ်း ဖတ်ပြီးလျှင်ဖတ်ပြီးချင်း

“ဒါပါပဲ၊ အစည်းအဝေးမှတ်တမ်းနဲ့ပတ်သက်လို့ ဆွေးနွေးစရာ

ရှိတာတော့ စားရင်းသောက်ရင်း ဆွေးနွေးကြတာပေါ့။ စားပွဲသောက်ပွဲ ပြင်ပြီးနေပါပြီတဲ့။ စားလိုက်ကြဦးစို့ဗျာ"

ဥက္ကဋ္ဌသည် နာရီကို လှမ်းကြည့်သည်။

"အလို ဘာလိုလိုနဲ့ ကျုပ်တို့ အစည်းအဝေး တစ်နာရီတောင် ကျော်သွားပြီပဲ"

နှစ်နာရီက စသောအစည်းအဝေးသည် စားရင်းသောက်ရင်းမှာ လေးနာရီ ထိုးလုလုဖြစ်လာသည်။ သူတို့အစည်းအဝေးစားပွဲ ပြန်ထိုင်သောအခါ သုံးနာရီ မိနစ်ငါးဆယ်ရှိပေပြီ။

"ကဲ၊ အစည်းအဝေးမှတ်တမ်း အတည်ပြုပြီးရင် ကနေ့ကိစ္စဆွေးနွေးရအောင်"

"ဒါကိုတော့ အားလုံးပဲ အလေးအနက် စဉ်းစားစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့အနေနဲ့ ကျုပ်တို့အဖွဲ့ရဲ့လုပ်ငန်းကို စာအုပ်ရိုက်မယ်ဆိုတဲ့ နေရာမယ် ဒီစာအုပ်ဟာ တစ်သက်လုံး တည်တံ့သွားမှာဆိုတော့ စာအုပ်မျက်နှာဖုံးပိုင်းဟာ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်နှာဖုံးက မျက်နှာစာကိုး။ ဒါကို လူမက်စရာဖြစ်အောင် လုပ်ထားမှ ကောင်းမှာ"

"ဒါပေါ့"

သို့ဖြင့် သူတို့သည် စာအုပ်မျက်နှာဖုံးနှင့်ပတ်သက်၍ စတင်ဆွေးနွေးကြလေတော့သည်။

တချို့က ပန်းချီဆရာထံတွင် ပုံအပ်ရန် အကြံပေးသည်။ သည်မှာပင် မူကွဲပြန်သည်။ တချို့က စံတိုးထံ အပ်စေချင်သည်။ တချို့က မောင်စိန်နှင့် သင့်သည်ဟု ဆိုသည်။ တစ်ယောက်ကမူ ဦးဘကြည်ကို အဆွဲခိုင်းချင်သည်။ သို့ဖြင့် ပန်းချီ ဆရာရွေးဖို့ကိစ္စကို နာရီဝက်ကြာငြင်းကြသည်။ မပြတ်။

ပြီးတော့ အရောင်ကိစ္စ။ ဆယ့်ငါးမိနစ်သာ ကုန်သည်။ အဆုံး အဖြတ်မရ။

ထို့နောက် မျက်နှာဖုံးရိုက်ရေးကိစ္စသည်လည်း စဉ်းစားစရာ ဖြစ်လာ၏။ အော့ဖ်ဆက်လား၊ ရိုးရိုးလား။ စာပေဗိမာန် အပ်မလား။ ဘယ်အပ်မလဲ။ ဆယ်မိနစ်ကြာတော့

"ကျုပ်တော့ လှဖို့၊ ခမ်းနားဖို့ထက် သိသာမြင်လွယ်စေဖို့က အရေး ကြီးတယ် ထင်တယ်" အတွင်းရေးမှူးက ဝင်ပြောသည်။ "ပန်းချီတွေ ဘာတွေ လုပ်နေရင် ငွေလည်း ပိုကုန်မယ်၊ အကြောင်းလည်း မထူးဘူး။ ကျုပ်တို့အဖွဲ့အနေနဲ့ ထုတ်တဲ့စာအုပ်ဟာ ရောင်းပန်းစာအုပ်တွေလို အများကြိုက်အောင် လုပ်စရာမှမလိုဘဲ" အတွင်းရေးမှူးသည် အဖွဲ့က ထုတ်ဝေမည့် စာအုပ်နှင့်ပတ်သက်၍ ထားရှိအပ်သော သဘောထားကို အတန်ကြာ ရှင်းလင်းပြောပြနေ၏။

ထိုအခါ ဤကိစ္စသည် ဆွေးနွေးစရာ ဖြစ်လာပြန်သည်။

စင်စစ်တော့လည်း အဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစီရင်ခံချက်ကို တိုင်းပြည်သို့ ထုတ်ဝေရောင်းချရန် စီစဉ်ပြီး ဖြစ်သည်။ ယခုအခါ ထို အစီရင်ခံစာအုပ်မှာလည်း ရိုက်နှိပ်ပြီးစီးပြီဖြစ်၏။ ယခု အစည်းအဝေးမှာ စာအုပ်မျက်နှာဖုံးအတွက် တိုင်ပင်ဆွေးနွေးသည့် အစည်းအဝေးဖြစ် သည်။

သူတို့ မျက်နှာဖုံးကိစ္စ ဆွေးနွေးလာခဲ့ကြသည်မှာ တစ်နာရီခန့် ရှိပေပြီ။ လေးနာရီပင် ကျော်လာပြီ။

"ကဲပါလေ ဒီတော့ ဒီကိစ္စကို ဒီလိုလုပ်ပါ။ ကျုပ်တို့အတွင်းရေးမှူး ကတော့ အပြင်စာပေလောကနဲ့လည်း နီးစပ်တယ်၊ စာအုပ်ထုတ်ဝေရေး လုပ်ငန်းအကြောင်းလည်း အတန်အသင့် သိထားတယ်ဆိုတော့ ဒီကိစ္စကို ခုလောက် ရှည်ရှည်လျားလျား ဆွေးနွေးမနေဘဲ အတွင်းရေးမှူးကိုပဲ

တာဝန်ပေးလိုက်ရင် မကောင်းဘူးလား" ဦးဗိုက်ရွှဲက ကြားဖြတ်ပြောလိုက်သည်။

ဦးဗိုက်ရွှဲစကားကြောင့် အားလုံးပင် ဦးဗိုက်ရွှဲဘက်သို့ လှည့်ကြည့်ကြသည်။ လူငယ်က

"တကယ်ဗျာ၊ ကျုပ်တို့ ဘယ်တော့ စည်းဝေး စည်းဝေး ဦးဗိုက်ရွှဲက အဆုံးအဖြတ်ပေးတာချည်းပဲ။ ခုတိုင်းက အလကားအချိန်ကုန်ခံပြီး ဆွေးနွေးနေကြသလို ဖြစ်နေတာပေါ့။ ဦးဗိုက်ရွှဲကလည်း စောစောကတည်းက ဒီအကြံပေးလိုက်ရင် ပြီးနေတာပဲဟာ။ ဒါထက် နေစမ်းပါဦးဗျ။ ခင်ဗျား ဟိုတလောက ပြောတဲ့သတင်း နောက်ဆက်တွဲကလေးဆိုစမ်းပါဦး"

"ဘာပါလိမ့်"

"နိုင်ငံခြားကအပြန် ဟိုဟာတွေ ဝယ်လာလို့ ဟိုလိုဖြစ်နေတယ်ဆိုတဲ့ ဟိုဌာနက ဟိုဆရာကြီးအကြောင်းလေဗျာ"

"ဟား ဟား ဟား" ဦးဗိုက်ရွှဲက အားရပါးရ ရယ်လိုက်ပြီး "ဒါဘာဟုတ်သေးသလဲဗျ။ ခု နောက်တစ်ခုတောင် ကြားရပြန်ပြီဗျို့။ အဲဒါတော့ ဟောဟိုလူ ဟောဟို လူယူလာတဲ့ သတင်းပဲ" သူ့မျက်စောင်းထိုးလူကို လက်ညှိုးညွှန်လျက် "ပြောပြစမ်းပါဦးဗျ၊ ဗဟုသုတဟင်းလေးအိုးကြီးရ"

"ဘာလဲဗျ" ဗဟုသုတဟင်းလေးအိုးက ပြုံးကျဲကျဲအမူအရာနှင့် လှမ်းမေးလိုက်သည်။

"ဟိုဒင်းလေဗျာ၊ တာဝန်ခံမသိအောင် ဟိုဟာတွေလုပ်တာ ဟိုလိုဖြစ်သွားလို့ ဟိုဒင်းလုပ်ပစ်လိုက်ရတဲ့ ဟို ဟို ဟို ကိစ္စဟာလဗျာ"

"ရှင်းပါ့ဗျာ၊ ရှင်းပါ့" တစ်ချိန်လုံး ငိုက်မျဉ်းနေသော ရှုတည်တည်လူက ဝင်ပြောရင်း တစ်ဆက်တည်း "ဒါထက် ခင်ဗျားတို့ကြားပြီးပြီ

လား။ ဟိုဌာနက ဟိုလူ့အကြောင်း"

"ဘယ်ဌာနက ဘယ်လူလဲဗျ။ ခင်ဗျားတို့ဟာတွေကလည်း ပဟေဠိတွေချည်းပဲ" ဉက္ကဋ္ဌက စိတ်ရှုပ်လာဟန်ဖြင့် ပြောလိုက်တော့မှပင်

သူတို့သည် နိုင်ငံတော် အတင်းအဖျင်းများကိုလည်းကောင်း၊ ကောလာဟလ သတင်းများကိုလည်းကောင်း၊ သားကြောင်း မယားကြောင်းများကိုလည်းကောင်း၊ လည်းကောင်း၊ လည်းကောင်း၊ လည်းကောင်းများစွာတို့နှင့်အတူ ပုပ္ပားတောင်၌ စိန်တွင်းကြီးတွေ့သည့် အကြောင်းစုံအထိ စုံတကာစေ့ ပြောကြကာ ညနေ ငါးနာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

မှတ်ချက်။ ။ ထိုအစည်းအဝေးမျိုး၌ နိုင်ငံတော်သီချင်းဆို၍ အစည်းအဝေး ရုပ်သိမ်းသော အစဉ်အလာမရှိချေ။

မိုးဝေမဂ္ဂဇင်း၊ မေ၊ ၁၉၆၉

❑

## ပန်းပြတ်ခိုက်ကြုံ

- မခင်လေး -

"အမေ ထမင်းနူးပြီးပြီ"

တံခါးဝတွင် ဘယ်လောက်ကြာအောင် ရပ်မိနေမှန်း မသိ။ သမီးငယ် အထွေးအသံကိုကြားမှ အေးရမှန်းသိကာ အမေ အိမ်ထဲဝင်ဖို့ သတိရလေသည်။

"ဒီအချိန်မှ မလာရင် ကိုသင်းက မိုးချုပ်မှာပါ။ စားနှင့်ကြစို့နော် အမေ"

မိုးကား ချုပ်ပေပြီ။ အထွေးပင် သူ့စာအုပ်ဆိုင်လေးကို သိမ်းဆည်းပြီး ထမင်းဝိုင်းကို ပြင်ဆင်ထားပြီဖြစ်သည်။ ထမင်းပွဲကို ဝင်ထိုင်လိုက်ရသော်လည်း အမေ့စိတ်က မဖြောင့်ပေ။ တကယ်တော့ သား ကိုသင်း မပါသော ထမင်းဝိုင်းမှာ အမေ့အတွက် မချိုမြိန်နိုင်။

"ရော့…ဒါက မင်းကြိုက်တဲ့ ငါးပြေမချက်ကလေး၊ ငရုတ်သီးစိမ်းနဲ့ နံနံပင်လေးတွေအုပ်ပြီး ခပ်ချဉ်ချဉ်လေး အမေကိုယ်တိုင် ချက်ထားတာ။ မှန်းစမ်းပါ၊ မင်းက အရိုးမထွင်တတ်ပါဘူး။ ဟဲ့…ခင်ခင်လတ်၊ ညည်းတို့အစ်ကိုဖို့ ကြက်ဥ ကြော်ထားတာလေးကော"

သားမျက်နှာကို ကြည့်ရင်း အမေက ဖွယ်ဖွယ်ရာရာ စီမံကျွေးရမှ

ထမင်းပွဲမှာ မြိုင်ဆိုင်သည်ဟု ထင်သည်။ ထို့ကြောင့်လည်း ယခုလို ကိုသင်းတစ်ယောက် အိမ်ပြန်နောက်ကျသော နေ့များတွင် အမေ့မျက်နှာ မရွှင်။ ထမင်းဝိုင်းမှာလည်း ခြောက်ကပ်တိတ်ဆိတ်လို့ နေသည်။

"ကိုသင်းကလည်း အားကြီးနောက်ကျတာပဲ။ အမေ မျှော်နေမယ် ဆိုတာ သိသားနဲ့"

အထွေးက ဟင်းရည်တစ်ဇွန်းကို အမေ့ပန်းကန်ထဲ ဦးချရင်း ခပ်လေးလေးပြောသည်။ သို့သော် ထုံးစံအတိုင်း ခင်ခင်လတ်ကတော့ မကျေမနပ်ဖြင့် စကားတင်းဆိုမြဲ။

"ဟွန့်... အမေကသာ မျှော်နေတာ။ သူ့သားကဖြင့် လက်ဖက် ရည်ဆိုင်မှာလား၊ အရက်ဆိုင်မှာလား"

"အို... တော်ကြစမ်းပါအေ၊ အသွားအလာ နှောင့်နှေးအောင် ပြော မနေကြပါနဲ့"

အမေက ဝင်ဟန့်လိုက်မှ အားလုံးငြိမ်သွားသည်။ ဘယ်လို အကြောင်းနှင့်ပဲ နောက်ကျ နောက်ကျ သားလုပ်သူကို အပြစ်တင်သည့် မည်သည့် ဝေဖန်ချက်ကိုမျှ အမေက လက်မခံနိုင်ပေ။ သူကိုယ်တိုင်က လည်း သား ကိုသင်းကို ဘယ်တုန်းကမှ မယုံကြည်၊ သံသယဖြင့် မဝေဖန် မစစ်ကြောခဲ့။ တစ်အူထုံ့ဆင်း မောင်ရင်းနှမတွေပေမင့် သမီး တွေက အစ်ကိုလုပ်သူကို နားမလည်နိုင်သည့်အတွက်သာ အမေက သမီးတွေကို ဝေဖန်ချင်သည်။

ထမင်းဝိုင်းမှ အမေ စောစီးစွာ ထလိုက်တော့ ခင်ခင်လတ်တစ် ယောက် မျက်နှာကိုမဲ့၍ သူ့ကို မေးငေါ့ကာ ကျန်ရစ်ခဲ့ပေမည်။

"တစ်ဆိတ်ရှိ အယ်ဒီတာဆိုတာကြီးနဲ့ ကိုင်ပေါက်ပြီး သူ့သားကို တွန်းအထင်ကြီးနေတာ။ ထောင်နဲ့ သောင်းနဲ့များ ရှာပေးနိုင်ရင် ခက် မယ်"

အမေ့နားမှ မကြားရသော်လည်း ခင်ခင်လတ် ရင်ထဲတွင် ဇကန် ပြောနေမည့် စကားလုံးတွေကို အလွတ်ကျက်မှတ်ထားတာမို့ နားထဲမှာ ကြားယောင်နေမိသည်။ သည့်နောက်တော့ စိပ်ပုတီးကို လက်မှာချိတ် ကာ အိမ်ရှေ့ကပြင်လေးတွင် ထွက်ထိုင်ရင်း သား ကိုသင်းကို အမေ မျှော်ပေမည်။ ဂုဏ်တော်ပုတီးကို စိပ်နေပေသည့် အမေ့အာရုံထဲတွင်မူ အပေါင်းအသင်းတွေနှင့်ဖြစ်ဖြစ်၊ အလုပ်စားပွဲမှာပင်ဖြစ်ဖြစ်၊ နေရာကွဲ ပြားသော်လည်း ဦးတည်ရာ စကားအကြောင်းအရာကတော့ တစ်ခုတည်း သာ ရှိသည့်သား ကိုသင်းကိုသာ မြင်ယောင်လို့ နေလေသည်။

*

တစ်လောကပင် သားက အမေ့ကို စာအုပ်တစ်အုပ် ပေးလာသေး သည်။ နှုတ်သီးနီတျာနှင့် စကားကြွယ်မည့် ငှက်ကလေးကိုမှ သံလျှောင် အိမ်နှင့် ချုပ်သိမ်းထားသည့် မျက်နှာဖုံးရုပ်ပုံပါသော စာအုပ်ကလေး။

"ဒီစာရေးဆရာမက အမျိုးသားစာပေဆုတွေ အကြိမ်ကြိမ် ရဖူး သလို လူတွေကလည်း ချစ်တဲ့၊ လေးစားတဲ့ စာရေးဆရာမ အမေရဲ့။ ဒီအထဲက 'အမေ ဆုတောင်းလိုက်ပါသည်' ဆိုတဲ့ ဝတ္ထုလေး အမေ ဖတ်ကြည့်ချည်စမ်းပါ"

ထိုတစ်ညကလည်း ယခုလိုပင် သား အိမ်ပြန်နောက်ကျခဲ့လေ သည်။ ရောက်လာပြန်တော့ သားအတွက် မောနေသည့် အမေ့ကို မကျေနပ်သည့် ခင်ခင်လတ်က စကားနာထိုးနှင့်သည်။

"အစ်ကိုသင်းဟာ အိမ်ကို နည်းနည်းမှ မငဲ့ဘူး"

စကားက တိုသော်လည်း အဓိပ္ပာယ် ရှည်လျားလေးနက်လှပေ သည်။ သည်စကား၏ နောက်ကွယ်မှာ သားအကြီး အဖအရာမဖြစ်ဘဲ အိမ်ကို မအုပ်စီးနိုင်တာတွေ၊ လှည့်မကြည့်နိုင်တာတွေ၊ မိန်းကလေးတန်မဲ့

သူကသာ တစ်အိမ်လုံးကို တာဝန်ယူ ထိန်းသိမ်းနေရတာတွေ စီတန်းပြီး ပါလေသည်။ ပြီးတော့ မာန်ကလည်း တက်ချင်စရာ။ သူ ဦးစီးလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းက အောင်မြင်သည်ထက် အောင်မြင်လာ ရုံမက သူနှင့် ရည်ငံနေသော မောင်မင်းလွင်ကပါ တွဲဖက်လုပ်ကိုင်ကာ ထောက်ကူနေပြီကိုး။ ဒီတော့လည်း ခင်ခင်လတ်က တစ်အိမ်လုံးကို သူက ရှာကျွေးနေရသည့် အနေအထားမှ သူတို့က ရှာကျွေးနေရသည်ဆိုသော အနေအထားသို့ ရောက်ရှိကာ တင်းမာချင်လာတတ်သည်။ ဒီတင်းမာမှုက ညဥ့်နက်မိုးချုပ် သား ပြန်မလာမချင်း ထမင်းပွဲ ယပ်ခတ်စောင့်နေတတ်သော အမေ့ကိုမြင်တော့ မခံချိတာလည်း ပါတော့တာပင်။

"ဘယ်သူမှ နားမလည်ချင် နေပါစေ အမေရာ၊ ဒီဝတ္ထုလေးထဲက လို အမေ နားလည်ရင် ပြီးတာပါပဲ"

သားက တိုးတိုးဖွဖွ ဆိုလေသည်။

တကယ်တော့ သားအပေါ် အမေ့လောက် မည်သူမျှ နားမလည်သည့်အတွက်တော့ အမေက မအံ့ဩနိုင်ပါ။ အဆုံးတွင် သားအဖေပင် သက်ရှိထင်ရှား ရှိနေလျှင် အမေ့လို သား၏ လုပ်ငန်းဝါသနာအပေါ် နားလည်နိုင်မှာ မဟုတ်ပေ။ ၁၀ တန်းအောင်တာနှင့် တက္ကသိုလ်ကိုပင် ငွေဖြုန်းရာသက်သက်ဟု ယူဆကာ အိမ်စီးပွားရေးကို ဦးစီးခိုင်းသည့် သားအဖသည် စာရေးဆရာယောင်ယောင်၊ အယ်ဒီတာယောင်ယောင် သာ ရှိသည့် သားကို မည်သို့ ကြည်ဖြူနိုင်ပါမည်နည်း။ အမေကတော့ ငယ်ရွယ်စဉ်ကတည်းက သီချင်း၊ ကဗျာတို့ဖြင့် မွေ့လျော်တတ်သော သားတစ်ယောက် စာလေးရေးလိုက်၊ ကဗျာလေးစပ်လိုက် ရှိရုံကပင် ထွန်းပေါက်လှပြီဟု သားကို ထင်ခဲ့တာပင်။

"သား ကဗျာလေးက မဆိုးလှဘူးနော်။ အမေတော့ နားမလည်ပါဘူး။ ရှေ့နားမှာ ပါလို့ ဝမ်းသာနေတာ"

စာမျက်နှာ ၂၀၊ ၃၀ လောက်မှာပါတဲ့ သားစာကလေးမျှနှင့်ပင် အမေ့မှာ ပီတိဖြစ်မဆုံး။

"ဒါမျိုးက သန္တေရှိမှ ဖြစ်တာ၊ စီးပွားရှာတာက သင် တတ်လိမ့်မပေါ့ အသာလေး"

အမေက သူ့အရပ်နှင့် မမီချင်သော သားစာအုပ်စင်ကို တစ်နေ့တစ်နေ့ ဖုန်အခါခါသုတ်ရင်း ဂုဏ်ယူစကား ဆိုမြဲ။ သားတို့အဖေသာ ရှိလျှင်တော့ သူနှင့် ခင်ခင်လတ်က တစ်ဖက်၊ အမေနှင့် သားက တစ်ဖက် ရှိလိမ့်မည်။

"ဟင်း... တစ်အုပ် ၁၀ နဲ့ပဲ တွက်ဦး၊ နည်းတဲ့ ငွေတွေလား"

ခင်ခင်လတ်ကတော့ သား၏ စာအုပ်စင်ကိုကြည့်ကာ မဲ့ရွဲ့ဖို့ပဲ တတ်လေသည်။ ဒီတုန်းက သား၏ ဘဝအစသာ ရှိသေးသည်။ နောင်တော့ သား၏ စာတွေက အောင်မြင်မှုရလာကာ သားနှင့်ပတ်သက်သည့် ဝေဖန်စာတွေ၊ ဆောင်းပါးတွေပင် တရေးတယူ ရှိလာကြလျက် ယုံကြည်ရာတူ မိတ်ဆွေများဖြင့် မဂ္ဂဇင်းလေးတစ်ခုပင် တည်ထောင်နိုင်လာတော့ ခင်ခင်လတ် အသံက ပျော့သွားသည်။

"လုပ်မယ်ဆိုရင်လည်း အစ်ကိုသင်းဟာက စီးပွားရေးဆန်ဆန် တွက်ချက်ဖောက်ချပြီး လုပ်ပေါ့"

ကနဦး မဂ္ဂဇင်းအဖွင့်မှာပင် သား ရေးသားသောစာကတော့ တစ်မျိုး။

"ယိုဟာန်ဂူးတင်ဗတ်သို့ ကျေးဇူးစကား" တဲ့။

ရှေးအခါက လူသားတွေဟာ ရုပ်ပုံတွေရေးဆွဲပြီး မှတ်သားမှုနဲ့ ခံစား ချက်တွေကို ထုတ်ဖော်ခဲ့ကြပါသတဲ့။ ပါးစပ်က ပြောတဲ့ စကားနဲ့ အသံ ကို သင်္ကေတပြုနိုင်တဲ့ အက္ခရာများကို တီထွင်ခဲ့ကြပါသတဲ့။ ရွှံ့ပြား၊ သစ်ခေါက်၊ ပျဉ်နဲ့ ကျောက်ပြားတွေပေါ်ကနေ ပပိုင်းရပ်လို့ခေါ်တဲ့

ကျူပင်ရဲ့ အရွက်၊ ဒီကမှ ကြီးမားတဲ့ သားရေပြားကြီးတွေ၊ စက္ကူရယ်လို့ ပေါ်ပေါက်လာတဲ့ အခါကျမှ စက္ကူများ စုပေါင်းထားတဲ့ စာအုပ်ရယ်လို့ တိုးတက်ခဲ့သတဲ့။ အဲဒီမှာ ဂျာမန်နိုင်ငံက ယိုဟာန်ဂူးတင်ဗတ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ စာရွက်ပေါ်မှာ စာလုံးလေးတွေ ပေါ်ပေါက်လာအောင် နှစ်ပေါင်း ၂၀ လုံးလုံး တီထွင်ခဲ့တာ။ သူ့ကြောင့်သာပဲ အခုအခါမှာ တစ်နာရီကို စာအုပ်ပေါင်း ၁၅,၀၀၀ ကို ရိုက်နှိပ်ပေးနိုင်တဲ့ခေတ်ကြီးကို ရောက်ခဲ့ရပါပြီတဲ့။ ဂူးတင်ဗတ်ရဲ့ တီထွင်ကြိုးစားမှုကြောင့်ပဲ ဗဟုသုတ တိုးပွားဖို့နဲ့ အတွေးအခေါ်ရှင်သန်စေဖို့၊ အသိအမြင် အတွေးနဲ့ ခံစားချက်တွေကို ဟစ်ထုတ်ဖော်ကျူးဖို့ အခွင့်ကောင်း အခွင့်မြတ်ကြီးကို ရနေပါပြီတဲ့လေ။

သားက သူ့စာအုပ်ကလေးကို သည်သို့ စတင်ခဲ့သည်။ စာပေအသိုင်းအဝိုင်းမှ ဂုဏ်ပြုကြိုဆိုသံတွေလည်း ပေါ်ထွက်လာတော့ ခင်ခင်လတ်အသံက ပျော့တော့မည်ပေါ့။ သို့သော် ခင်ခင်လတ်အသံက ကြာရှည် မပျော့လိုက်ရ။ တစ်နှစ်ပင် မခံသည့် မဂ္ဂဇင်းသက်တမ်းနှင့်အတူ သား ကိုသင်းကလည်း အိမ်ပြန် နောက်ကျတတ်လေသည်။

*

"ဆူလွယ် နပ်လွယ်တွေ မပါချင်ဘူး"

"သူခိုးတွေ လူလိမ်တွေ မပါချင်ဘူး"

"စာကောင်းလေးတွေကို ကျွန်တော်က ဟိုအဆိုတော်ရဲ့ ဂျင်းဘောင်းဘီဝတ်ထားတဲ့ ပေါင်ကြားမှာ ညှပ်ထည့်ပေးရမှာလား"

"ဖတ်သူအကြိုက်လို့ ခေါင်းမလွှဲစမ်းပါနဲ့၊ ဒါမျိုးက လုပ်နိုင်တဲ့ လုပ်တတ်တဲ့သူ များပါတယ်။ မလုပ်ချင်တဲ့ အနည်းစုထဲကနေ ကြိုက်ရမယ့်စာကို ဖတ်ချင်လာအောင် ကြိုးစားကြရအောင်"

အစတုန်းကတော့ သားက တရားလွန်ပြင်းပြ တက်ကြွလို့နေသည်။ နောင်တော့ သားအသံတို့က တဖြည်းဖြည်းပျော့ဆင်း၍ သွားလေသည်။

"ခင်ခင်လတ်က ကျွန်တော်တို့စာအုပ်ကို အရုပ်နည်းသေးတယ်တဲ့ အမေရဲ့။ သူ ဖတ်နေကျ နာမည်လှလှလေးတွေ၊ နာမည်လေးငါးလုံးနဲ့ စာရေးဆရာတွေလည်း မပါလို့တဲ့။ အထွေးကလည်း ကျွန်တော်တို့စာအုပ်က သိပ်မငွားရဘူးတဲ့"

"အနုပညာကတစ်ပိုင်း၊ ဆူလွယ် နပ်လွယ် စီးပွားရေးဆန်တာကတစ်ပိုင်း၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်းပေါ့လေ။ ကျွန်တော်က ငွေထုပ်ပိုက်ထားတဲ့သူမှ မဟုတ်တာ"

"အနုပညာနဲ့ ငွေကြေး ယှဉ်တွဲလာပြီဆိုရင်တော့ တစ်ခုခုကကျဆုံးတတ်တာပဲ သိလား။ တစ်ခုခုကို စွန့်လွှတ်ရလိမ့်မယ်။ လောလောဆယ်တော့ သက်တမ်းရှည်ရှည် ရပ်တည်နိုင်ဖို့နဲ့ ကိုယ်လုပ်ချင်တာလေးတွေကို လုပ်နိုင်ဖို့ မလျှော့မတင်း စောင်းကြိုးညှင်းပေါ့လေ"

သားက ရာသီလိုက်၍ အရောင်ပြောင်းရသော ပုတ်သင်ညိုကိုပင်ကြည့်မရသည့်သူ။ သို့ပေမဲ့ အရှုံးခံရုံသက်သက် မစွမ်းတော့သည်မို့ စီးပွားရေး လှိုင်းတံပိုးကြီးက သားတို့ကို ဝါးမျိုပစ်လိုက်တော့တာပင်။ ရုက်စိတ်မွန်းလျက် ရီဝေမှုးယစ်လာသော တစ်ညမှာတော့ သားက သူ့စာအုပ်စင်ကို ဂုန်းခနဲ ဖြိုချကာ ရှိုက်ကြီးတငင် ငိုကြွေးပြန်လေသည်။ ချစ်သူ့ရင်ခွင်တွင် မှေးစက်အပ်သော အရွယ်မှာ တမ်းတရနိုးမသိဘဲ ရေဆန်ကို ရွက်တိုက်လေသည့် သားကို အမေ မနှစ်သိမ့်တတ်ပေ။

"ကျွန်တော် တရားခံ မဖြစ်ချင်ဘူး အမေ"

ထိုလက စ၍ ခါတိုင်းလတွေလို သားသည် သူ့မဂ္ဂဇင်းလေးကို အိမ်ယူလာဖော် မရတော့။ နောင်တော့ သားတို့ကြားက အကွဲအပြဲ

သတင်းတွေကို ကြားလာရသည်။ အထွေး ဝယ်တင်ရသော အငှားဆိုင်အတွက် သားတို့မဂ္ဂဇင်းကို အမေ လှန်လှောကြည့်တော့ သားမရှိပါမှ မြိုင်မြိုင်ဆိုင်ဆိုင်၊ ပန်းချီပုံတွေက ရောင်စုံ၊ အရုပ်တွေ ခာတ်ပုံတွေက အပြည့်။

"သေချာကြည့်ပါ အမေရဲ့၊ ဒါ မိန်းကလေးတစ်ဦးရဲ့ အချစ်အကြောင်းပဲ ရေးထားတဲ့ ဝတ္ထုလေးပါ။ သရုပ်ဖော်တဲ့ပုံက သေချာကြည့်ရင် မိန်းမတစ်ယောက်ပါ အမေရဲ့"

မိန်းမဆိုသော သင်္ကေတတွေကိုတော့ အမေ ရှာဖွေတွေ့ရှိသည်။ သို့ပေမဲ့ အပြင်ကလူတွေအတိုင်း ချိုးဆစ်ရေးဆွဲထားတာမျိုး မဟုတ်။

ခုတော့ မြင်တာနှင့် သိသာထင်ရှားသည့် အချိုးအစားပါ တိကျသည့် လူပုံတူရုပ်ပုံများ...။

"ကျွန်တော်တို့မှာ သရုပ်ဖော် ပုံလေးတစ်ပုံနဲ့ အများကြီး အလုပ်လုပ်ရတယ် အမေ"

သားက စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ဖူးသည်။ ခုတော့လည်း အမေသည် ပြောင်းလဲသွားသော သရုပ်ဖော်ပုံမျှနှင့်ပင် နားလည်တတ်ပေပြီ။ ဘာကြောင့်မှန်းတော့ မသိ။ နတ်မိမယ်တမျှ လှပသော ဆေးရောင်စုံ ပန်းချီရုပ်ပုံလေးသည် အမေ့ရင်မှာ ပေါ့ရွှတ်၍ နေလေသည်။

ဒီနောက်တော့ လေလွင့်သည့်ရွက်ဝါလို သားတစ်ယောက် အိမ်မှာ သောင်တင်နေပြန်သည်။ တစ်ခါတစ်ခါမှာတော့ အထွေး၏ စာအုပ်ဆိုင်လေးထဲမှာ အမေနှင့်အတူ ထိုင်ရင်း စီကာပတ်ကုံး ရှင်းပြနေတတ်ပြန်သည်။

"ဟောဒီ စာအုပ်ဆိုင်ကြီးတစ်ခုလုံးမှာ ကျကျနန ဖတ်စရာစာအုပ်က ဒီလေးငါးတန်းပဲ ရှိတာ"

သားက စားပွဲနောက်ကျောက စာအုပ်တွေကို ညွှန်ပြ၍ ဆိုလေ

သည်။ ဒီနေရာက စာအုပ်တွေကိုတော့ ဟိုဘက်တန်းတွေပေါ်က စာအုပ်တွေကို အနှောင့်လိုက်စီ၍ ထောင်ထားတာ မဟုတ်ဘဲ မျက်နှာပြင်လိုက်စီ၍ ထောင်ထားလေသည်။ ပြီးတော့ ဟိုဘက်တန်းပေါ်က စာအုပ်တွေ၊ စားပွဲပေါ်က စာအုပ်တွေနှင့်စာလျှင် သစ်လွင်ကာ ပွန်းရာပဲ့ရာလည်း မရှိချေ။

"အစ်ကိုသင်းက သူ ဝယ်လာပေးတဲ့ စာအုပ်တွေဆိုရင် အဲဒီတန်းမှာ ထားခိုင်းတာ အမေ၊ ဒါပေမဲ့ သိပ်မငှားရဘူး"

အထွေးပြောတုန်းက အမေ ရေရေရာရာ နားမလည်။ သား ရှင်းပြတော့ ရေးရေး သဘောပေါက်ရသည်။

"ဒီလို စာအုပ်တွေက အထွက်နည်းတယ် အမေရဲ့။ တကယ်အဆီ အနှစ်ရှိတဲ့ စာအုပ်တွေပေါ့။ တစ်လနေလို့မှ တစ်အုပ်၊ နှစ်အုပ်မှန်မှန် ထွက်ဖို့တောင် ခဲယဉ်းတယ်"

"နို့ မရေးကြလို့လား သားရဲ့"

အမေက မသိနားမလည်နိုင်စွာ မေးတော့ သားက ဝေ့လည်ကြောင်ပတ် ဖြေတတ်သည်။

"စာပေအနုပညာဆိုတာ ပန်းကလေးတွေလိုပါ အမေ၊ ပန်းတိုင်းလည်း မပွင့်နိုင်ဘူး။ ပွင့်တိုင်းလည်း မမွှေးနိုင်ဘူး။ ပန်းတိုင်းပွင့်ပြီးပွင့်သောပန်းတိုင်း မွှေးဖို့ဆိုတာ ရေခံ မြေခံတို့၊ မျိုးစေ့လည်းမှန် ပင်လည်းသန်ဖို့တို့ အများကြီးလိုတယ် အမေရဲ့။ လွတ်လပ်ကျယ်ပြန့်တဲ့ ဥယျာဉ်ခြံမြေကြီးတစ်ခုလည်း လိုတယ်။ ပန်းစိုက်သူ ပန်းပျိုးသူတို့ရဲ့ စေတနာအတွေးနဲ့ အလုပ်တွေဟာ ကျယ်ပြန့်တဲ့ ဥယျာဉ်မြေမှာမှ လွတ်လပ်စွာ ဖူးပွင့်နိုင်မယ်။ ဒါမှလည်း မလိုလားတဲ့ ပေါင်းနဲ့ မြက်တွေကို ရှင်းလင်းသုတ်သင်စရာတောင် မလိုဘဲ အဆင်းရော အချင်းပါလှတဲ့ ပန်းတွေချည်း ဥယျာဉ်မြေမှာ စည်ပင်တော့မပေါ့။ ပြီးတော့ သိပ်အရေး

ကြီးတဲ့ အချက်တစ်ခုလည်း ရှိတယ် အမေ။ ပန်းစိုက်သမားရဲ့ လက်တွေက ပန်းစိုက်ရာမှာပဲ တွင်ကျယ်သင့်တယ်။ သားငိုသံ၊ မယားဆိုသံတွေကို ပြေးချော့နေရရင် ကြောင့်ကြလှပါတယ်။ စာပေလုပ်ငန်းက အနုပညာပါ။ စားဝတ်နေရေး စီးပွားရေးတွေက ကြမ်းတမ်းတဲ့ ဘဝပညာပါ။ ဒီလိုနဲ့ပဲ ပန်းကလေးတွေ တချို့ ကြွေ၊ တချို့ နွမ်း...”

အမေကတော့ စာဆိုလျှင် ကဗျာနှင့် ဝတ္ထုလောက်သာ မြည်းစမ်းရင်းနှီးသည်ကိုး။ သားပြောသည့် ဘာသာပြန်စာပေတို့၊ ပြဇာတ်စာပေတို့၊ ရာဇဝင်၊ သမိုင်းကျမ်းနှင့် အတ္ထုပ္ပတ္တိတို့၊ ကလေးများအတွက် ကလေးစာပေ၊ ပုံပြင်၊ ကဗျာ၊ စာစောင်၊ ဂျာနယ်အမည် စုံလှအောင် မစဉ်းစားမိပေ။

သားပြောမှပဲ အမေလည်း အထွေး၏ စာအုပ်ဆိုင်ကြီးကို ကြည့်ကာ ဟင်းချမိရသည်။

သား ကိုသင်းတစ်ယောက်ကတော့ သူ နှစ်သက်ပျော်မွေ့ရာ စာကဗျာတို့ကို ပန်းကလေးတွေလိုပင် နုသစ်စွာ ရင်မှာ မြတ်နိုးပုံရလေသည်။ ဒါဆိုလျှင်တော့ စာကောင်းပေကောင်းတို့ ကျဲပါးလျက် ပန်းပန်ခိုက် အခွင့်မကြုံမှာကိုတော့ အမေက အထူးပဲစိုးရိမ်မိရသည်။ “အလိမ္မာစာမှာရှိ” ဆိုသော အရိုးသားဆုံးစကားနှင့်ပင် ဆိုကြပါစို့။

ဒီလိုနှင့် ယုံကြည်ရာ ဝါသနာတူရာ အပေါင်းအသင်းတွေက လာရောက် ဆွဲဆောင်ပြန်လျှင်တော့ သားသည် ဗေထိဆိုတာနှင့် ကချင်နေသည့် သူလို နှစ်ခါမခေါ်ရဘဲ ကောက်ကောက်ပါ လိုက်ပါသွားပြန်သည်။

“လုပ်နိုင်သလောက်လေးကို လုပ်တဲ့သဘောပေါ့ အမေရာ။ ကျွန်တော်က ရင်ခန်းမှ မပြတ်နိုင်သေးဘဲ”

သို့ပေမဲ့ သားတစ်ယောက် ဟိုမဂ္ဂဇင်းမှာ ခဏတွဲဖက်၍ ဝင်ကူနေ

သလိုလို၊ ဒီမဂ္ဂဇင်းမှာ လေးငါးလကြာပြန်သလိုလိုနှင့် ရေရေရာရာတော့ မရှိလှ။ တစ်ခါတလေတော့လည်း အမေသည် သား၏အဖြစ်ကို နားလည်လှပြီမို့ သိန်းဆုသုံးလေးဆု ဆက်ပေါက်ဖို့သာ နင်းဆုတောင်း မိပြန်သည်။ တစ်နေ့ကတွေ့သော သားအခန်းထဲက မိန်းကလေးတစ်ဦး ၏ ဓာတ်ပုံ နောက်ကျောမှာတော့ 'ပန်းကဗျာ' ရယ်လို့ ရေးထားတာ ဖတ်ရသဖြင့် ရင်မှာ အေးရသေးသည်။

"ပန်းကလေး တစ်ပွင့်နှစ်ပွင့်
သုံးလေး ငါးခြောက်ခွန် ရှစ်ပွင့်
ပန်းပွင့်များစွာ ပေါင်းလိုက်ပါ
ပြီးတော့ ရင်မှာ သိမ်းထားပါ" တဲ့။

တစ်ခါ တစ်ခါတော့ အထွေးတို့၊ ခင်ခင်လတ်တို့၊ မောင်မင်းလွင် တို့ဆီက ထူးဆန်းသော တုံ့ပြန်ချက်များကို ကြားရသည့်အခါ အမေ ကြီးစွာ အံ့အားသင့်ရပြန်သည်။

"စာအုပ်ဆိုင်က တစ်ဖက်၊ မမလတ်ကို ကူရတာက တစ်ဖက်ဆို တော့ အထွေးလည်း အစ်ကိုသင်းပြောတဲ့ စာအုပ်တွေကို မဖတ်ချင်တော့ ပါဘူး အမေရယ်။ ပေါ့ပေါ့ပါးပါး သက်သက်သာသာပဲ ကောက်ဖတ် မိတယ်"

အထွေးလို လူငယ်တွေ ဘယ်နှယောက် ရှိကြမည်လဲ။ စာပေ ဗဟုသုတ နည်းပါးလာလျှင်တော့ ကြာလျှင် အတွေးအခေါ် အယူအဆ တွေလည်း ခေတ်မမီ နုံနဲ့လာလိမ့်မည်ဆိုတာလောက်တော့ အမေပင် ကောင်းစွာသဘောပေါက်လေသည်။

"ကျောင်းပညာထဲမှာ ကျွန်တော်တို့ စာတွေ ဖတ်ခဲ့ပြီပဲ။ ခုချိန်မှာ အစ်ကိုသင်းဟာ ဥစ္စာရှာဖို့ကောင်းပြီ"

မောင်မင်းလွင်ကလည်း ကျောင်းပညာနှင့် အသိပညာကို

ရောထွေးပစ်တတ်ပြန်သည်။

"အမယ်လေး... ဒီအိမ်မှာလည်း အမေ့သားသာ အားအားယားယား စာဖတ်နိုင်တာပါနော်။ မိလတ်တို့ကဖြင့် လွန်းထိုးသလို ပြေးလွှားလှုပ်ရှားနေရတာ။ ဖိမ်မခံအားပါဘူး"

"အို..."

သမီး ခင်ခင်လတ် စကားကတော့ အမေ့ရင်ကို ဓားသွားမြမြနှင့် မွှန်းလိုက်တာပင်။ ခင်ခင်လတ်တို့ကတော့ စာပေကို ဖိမ်ခံပစ္စည်း၊ ဖျော်ဖြေခံပစ္စည်းလောက်ပဲ သဘောထားလေသည်။ သုတဆိုသည့် သဘောမျှပင် မထားရှိနိုင်ပေဘူးလား။ အမေ အံ့သြရလေသည်။ တစ်သွေးတည်းတောင်မှ အတွေးအရောင်ကျတော့ ကွဲပြားကုန်ကြပြီ။

"စာပေဆိုတာ လူတစ်ယောက်ရဲ့ ဘဝ၊ လူအများရဲ့ ဘဝကို အားလုံး အသစ် ပြောင်းလဲပစ်လို့ရတဲ့အထိ အစွမ်းထက်တယ် အမေရ။ အဲဒီလို ပြောင်းလဲပစ်လို့ရတဲ့ အတွေးအခေါ်တွေ၊ အသိပညာတွေကို ပေးနိုင်တယ်။ သင်းပျံ့တဲ့ မွှေးရနံ့ကို ပန်းများမှတစ်ဆင့် ဆိုပါတော့ အမေ..."

သား ပြောတာကတော့ ပန်းတစ်ပွင့်၏ သင်းရနံ့မျှနှင့်ပင် မိုးနှင့်မြေကို မွှေးပျံ့စေတတ်လို့နေသည်။ ဒီလိုဆိုလျှင်တော့ မောင်မင်းလွင်တို့၊ ခင်ခင်လတ်တို့၊ အထွေးတို့ကလည်း ပန်းပန်ခွင့်ခိုက် မကြုံရှာသည့် ပန်းပန်ဖို့ ကံမထိုက်သူများပင် ဖြစ်ကြလေသလား။

"ဆန်းသစ်မှု၊ တီထွင်မှုတွေနဲ့ လမ်းဟောင်းကနေ တချို့က ဖောက်ထွက်နေကြတယ်။ တချို့ကလည်း အရမ်းကြိုးစားနေကြတယ်။ အပြောင်းအလဲတွေကလည်း မြန်နေတယ်။ လှုပ်လှုပ်ရှားရှားတော့ ရှိပါတယ် အမေ။ ကျွန်တော်တို့ ကြိုးစားကြရမှာပဲ။ တစ်ငုံတော့ ကျန်ပါသေးသတဲ့ အမေရဲ့။ ကျွန်တော်က ပန်းပန်ချင်တဲ့သူဆိုတော့ ခေါင်းဖြီးပြီး

သွားရဦးမှာပေါ့ အမေရာ…”

ဥယျာဉ်မြေကို စိုပြည်လန်းဆန်းစေချင်သည့် သားပေကိုး။ မဂ္ဂဇင်း လုပ်ငန်းတာဝန်တွေကြားမှာ သားကိုယ်တိုင် စိုက်သည့်ပန်းကလေးတွေ ကတော့ ကြိုကြားနည်းပါးခဲ့ပြီ။ သူများတွေ အပွင့်ကိုကြည့်ကာ ပီတိ ဝေနေသော သားမျက်နှာမှာ ပကတိ ကြည်လင်ရှင်းသန့်မြဲ၊ ဂုဏ်ယူ ပေါ့ပါးမြဲ။

တစ်နေ့ကတော့ သားသည် ညဥ့်နက်မိုးချုပ်မှ ယိုင်ထိုးလျက် အိမ်ကို ပြန်လာလေသည်။

“ဟို စာရေးဆရာမလေး အမေ၊ အမေ့ကို သား ပေးဖတ်ထားတဲ့ စာအုပ်၊ သူ ဆုံးသွားပြီ အမေ”

ထိုနေ့က သားသည် ရီဝေယစ်မူးခြင်းဖြင့် ယိုင်ထိုးခဲ့တာ မဟုတ် ပေ။ သားမျက်နှာမှာ အထူးပင် ညှိုးနွမ်းလျက် ထိခိုက်နေရှာသည်။ အသံကလည်း တုန်အက်ပြိုကွဲသော ဝမ်းခေါင်သံနင့်နင့်ကြီး။

“ဟယ်… ဟုတ်လား”

ခင်ခင်လတ်ကပင် ထိတ်လန့်တကြား အာမေဍိတ် ပြုလို့နေသည်။

“သေစရာရှားလို့၊ သူသေမယ့်အစား တခြားသေစရာတွေ အများ ကြီးပါ”

အထွေးကတော့ ငယ်ရွယ်သူပီပီ ဒေါသသင့်လျက် မြည်တမ်းရှာ သည်။

အမေကတော့ “အို… ဖြစ်မှဖြစ်ရလေကွယ်” ဟု ရင်မှာ တင်းကျပ် ဆို့နင့်လို့ ရှိရသည်။

စာအုပ်လာငှားသည့် မိန်းကလေးတစ်ယောက်ကတော့ “ကျွန်မနဲ့ သူနဲ့ မသိပါဘူး။ သူ့ကို မြင်လည်း မမြင်ဖူးပါဘူး။ ဒါပေမဲ့ ကျွန်မ သိပ်ဝမ်းနည်းတာပဲ” ဟုဆိုကာ မျက်ရည်တွေ ကျလာသည်။

သား ပေးဖတ်သော ဝတ္ထုထဲမှာတော့ ထိုစာရေးဆရာမက...

"အရင်ရောက်နှင့်သူသည် အရင်ပြန်သွားရရိုး" ရယ်လို့ နိမိတ်ဖတ်ပြီးသားပေ။ ပြီးတော့ 'မနက်ဖြန် မိုးသောက်၍ ပန်းများ ပြန်လည်ဖူးပွင့်လာချိန်ဝယ် သား၏ ဝိညာဉ်သည် ထိုပန်းတို့၏ မွှေးရနံ့ဖြင့် ဝမ်းမြောက်ကြည်နူးခြင်းသို့ ရောက်ရှိနိုင်ပါစေသတည်းဟု အမေ ဆုတောင်းမိလေသည်" တဲ့လေ။

"အနုပညာ စာပေနယ်တွင် ယုံကြည်ချက်၊ စေတနာ၊ စာပေ၊ သစ္စာတို့ဖြင့် ရန်းကန်ရပ်တည်ခဲ့သော ထုတ်ဝေသော စာပေသမားတစ်ဦး၏ဘဝ"။

သူ့နောက်ဆုံးခရီးမှာ အမေလုပ်သူက ဒီလို ဆုတောင်းခဲ့ပါသည်။

ပင်ခံ မြေခံကောင်း ရှားတတ်ပါလျက် အပွင့်လည်းသန်၊ ရနံ့လည်းကျန်ကာ ရာသီချိန်မှန်သော အဖိုးတန်သည့် ပန်းလှတစ်ပွင့်မှ ကြွေပြုန်းရသတဲ့လားကွယ်။

ဒီလိုနဲ့ပဲ ပန်းပြတ်ခိုက်ကြုံရပေသည့် ပွင့်တစ်ငုံကို မျှော်လင့်ရင်းသားကလည်း ဝဲလည်နေသော ရေပြင်ကျယ်ထဲက လှေငယ်လေးတစ်စင်းလို လှုပ်ရှားရုန်းကန်ဆဲ...။

အမေသည်လည်း အိမ်ပြန်မိုးချုပ်မြဲ သားကို စိတ်ရှည်သည်းခံစွာစောင့်မျှော်ဆဲ။

"စာအုပ်ဆိုတာ လူ့ခန္ဓာကိုယ်လို ရုပ်ပစ္စည်းပဲ အမေ။ ခန္ဓာကိုယ်လိုပဲ သူ့မှာလည်း နာမ်ရှိတယ်။ အသက်ဝိညာဉ်ရှိတယ်...။

ခန္ဓာကိုယ်မှာ အစာလိုသလို စိတ်သန္တာန်မှာ စာလိုတယ်။ အစာမှားလို့ အဆိပ်သင့်ရင် တစ်ယောက်ပဲသေမယ်။ စာမှားလို့ အဆိပ်သင့်ရင်မျိုးဆက်နဲ့ချီပြီး သေနိုင်တယ်...။

အယ်ဒီတာဆိုတာ တည်းဖြတ်ထုတ်လွှင့်ပေးပို့တဲ့သူလို့ အလွယ်

ပြောနိုင်ပါတယ် အမေ။ အဆိပ်တွေပါမသွားဖို့၊ ခွန်အားနဲ့ အာဟာရတွေကို ပေးပို့ဖို့ပါ အမေ…။

အကိုးအကား အဆိုအညွှန်းများနှင့် ပြွမ်းတီးသည့် စကားသံသည်လည်း အမေ့နားဝမှာ ဝေဆာဆဲ။

လရောင်သဲ့သဲ့အောက်တွင် ဟိုးဝေးဝေးမှ ရှည်ရှည်ကိုင်းကိုင်း အရိပ်တစ်ခု ယိမ်းယိုင်လျက် အမေ့အိမ်သို့ ဦးတည် လျှောက်လာနေတာကို ဝိုးတဝါး မြင်တွေ့ရလျှင်တော့ သင်းသင်းပျံ့သော ပန်းရနံ့တစ်မျိုးကလည်း အမေ့အနားသို့ ရောက်ရှိလာပေသည်။

မညိုပြာ၏ နှင်းဆီခင်းစာစုများ၊ ၁၉၉၀

❑

## စကားမပြောဖူးသေးတဲ့ဝတ္ထု

**- ဆောင်းဝင်းလတ် -**

၁၉၈၈ ခုနှစ် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် လမ်းပေါ်ထွက်ကာ တစ်ပါတီအာဏာရှင်စနစ်ဆိုးကြီးအပြီးသတ် နိဂုံးချုပ်ရေး၊ အရပ်သား အစိုးရပေါ်ပေါက်ရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုအရေးတော်ပုံကြီးပြီးခါစတွင် မိသားစု စားဝတ်နေရေးအတွက် မြန်မာ့ပင်လယ်ပြင်သို့ ပြန်ထွက်ကာ လစာရ သင်္ဘောစက်ဆရာ အလုပ် လုပ်ဖို့ ကျွန်တော်ကြိုးပမ်းသည်။ ထိုင်းနှင့်မြန်မာဖက်စပ် ငါးဖမ်းသင်္ဘော လုပ်ငန်းအတွက် လူတွေ ခေါ်နေတယ်ဆိုသည့် သတင်းကြားရ၍ သွားပြီး လျှောက်လွှာတင်ထားခဲ့သည်။

အလုပ်မှမခေါ်မီစပ်ကြားတွင် ရန်ကုန်ယောမင်းကြီးလမ်းဘေး သစ် ပင်ရိပ်၌ထိုင်ကာ စာအုပ်ရောင်းခဲ့သည်။ ကျွန်တော့်မှာရှိသော စာအုပ် တချို့တဝက်နှင့်၊ ရှမဝမဂ္ဂဇင်းမှ ဆရာမောင်ဆွေတင့် ကူညီပံ့ပိုးပေး သော စာအုပ်မျိုးစုံတချို့ကို ထိုင်ရောင်းရာ အရေးအခင်းကြီးပြီးခါစ မို့လားတော့မသိ။ စာအုပ်ဖတ်ချင်သူ တော်တော်များများကို ကြုံတွေ့ရ သည်။ ဝယ်ကြသည်။

အရေးအခင်းကြီး ပြီးခါစတွင် စာနယ်ဇင်းတချို့ ပြန်မထွက်နိုင်ကြသေးပေ။ အလုပ်သမားများကလည်း ဟိုရောက်သည်ရောက် ပျောက်သည့်သူ ပျောက်ဆုံးနေဆဲမို့ လုပ်ငန်းပြန်စဖို့ တာစူနေဆဲကာလ။ ထို့ကြောင့် စာဖတ်ချင်သူတချို့က စာအုပ်လာဝယ်ကြသည်။ ယောမင်းကြီးလမ်းနှင့်မလှမ်းမကမ်း နဝဒေးလမ်းတွင် နေထိုင်သော စာရေးဆရာကြီး ဦးတက်တိုးတို့သားအဖ မနက်ခင်း လမ်းလျှောက်ထွက်ရင်း ကျွန်တော့်ဆီဝင်လာကာ စာအုပ်ဝယ်ယူ အားပေးသွားလေ့ရှိကြသည်။ ဦးဝိစာရအိမ်ရာတွင် နေထိုင်သော ကွယ်လွန်သူ ကျွန်တော့်မိတ်ဆွေ စာရေးဆရာမောင်မောင်အေးအောင်၏ သားလေးနှင့်သမီးလေးလည်း ဖြတ်သွားဖြတ်လာ ကျွန်တော့်ဆီစာအုပ်ဝယ်ယူ အားပေးသွားကြပါသည်။ ပြီးတော့ ယောမင်းကြီးလမ်းထဲမှာနေသော ကျွန်တော့်ငယ်သူငယ်ချင်း ဇော်ဝင်းတင်ကလည်း မကြာခဏ စာအုပ်လာဝယ်ကာ အားပေးပါသည်။ တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို ကျွန်တော်၏လမ်းဘေးစာအုပ်ဆိုင်ကလေးကို ရောက်လာတတ်သူမှာ ဆရာပန်းချီမောင်ဒီခေါ် ဦးမျိုးညွန့်ဖြစ်သည်။ သူက ကျွန်တော့်ဘေးမှာ လာထိုင်ကာ စကားစမြည်ပြောတတ်သည်။ မလှမ်းမကမ်းလမ်းဘေး လက်ဖက်ရည်ဆိုင်လေးမှာ လက်ဖက်ရည်သွားဝယ်ပြီး အတူသောက်ကြသည်။

ဆရာမောင်ဒီ ကျွန်တော့်ဆီ မလာဖြစ်သည့် တစ်ရက်တွင် ယောမင်းကြီးလမ်းထဲ၌ လူစုလူဝေး ရုတ်တရက် ဖြစ်ပေါ်လာသည်။ ကျွန်တော်နှင့်ဘဝတူ လမ်းဘေးဈေးသည်များထဲတွင် ခင်မင်ခါစ ဖိနပ်ချုပ်သမားလင်မယား၊ ကြာဆံဟင်းခါးနှင့် အသုပ်စုံရောင်းသော အညာသားကလေးတို့ဆီကလည်း သတင်းကောင်းကြားရသည်။ ထို့အပြင် ထီးပြင်သမားဆီကလည်း သတင်းကြားရသည်။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး လူထုခေါင်းဆောင် ဒေါ်အောင်

ဆန်းစုကြည် ဒီလမ်းထဲကို လာလိမ့်မယ်။ ဒါကြောင့် လူတွေစုပြီး သူ့ကို ဆီးကြိုနေကြတာ”တဲ့။

၁၉၉၀ ပြည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး မစတင်မီ ဒီမို ကရေစီ ကြိုးပမ်းသူပါတီများအားလုံး ရုံခန်းတွေ ဖွင့်ကြဆဲ၊ ပါတီဆိုင်း ဘုတ်တင်နေကြဆဲကာလ။ ယောမင်းကြီးလမ်းထဲတွင် N.L.D အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ် တစ်ခန်းကလည်း ဖွင့်ခါစ။

“ဒေါ်အောင်ဆန်းစုကြည်က ဆိုင်းဘုတ်တင်ပွဲမှာ မိန့်ခွန်းလာပြော တာတဲ့”ဟုလည်း လမ်းဘေးဈေးသည်တချို့က ကျွန်တော့်ကို ပြောပြ ကြသည်။ ကျွန်တော်တို့လည်း ကိုယ့်ဆိုင်ကိုယ် သိမ်းကြပြီး လူထုကြီး ကြားထဲ တိုးဝင်လိုက်ကြသည်။ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြော တာကို ၈၈ အရေးအခင်းကာလအတွင်း ရွှေတိဂုံဘုရားအနောက်မုခ်တွင် ကျွန်တော် အဝေးမှ ကြားဖူးခဲ့ပြီးပြီ။ ထိုစဉ်က တစ်ကွင်းလုံး ပြည့်နေ၍ စင်မြင့်အနီးသို့ ကျွန်တော်မရောက်ခဲ့။ အဝေးမှပင် ရပ်၍ ကျွန်တော် နားထောင်ခဲ့ရသည်။ ခုလည်း ကျွန်တော် စင်မြင့်နှင့် တော်တော်လှမ်း လှမ်းမှာ ရောက်နေသည်။ မကြာမီ ဒေါ်အောင်ဆန်းစုကြည် ရောက်လာ သည်။ အဝေးမှပင် သူ့မိန့်ခွန်းကို ကျွန်တော် နားထောင်ခဲ့ရသည်။

*

၁၉၉၅ ခုနှစ်၊ ကျွန်တော် အဖမ်းခံရသည်။ ထောင်ထဲရောက်ခဲ့ သည်။ ထောင်ထဲမှာ နိုင်ငံရေးပါတီပေါင်းစုံက လူတချို့ ရောက်နေကြ သည်။ ကျွန်တော်က နိုင်ငံရေးပါတီဝင်မဟုတ်။ သို့သော် ဒေါ်အောင် ဆန်းစုကြည်၏ ပုံတူ ပန်းချီကောက်ကြောင်း Sketch ကို ရေးဆွဲမိ၍ ထောင်ကျခဲ့ရခြင်းသာ။

“ကိုဆောင်း အဖမ်းခံရပုံ ပြောပြစမ်းပါဦး”

ဟု ထောင်ထဲတွင် ဆုံစည်းရသော နိုင်ငံရေးပါတီတစ်ခုမှ မိတ်ဆွေ အကျဉ်းသားတစ်ယောက်က မေး၍ ပြောပြရသည်။

"ဒီလိုဗျ၊ အဲဒီညနေက ရန်ကုန် ဗိုလ်အောင်ကျော်လမ်းထဲက ဖြတ်ပြီး လမ်းလျှောက်လာရင်း နိုင်ငံခြားသင်္ဘောလိုင်းလိုက်နေတဲ့ သူငယ်ချင်း တစ်ယောက်နဲ့တွေ့တယ်။ သူက ဝမ်းသာအားရနဲ့ နှုတ်ဆက်တော့ လမ်းဘေးမှာ ခဏရပ်စကားပြောကြတယ်။ သူက စာအုပ်တစ်အုပ် အမှတ်တရ လက်ဆောင်ပေးတယ်။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကို နိုင်ငံခြားက သူသယ်လာတဲ့စာအုပ်။ လေဆိပ်က တာဝန်ရှိသူတွေက တရားဝင်ခွင့်ပြုလို့ သူယူခွင့်ရလာတဲ့စာအုပ်။ ကမ္ဘာကျော် Times မဂ္ဂဇင်း စာအုပ်ပါဗျာ။ စာအုပ်ရဲ့ မျက်နှာဖုံးမှာ တစ်နှစ်အတွင်း ထူးခြားတဲ့နိုင်ငံတကာက လူတချို့ရဲ့ ပုံတူပန်းချီကောက်ကြောင်း Sketch ပုံလေးတွေကို ဖော်ပြထားတယ်။ ဒီလူတွေထဲမှာ အောင်ဆန်းစုကြည်ရဲ့ပုံလည်း ပါတယ်။ ကျွန်တော်က ဘီယာဆိုင်ကြီးတစ်ဆိုင်ထဲဝင်ပြီး စားစရာ သောက်စရာတွေမှာရင်း တစ်ယောက်တည်းထိုင်ပြီး စားသောက်နေတယ်။ ကျွန်တော်က စားရင်းသောက်ရင်း လွယ်အိတ်ထဲက Times မဂ္ဂဇင်းကို ထုတ်ကြည့်တယ်။ ကျွန်တော်က ပန်းချီဆွဲတာ ဝါသနာပါတယ်လေ။ ဒါနဲ့ ကျွန်တော့်လွယ်အိတ်ထဲမှာ အသင့်ပါလာတဲ့ A4 စက္ကူအဖြူတစ်ရွက်ပေါ်မှာ မင်အနက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ပုံကို ကြည့်ပြီး ထိုင်ရေးနေမိတယ်။ တော်တော်တူတယ်ဗျ။ တော်တော်ကောင်းတယ်။ ကျွန်တော် ထိုင်နေတဲ့စကားပွဲနားက လူတစ်ယောက်ဖြတ်လျှောက်သွားတယ်။ သူက အဲဒီစားသောက်ဆိုင်ကြီးရဲ့ ပိုင်ရှင်ပဲ။ လူရွယ်တစ်ယောက်ပါ။ သူဌေးလေးတစ်ယောက်ဆိုပါတော့ဗျာ။ ကျွန်တော့်ထက်တော့ အသက်ငယ်ပုံရပါတယ်။ သူဖြတ်လျှောက်သွားပြီး သူ့ဆိုင်ရဲ့ ကောင်တာစားပွဲကတစ်ဆင့် သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတွေဆီ

တယ်လီဖုန်း လှမ်းဆက်လိုက်တာကိုး။ သူ့ဆိုင်ထဲမှာ လူတစ်ယောက်က ဒေါ်အောင်ဆန်းစုကြည့်ပုံပါတဲ့ မဂ္ဂဇင်းစာအုပ်နဲ့ ပုံတူပန်းချီထိုင်ရေးနေပါတယ်ဆိုပြီး လှမ်းအကြောင်းကြားလိုက်တာကိုး။ မကြာပါဘူးဗျာ။ အရပ်ဝတ်တွေနဲ့ရော ယူနီဖောင်းတွေနဲ့ရော လူလေးငါးဆယ်ယောက်က ကျွန်တော့်ဆီရောက်လာပြီး ကျွန်တော့်ပစ္စည်းတွေ သိမ်းတယ်။ လူကို ဖမ်းတယ်။ ကျွန်တော် သူတို့ကို ရှင်းပြတယ်။ ဒီစာအုပ်ရလာတဲ့ အကြောင်းအရင်းနဲ့ ပုံဆွဲတာဝါသနာပါလို့ ဒီပုံကို ထိုင်ရေးနေတဲ့ အကြောင်း၊ ပြီးတော့ ဒီမဂ္ဂဇင်းစာအုပ်က တရားဝင်နိုင်ငံထဲသွင်းခွင့်ရလို့ စာအုပ်ဆိုင်တွေမှာတောင် ရောက်နေတဲ့စာအုပ်ဆိုတာလည်း ရှင်းပြတယ်။ မရဘူး။ ပြီးတော့ ကျွန်တော့် လွယ်အိတ်။ ဒီလွယ်အိတ်ကို သူတို့သိမ်းဆည်းခွင့်မရှိဘူးဆိုတာလည်း သူတို့ကို ကျွန်တော်ပြောတယ်။ ကျွန်တော့်လွယ်အိတ်ထဲမှာ သေနတ်မပါဘူး။ ဓားမပါဘူး။ မှတ်စုစာအုပ်ကလေးရယ်၊ ဘောလ်ပင်ရယ်၊ ဆော့ဖ်ပင်တစ်ချောင်းရယ်၊ A4 စက္ကူသုံးရွက်ရယ်၊ Times မဂ္ဂဇင်းရယ် ဒါပဲပါတယ်။ စားသောက်ဆိုင်ထဲက စားပွဲလေးမှာ ကျွန်တော်တစ်ယောက်တည်း အေးအေးလူလူထိုင်ပြီး စားရင်းသောက်ရင်း ဒီပုံတူရုပ်ပုံပန်းချီလေးကို ထိုင်ရေးနေတာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်အခွင့်အရေးဆိုတာ သူတို့အားလုံးကို ကျွန်တော် ပြောတယ်။ ကျွန်တော့်လွယ်အိတ်နဲ့ ကျွန်တော်ရေးဆွဲထားတဲ့ ပုံတူပန်းချီ စာရွက်ပြန်ပေးဖို့ သူတို့ကိုပြောတယ်။ မရဘူး။ ခင်ဗျားတို့ခေါ်တဲ့နောက် ကျွန်တော်လိုက်မယ်၊ ကျွန်တော့်ပစ္စည်းတွေ ကျွန်တော်ပြန်ယူထားမယ်ဆိုပြီး လွယ်အိတ်ကို လူတစ်ယောက်ဆီက ကျွန်တော်ပြန်ဆွဲယူတော့ မပေးဘဲနဲ့ သူတို့အချင်းချင်း ဘာလှမ်းပြောလိုက်လဲဆိုတော့ 'မှတ်ထား မှတ်ထား။ သူ ဘယ်လိုလွယ်အိတ်ကို ပြန်ဆွဲယူလဲဆိုတာ မှတ်ထား။ သူ ဘာပြန်ပြောနေလဲဆိုတာလည်း မှတ်ထား။

ငါတို့ရဲ့ အလုပ်တာဝန်ဝတ္တရားကို နှောင့်ယှက်နေတာကွ' တဲ့။ ပြီးတော့ ကျွန်တော့်ကို ခေါ်သွားကြတာပေါ့ဗျာ"

"ကိုဆောင်းကို ဘယ်နေရာခေါ်သွားကြတာလဲ"

"မသိဘူးဗျ။ ကျွန်တော့်မျက်လုံးတွေကို အဝတ်နဲ့စည်းနှောင်ပြီး လက်ထိတ်ခတ်ခေါ်သွားကြတာ"

"ဘယ်လောက်ကြာလဲ"

"အကြာကြီးပေါ့ဗျာ"

"စစ်ကြောရေးပေါ့ဟုတ်လား"

"ဒါပေါ့ဗျာ၊ မေးကြမြန်းကြ၊ စစ်ဆေးကြနဲ့ မအိပ်ရပါဘူး"

"ဘာအဓိကထားပြီးမေးလဲ"

"ကျွန်တော် ဘယ်ပါတီကလဲ၊ နိုင်ငံရေးပါတီ ဘယ်ပါတီထဲ ဝင်ထားလဲ၊ အခု ဒီပန်းချီကိုရေးပြီး ရှေ့ဆက် ဘာတွေဝါဒဖြန့်ဖို့ အစီအစဉ်ရှိလဲ၊ ဒီပုံကိုရေးဆွဲပြီး အောက်က ဘာစာတန်းတွေထည့်ဖို့ တွေးထားလဲ၊ ဘယ်သူတွေဆီ ပို့မှာလဲ၊ ဒါတွေ မေးတာပေါ့"

"ကိုဆောင်းက ဘာပြောလိုက်လဲ"

"ကျွန်တော်က ရှင်းရှင်းပဲပြောလိုက်တယ်။ ဝါသနာပါလို့ ပန်းချီရေးတာ။ ဘာမှဝါဒဖြန့်ဖို့မဟုတ်ဘူး။ ဘယ်နိုင်ငံရေးပါတီမှလည်း ဝင်မထားဘူး။ ကိုယ့်ဟာကိုယ် ဒီပုံကို အိမ်မှာထိုင်ရေးနေလည်းရတယ်။ ခုဟာက ဘာပြဿနာမှမရှိဘူးဆိုပြီး စားသောက်ဆိုင်မှာ စာရွက်သေးသေးလေးပေါ် ထိုင်ဆွဲတာလို့ ပြောတာပေါ့ဗျာ"

"သူတို့က လက်ခံလား"

"လက်မခံဘူးဗျ။ Times မဂ္ဂဇင်းမျက်နှာဖုံးမှာပါတဲ့ အခြားနိုင်ငံက ထင်ရှားတဲ့ ပုဂ္ဂိုလ်တချို့ရဲ့ပုံကိုကျတော့ ပန်းချီပုံကူးမဆွဲဘဲနဲ့ ဘာကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံကိုမှ ရွေးပြီးကူးဆွဲရတာလဲလို့ပဲ ထပ်တလဲလဲ

မေးကြတော့တာပဲ"

"ဒီတော့ ဘယ်လိုဖြေပေးရလဲ"

"ကျွန်တော်က ပြောလိုက်တယ်လေ။ ကိုယ့်နိုင်ငံက ကိုယ့်လူထုအတွက် ဆောင်ရွက်နေတဲ့ အမျိုးသမီးမို့ သူ့ကို လေးစားလို့ဆိုပြီး ပြောလိုက်တယ်"

"ဘယ်လိုပြောကြပြန်လဲ"

"ကြမ်းတယ်ဗျ။ နောက်တစ်ခါ ပုံဆွဲချင်သေးလားတဲ့။ ဒါကတော့ ပန်းချီကို ငယ်ငယ်တည်းက ဝါသနာပါတာဆိုတော့ ဆွဲချင်တဲ့စိတ်ပေါ်လာရင် ဆွဲဦးမှာပဲဆိုတော့ ဆွဲချင်ဦးကွာ၊ ဆွဲချင်ဦးကွာဆိုပြီး ပါးရိုက်တယ်၊ လက်သီးနဲ့ထိုးတယ်၊ ကျောက်စရစ်ခဲ ဂဝံကျောက်ခဲသေးသေးလေးတွေပေါ်မှာ ဒူးထောက်ထိုင်ခိုင်းပြီး လက်နှစ်ဖက်ကို မြှောက်ထားခိုင်းတယ်၊ ခြေသလုံးတွေကို ဆေးလိပ်မီးနဲ့ထိုးတယ်၊ ဆေးလိပ်မီးနဲ့မထိုးခင်မှာ ခြေဆင်းထိုင်ခိုင်းထားပြီး ရာဘာပိုက်လုံးနဲ့ ခြေထောက်ညို့သကျည်းနှစ်ဖက်ပေါ် လိမ့်သေးတယ်ဗျ။ ဆံပင်ဆွဲပြီး မျက်နှာကိုရေထဲနှစ်ထားတော့ အသက်ရှူရတာ တော်တော်ခက်တာပဲဗျာ။ ကျွန်တော်က ဆံပင်ခပ်တိုတိုဆိုတော့ ကျွန်တော့်ခေါင်းကို သူတို့လက်နဲ့ဖိပြီး ရေတိုင်ကီထဲနှစ်လိုက်၊ ပြန်ဖော်လိုက်၊ မေးလိုက်၊ ပြန်နှစ်လိုက်နဲ့ အတော်ဆိုးတဲ့ညတစ်ညလို့ ဆိုရလိမ့်မယ်ဗျ"

"ကျွန်တော်တို့တုန်းကလည်း ဒီလိုပါပဲ။ နောက်တော့လည်း ပုဒ်မတွေ၊ စွဲချက်တွေနဲ့ ကိုဆောင်းလိုပဲပေါ့ဗျာ။ တရားရုံးရောက်၊ တရားသူကြီးက အမိန့်ချ။ ထောင်ထဲရောက်၊ ဒါခေါက်ရိုးကျိုးပုံသေနည်းဟောင်းကြီးအတိုင်းပဲပေါ့။ ဟောဟိုမှာ ထိုင်နေတဲ့ ကောင်လေးနှစ်ယောက်ဆိုရင် တက္ကသိုလ်ရိပ်သာလမ်း ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့က တရားပွဲ သွားနားထောင်ပြီးပြန်အလာ ဘတ်စ်ကားဂိတ်မှာ အဖမ်းခံ

ရပြီး ထောင်ထဲရောက်လာတာ။ တစ်ယောက်က မကွေးမြို့က။ ရန်ကုန် ခဏလာရင်း အဖမ်းခံရတာ။ တစ်ယောက်က ရန်ကုန်ရွှေဂုံတိုင်ရပ်ကွက် က။ ဟောဒီ ညီလေးကျတော့ သင်္ကြန်ကားနဲ့ရေပက်ခံထွက်ရင်း လမ်းမှာ ခဏနားတုန်း ကားလမ်းဘေးကို ဘယ်ကားက လွှင့်ကျကျန်ခဲ့မှန်းမသိတဲ့ ရေပက်ခံ ဦးထုပ်လေးဆောင်းထားမိလို့ ထောင်ထဲရောက်လာတာ။ ဦးထုပ်မှာ ခွပ်ဒေါင်းအရုပ်ပါလို့ဗျ"

စသဖြင့် ကျွန်တော်တို့တစ်တွေ အသီးသီး ကိုယ်အတွေ့အကြုံလေးတွေ ပြန်ပြောကြသည်။ ရယ်မိပြုံးမိကြသည်။ ကြာကြာတော့ စကားစမြည် မပြောဖြစ်ကြ။ ဖြတ်သွားဖြတ်လာ ခဏတာမျှသာ။ တစ်တွဲတွဲနေတာမြင်သွားရင်လည်း ပြဿနာ ရှာခံရတတ်ကြသေးသည်။

ထောင်ထဲမှာ အာဏာပိုင်တွေဆီ လျှို့ဝှက်သတင်းပေးသူတချို့က လည်း ရှိနေသေးသည့်ကာလ။ ဘာအကြောင်းအရာပြောနေသည်ကို မသိကြဘဲ အဲဒီလူနှစ်ယောက် အာဇာနည်နေ့အကြောင်း တိုးတိုးတိုးတိုးနဲ့ ပြောနေကြပါတယ်ဆိုပြီး သတင်းပေးလိုက်သည့်အတွက် ချက်ချင်း အကျဉ်းထောင်ဝန်ထမ်းတချို့ ရောက်လာကာ ဘယ်ကိုခေါ်သွားမှန်း မသိတော့ဘဲ ကျွန်တော်တို့နှင့် ပြန်ဆုံခွင့် မရတော့သူတွေလည်း ရှိပါ၏။ ထောင်ထဲမှာက လူပေါင်းစုံ စိတ်ရောင်စုံ၊ နေရာထိုင်ခင်း အကျဉ်းအကျပ် အနှောင်အဖွဲ့တွေကလည်း အနေအထားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး။ အကန့်အသတ်၊ အချုပ်အချယ်၊ အနှိပ်အကွပ်တွေကလည်း လက်တစ်ကမ်းမှာ။ ကိုယ့်တစ်ကိုယ်စာနေရာထိုင်ခင်းလေးမှာ ကိုယ့်အသက်တာကိုသာ ကြံဖန်တွေးဆကာ မနက်ဖြန် ငါဘာဖြစ်မလဲဆိုတာ မရေရာကြသည့်အချိန်။ တချို့သောညသန်းခေါင်ယံသမယ ခပ်ကြမ်းကြမ်းဖိနပ်သံများ၊ တချွင်ချွင်မြည်သော သံခြေကျင်းသံများ၊ သော့ခလောက်ဖွင့်သံ၊ တံခါးကြီးများကို ဝုန်းခနဲဆွဲဖွင့်သံများနှင့်အတူ...

"အားလုံးခေါင်းတွေငုံ့ထား။ လှည့်မကြည့်နဲ့၊ မော့မကြည့်နဲ့"ဟုဆိုကာ...

"မင်းထွက်"

"မင်း"

"ပြီးတော့မင်း"

"ပစ္စည်းအမြန်ယူ"

စသည့်အသံများ ကြားရကာ အကျဉ်းသားတချို့ ခေါ်ထုတ်သွားတာမျိုး။ တစ်ခါတစ်ခါကျတော့ ထမင်းထိုင်စားနေဆဲ ဘွားခနဲရောက်လာကြကာ

"လာလိုက်ခဲ့"

ဟုဆိုပြီး လုံးလုံးလျားလျားကြီး အခန်းထဲသို့ ပြန်ရောက်မလာကြသူတွေလည်း ကြုံရဖူးပြီ။ သည်ကြားထဲမှာ ထန်းသီးကြွေခိုက် ကျေးနင်းခိုက်ဆိုသော ရှေးလူကြီးသူမများစကားကလည်း မှန်ပါ့။ မှတ်မှတ်ရရ ဇွန်လ ၁၉ ရက် မနက်ခင်း ထောင်ဝင်းထဲမှာ သက္ကရာဇ် ၁၂၉၇ ခုနှစ်ကတည်းက တည်ထားသော စေတီငယ်တစ်ဆူရှိသည့် ပရိဝုဏ်သို့ အကျဉ်းသား လူရွယ်တစ်ယောက်က သူ အလုပ်လုပ်သည့် တောင်ယာစိုက်ခင်းများထဲမှ သူခူးလာသည့် သပြေပန်းစည်းကလေးကိုကိုင်ကာ ရောက်လာပြီး ဘုရားပန်းအိုးမှာ ကပ်လှူပူဇော်သည်။ ပြီးတော့ သူ့စိုက်ခင်းဆီသူပြန်သွားကာ လုပ်စရာရှိတာလုပ်နေသည်။ မကြာပါပေ။ သက်ဆိုင်ရာ တာဝန်ရှိ လူသုံးယောက်က တောင်ယာခင်းဆီ ရောက်လာကြပြီး အကျဉ်းသား လူရွယ်လေးကိုမေးသည်။

"စောစောတုန်းက ဘုရားမှာ မင်းပန်းသွားကပ်တယ်ဆို"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့ကပ်တာလဲ"

"ဘုရားဝင်းထဲ တံမြက်စည်းလှည်းရင်း ပန်းအိုးလည်း ဆေးကြောရင်း ပန်းကပ်ခဲ့တာပါ"

"ဟုတ်ရဲ့လား။ ဒီနေ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးမွေးတဲ့ရက်မို့ သူ့အတွက် ဘုရားမှာ ပန်းကပ်ပြီး မင်းဆုတောင်းနေတယ်လို့ ငါတို့ သတင်းရတယ်"

"မဟုတ်ရပါဘူးဗျာ။ သူ့မွေးရက်ဘယ်ရက်ဆိုတာ ကျွန်တော်မှ မသိတာ"

"လာ လာ၊ အခုချက်ချင်း မိန်းဂျေးကို မင်းလိုက်ခဲ့။ ဟိုကျမှ အရာရှိတွေမေးတာ မင်းဖြေရှင်း"

ဟုဆိုပြီး ကတိုက်ကရိုက်ဆွဲခေါ်သွားတာခံလိုက်ရသူကိုလည်း ကျွန်တော်ကြုံရဖူးပြီ။ သူ့ကိုဘယ်နေရာပို့လိုက်သည်မသိ။ ကျွန်တော် ထောင်ကလွတ်လာသည်အထိ သူနှင့် ပြန်မဆုံမိကြတော့ပေ။ တစ်ခု တော့ ထောင်ထဲမှာ ကျွန်တော် ဗဟုသုတရလိုက်သည်။ ဒီဖြစ်ရပ်ပေါ် မူတည်ကာ ဒေါ်အောင်ဆန်းစုကြည် မွေးဖွားသည့်ရက်ကို ကျွန်တော် သိလိုက်ရခြင်းပင်။ သတင်းပေးသူနှင့် ဝန်ထမ်းတွေကြောင့် ခုလို ကျွန်တော် ဗဟုသုတတစ်ခုတိုးလာပါလားဟု ကြံဖန်ပြီး ကျေးဇူးတင်လိုက် ရပြန်သည်။

*

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက တစ်ကြိမ် စိတ်လှုပ်ရှား စိတ်ဝင်စားခဲ့ဖူးသော ကျွန်တော်သည် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပမည်ဆိုသည့် ရွေးကောက်ပွဲကိုတော့ မှတ်မှတ်ရရပြန်လည်နိုးထ စိတ်လှုပ်ရှားခြင်း ဖြစ်ရ၏။

ကျွန်တော်ကား ဘယ်ပါတီဝင်မှလည်း မဟုတ်သေးချေ။

သို့သော် ယခုရွေးကောက်ပွဲမှာတော့ဖြင့် မဲရုံသို့ သွားလိုက်ဦးမှပါပဲပေဟု စိတ် အာရုံတွင် အာရုံငြိတွယ်မိလာ၏။ မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို သတိထား စောင့်ကြည့်နေမိ၏။ နှစ်ရှည်လများသော့ခတ်ပိတ်ဆို့ထား ခြင်းခံခဲ့ရသော နိုင်ငံရေးပါတီတချို့ ရုံးခန်းတံခါးများ ပြန်ဖွင့်ခွင့်ရလာကြ သလို မဲဆွယ်စည်းရုံးဟောပြောခြင်း ခရီးစဉ်တချို့လည်း ရှိလာခွင့်ရလာ ကြသည်။

တစ်ရက် ကျွန်တော် နေထိုင်သည့်ရပ်ကွက် မြက်ရိုင်း တောကြီး တစ်ကွက်ကို လူတချို့ ခုတ်ထွင်ရှင်းလင်းနေကြတာ မြင်ရသည်။ ကွင်း ပြင်ကျယ်ပုံစံမျိုး ပေါ်လွင်လာတော့ ဖုန်ထူထူကို ရေစုပ်စက်တွေ ရေပိုက် လုံးတွေနှင့် ဖုန်သိပ်အောင် ရေဖြန်းကြသည်။ စင်မြင့်ကြီး ဝိုင်းဝန်းပြီး တည်ဆောက်နေကြတာလည်း တွေ့ရသည်။

လမ်းပေါ်မှာသွားလာနေသော ကား၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက် ဘီးတော်တော်များများတွင် စတစ်ကာလေးတွေ ကပ်ထားတာ မြင်ရစပြု ပြီ။ အောက်ခံအနီ၊ ကြယ်ဖြူပွင့်နှင့် အဝါရောင် ခွပ်ဒေါင်း။ ပြီးတော့ ရွေးကောက်ပွဲ သီချင်းသံတွေ ဝေစီလျက်။ နောက်ရက်တွေမှာကျတော့ သက်ကြီးရွယ်အိုများအပါအဝင် လူလတ်ပိုင်း၊ လူငယ်ပိုင်းများသာမက ကလေးငယ်တချို့တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့သမီး ဒေါ်အောင် ဆန်းစုကြည်တို့၏ ရုပ်ပုံပါသော အင်္ကျီများ၊ တီရှပ်များ၊ စပို့ရှပ်များကို ဝတ်ဆင်ကာ လမ်းတွေပေါ်မှာ သွားလာနေကြတာ တွေ့လာရသည်။ အိမ်များ၊ ဈေးဆိုင်များမှာလည်း အနီရောင်အောက်ခံကြယ်ဖြူတစ်ပွင့် နှင့် အဝါရောင်ခွပ်ဒေါင်းပါသော စတစ်ကာတွေ၊ အလံတွေကို တွေ့လာ ရပြီ။

တစ်ရက် တစ်မနက်မှာတော့ ကျွန်တော်နေထိုင်သည့်ရပ်ကွက်၏ လယ်ရိုင်း၊ မြေရိုင်း၊ ကွင်းရိုင်းကြီးထဲမှာ လူထုပရိသတ်က သိန်းဂဏန်း

ပမာဏ ရောက်လာကြသလို ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေလည်း ပြည့်ကျပ်လျက်။ နေ့လယ်ခင်းကျတော့ ပိုပြီးစည်ကားပြည့်လျှံလာသည်။ ကွင်းပတ်လည်မှာလည်း ဒေါင်းအလံတွေကတလွင့်လွင့်။ သစ်ကိုင်းတွေပေါ်မှာလည်း ဒေါင်းအလံတွေတလွင့်လွင့်။

ညနေခင်း လူထုအင်အားပိုများလာသည်။ တရားဟောစင်မြင့်ကြီးနှင့် အတော်ကလေးဝေးသော မြေပေါ်ကြားအောက် ခရောင်းတောကွင်းရိုင်းကြီးထဲက ပိတောက်ပင်ရိပ်မှာ ကျွန်တော်နှင့် ကျွန်တော့်ဇနီးက မတ်တတ်ရပ်လျက်။ လူထုကြားသို့ ကျွန်တော်တို့မတိုးဝှေ့နိုင်။ အဝေးမှပင်သူဘာပြောသွားမလဲဆိုတာ နားစွင့်ကြရတော့မည်။

ကျွန်တော်တို့ ရပ်နေသည့် ပိတောက်ပင်ရိပ်သို့ မူလတန်းကျောင်းသူကျောင်းသားအရွယ်ကလေးငယ်တစ်စု ရောက်လာကြသည်။ သူတို့အားလုံး ဒေါ်အောင်ဆန်းစုကြည်ပုံပါသော တီရှပ်အင်္ကျီများ ဆင်တူဝတ်ဆင်ထားကြသည်။ လူတချို့က သူတို့လေးတွေကို မုန့်နှင့် အချိုရည်ဘူးများ လာရောက်ကာ ဒါနပြုသွားကြသည်။

သားသည် အမေတစ်ယောက် သူခါးထစ်တွင် ချီထားသော နို့စို့အရွယ်ကလေးငယ်လေးကို ဝတ်ဆင်ပေးထားသည်ကလည်း ဒေါ်အောင်ဆန်းစုကြည်ပုံပါသော အင်္ကျီကလေး။ ချစ်စရာလေး။ တချို့ကလေးအဖေ၊ ကလေးအမေများကလည်း သူတို့ ရင်သွေးငယ်လေးများ၏ နဖူးပြင်၊ ပါးပြင်မှာ အနီကြယ်ဖြူ၊ အဝါခွပ်ဒေါင်းပုံပါ စတစ်ကာလေးတွေကပ်ပေးထားကြတာ ချစ်စရာလေးတွေ။

မလှမ်းမကမ်းမှာတော့ အဘွားကြီးတစ်ယောက်က အောင်သပြေပန်းစည်းကိုကိုင်လျက်။ သူကလည်း ကြိုရမည့်သူကို သပြေခက်နှင့်ကြိုတော့မည်ပေါ့။

ဟိုအဝေး ရေတမာပင်လေးအရိပ်မှာတော့ လူငယ်လေးတစ်စုက

ပန်းချီကားချပ်ကြီးတစ်ချပ်ကို ဆေးသားစိုစိုနှင့် လက်သွက်သွက်၊ ရေးချက်ကောင်းကောင်း၊ စုတ်ချက်ညက်ညက်ဖြင့် ထိုင်ရေးနေဆဲ။ သူတို့ရေးနေတာက ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံ။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်၏ပုံ။ ပန်းချီကားကြီးပြီးသွားတော့ ဟိုး ထင်းရှူးပင်ထိပ်ပိုင်းသို့တက်ကာ ချိတ်ဆွဲထားလိုက်ကြပြန်သည်။

ညနေ ၆ နာရီ ဆယ်မိနစ်။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ပရိသတ်ကြီးအား စကားပြောမည့်နေရာသို့ ဒေါ်အောင်ဆန်းစုကြည် ရောက်လာပြီတဲ့။ လူထုပရိသတ်ကြီးက အလံတွေဝှေ့ယမ်း၊ ပန်းတွေလက်ကမ်း၊ ရုပ်ပုံကားချပ်တွေတင့်လျှမ်းလျှမ်းမှာ ကျန်းမာပါစေ၊ ကျန်းမာပါစေ၊ ကျန်းမာပါစေဟု ကြွေးကြော်သံပြုလျက်။ ခဏကြာတော့ ဟိုအဝေး စင်မြင့်ထက်ဆီမှ စကားပြောသံက ပရိသတ်ကြီးဆီဝေ့ဝဲပြီး သဲသဲကွဲကွဲ လွင့်ပျံ့လာသည်။

"အောင်မယ်၊ သူစကားပြောတဲ့အသံလေးကလည်း သူ့မျက်နှာလေးလို ချိုနေတာပဲတော့။ ငါတော့ မသေခင်မှာ သူ့နဲ့စကားပြောဖူးအောင် သူ့နားသွားပြီး စကားပြောချင်သေးတယ်တော့"ဟု ကျွန်တော်တို့နားမှ အဘွားကြီးက အားရပါးရပြောချလိုက်တော့ ဘေးပတ်ဝန်းကျင်က လူတွေ မျက်နှာပြုံးရိပ်ဝေသွားတာ ကျွန်တော် သတိထားလိုက်မိသည်။

အဘွားရယ်၊ အဘွားရော ကျွန်တော်ရော ဒေါ်အောင်ဆန်းစုကြည်နဲ့စကားမပြောဖူးကြသေးပါဘူး။ တစ်ခါမှ မပြောဖူးကြသေးတာပါ။ ဒါပေမဲ့ အဘွားတို့ ကျွန်တော်တို့ လူထုကြီးရဲ့ ရင်ထဲကစကားလုံးတွေကို သူနားလည်နေခဲ့တာ အနှစ် ၂၀ ကျော်ကြာခဲ့ပါပြီ အဘွားရယ်ဟု ကျွန်တော်ပြောလိုက်ချင်ပါသည်။

FACES မဂ္ဂဇင်း

❑

၂၀၂၁ – နှစ်သစ်ကြို
ဝတ္ထု ၁၂ ပုဒ် အစီအစဉ် – ၇